အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.165(2644-2659) ထာဝရနယ်နိမိတ်

.May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၄ -

လျှို့ဝှက်ဆန်းကြယ်သောပုဂ္ဂိုလ်

အဆုံးအစမဲ့အောင် (Thet) ပစ်မယ် ။

၎င်းသည် ယန်ယဲ့၏လမ်းစဉ်ဖြစ်သည်။ ၎င်းကို စကားလုံးတစ်လုံးတည်းဖြင့် အကျဉ်းချုံးရသော် သတ်ဖြတ်ခြင်းတာအို ဖြစ်ပေသည်။

အဘိုးကြီးက အလွန်လျင်မြန်သည်၊ အလင်းထက်ပင် လျင်မြန်နေသည်ဟုပြောနိုင်လောက်သည်။ သူ့ရှေ့မရောက်ခင်မှာတောင် ယန်ယဲ့ဟာ တုံ့ပြန်နိုင်ခဲ့ခြင်းမရှိပေ။

ထို့နောက် သူ့ကိုယ်ပေါ်
တောင်ကြီးတစ်လုံး ပိကျလာသလို
ခံစားလိုက်ရသည်။

ဘမ်း...

ယန်ယွဲ့ သည် ဘာမှမလုပ်နိုင်ဘဲ
ဖိအားကြောင့် နောက်သို့
ဆက်တိုက်ပြန်ဆုတ်သွားရသည်။

ဆူး ....ဆူး ....ဆူး....

ကျယ်လောင်လှသော

အာကာသပွင့်ထွက်သံများ

ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အခြားနေရာမှ မဟုတ်ဘဲ ယန်ယဲ့၏

ခြေထောက်အောက်က

နေရာပင်ဖြစ်သည်။

ယန်ယွဲ့က သူ၏ညာခြေကို

ရုတ်ချည်းဆောင့်နင်းလိုက်ရာ

ဓားအူသံတစ်သံ ထွက်ပေါ်လာသည်။

ဘမ်း....

ယန်ယွဲ့ရှေ့တွင် ဓားစွမ်းအင်တစ်စင်း

ဆင်းသက်လာသည်။ ဤအချိန်တွင်

ပြင်းထန်သောဖိအားကြောင့် သူ့ရှေ့ရှိ

အာကာသပြင်က

အပိုင်းကိုင်းဖြတ်တောက်ခံလိုက်ရသည်။

သို့သော်လည်း လက်ဝါးတစ်ဖက်က

ယန်ယဲ့၏ရင်ဘတ်ကို ရုတ်တရက်

ထိမှန်သွားသည်။

အုန်း....

ယန်ယဲ့၏ခန္ဓာကိုယ်က

လေးကိုင်းသဏ္ဍာန် ကွေးညွတ်ကာ

လွင့်ထွက်သွားခဲ့သည်။

သူ၏ ရင်ဘတ်ပေါ်တွင် မြင်သာသော

လက်ဝါးရာကြီးရှိနေသည်။

ယန်ယဲ့က သူ့ရင်ဘတ်ကို

ငုံ့ကြည့်လိုက်သည်။

ခလွပ်

အက်ကွဲသံအချို့ ထွက်ပေါ်လာပြီးနောက်

သူ့ခန္ဓာကိုယ်အနှံ့ကနေ

မရေမတွက်နိုင်သော ချပ်ဝတ်တန်ဆာ

အပိုင်းအစများ ပြုတ်ကျသွားသည်။

မူလချပ်ဝတ် ပျက်စီးသွားပြီ ။

ပြန်ပြင်လို့မရတော့ပေ၊

လုံးဝပျက်စီးသွားပြီ။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

မူလတာအိုသခင် .....

မူလတာအိုသခင် တစ်ပါးဟာ

ဘယ်လောက်တောင်

ကြောက်စရာကောင်းမှန်း

သိသာပါသည်။ တစ်ချက်တည်း

တိုက်ခိုက်လိုက်ရုံနဲ့တင် သူ၏

မူလချပ်ဝတ် ကို ဖျက်ဆီးပစ်လိုက်သည်။

"အရှင်ရှောင်လော့.... "

ဤအချိန်တွင် သူ့စိတ်ထဲ၌

အရှင်ရှောင်လော့ ကို ပြန်တွေးနေမိသည်။

သူသည် အရှင်ရှောင်လော့ ကို

တိုက်ခိုက်မှုသုံးကြိမ်ဖြင့်

သတ်နိုင်ခဲ့သည်မှာ အတော်လေး

ကံကောင်းသွားသည်ဟု ပြောရပေမည်။

သို့သော် ယခုအချိန်တွင် သူ့မှာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ သို့မဟုတ်

ဓားစိတ်ဆန္ဒ တစ်ခုပင် မကျန်တော့ပေ။

နယ်မြေစွမ်းအားဖြစ်သည့် ဓားနယ်မြေ

သာလျှင် ကျန်ရှိခဲ့သည်။

သို့သော်၊ သူသည် ဓားနယ်မြေကိုသုံးပြီး မူလတာအိုသခင် ကို သတ်ချင်ပါက ခဲယဉ်းပေမည်။ မဖြစ်နိုင်သလောက်ပင်။

"နတ်ရတနာချပ်ဝတ်တွေ..."
အဘိုးကြီးက “ငါ့ရဲ့တိုက်ခိုက်မှုကို တကယ်ခံနိုင်ရည်ရှိတဲ့အတွက် ဒါဟာ တော်တော်ကောင်းတဲ့ ချပ်ဝတ်တန်ဆာပဲ။ မင်းမှာ နောက်တစ်ခု ထပ်ရှိသေးလားလို့ တွေးမိတယ်"

ထိုစကားပြောပြီးသည်နှင့် အဘိုးကြီးက အရိပ်တစ်ခုသဖွယ်ပြောင်းကာ နေရာမှာတင် ပျောက်ကွယ်သွားသည်။

ဤအချိန်မှာ သူ့ရှေ့တွင် မီးတောက်လုံတစ်ချောင်းပေါ်လာပြီး ထိပ်ဖျားမှ မီးပွားများ လွင့်စင်လာသည်။

အန်နန်ကျင်းက တိုက်ပွဲကို
ဆက်ပြီးကြည့်မနေနိုင်တော့ဘဲ
တိုက်ခိုက်လိုက်တာဖြစ်သည်။

အဘိုးကြီး၏ လက်တစ်ဖက်က
ရုတ်ချည်းဆန့်ထွက်လာပြီး
မီးတောက်လုံးကို ပုတ်လိုက်သည်။

ဘုန်း...

မီးတောက်လုံက

ပြင်းထန်စွာတုန်ခါပြီးနောက်

မီးပွားများလည်း

ပျောက်ကွယ်သွားသည်။

အန်နန်ကျင်း၏ မျက်လုံးများသည်

အနည်းငယ်ကျဥ်းမြောင်းသွားကာ

ဘယ်ခြေကိုတစ်ချက်ဆောင့်လိုက်သည်။

ထို့နောက် လေထဲသို့ခုန်တက်ပြီး

လုံရိုးကိုဖြတ်ကန်လိုက်လေသည်။

ဘမ်း…

လုံက လေးညှို့ပစ်လွှတ်လိုက်သော မြှားတစ်စင်းကဲ့သို့ ရှေ့သို့ ပြေးထွက်သွားသည်။

ဆူး….

လုံ ဖြတ်သန်းသွားသည့် နေရာတိုင်းတွင်
အာကာသသည် ပင်လယ်ရေကဲ့သို့
လှိုင်းတွန့်များထလာသည်။

မီးတောက်လုံ့က မီးပွားများ
တဖြန်းဖြန်းလွင့်စင်လျက်
အဘိုးကြီးရှေ့သို့ ရောက်လာသည်။
သို့သော်လည်း
အဘိုးကြီး၏ပါးစပ်ထောင့်တွင်
အေးစက်စက်အပြုံးတစ်ခုပေါ်လာပြီး

ဘေးဖက်သို့ အနည်းငယ်ရွေ့ကာ
ရှောင်လိုက်သည်။

မီးတောက်လုံးက သူ့အတွက် မမြန်ပေ၊
အနည်းငယ်ပင် နှေးကွေးလွန်းသည်ဟု
ပြောသင့်သည်။

ဤအချိန်မှာပဲ ဓားတစ်ချောင်းက
အဘိုးကြီး၏ခေါင်းပေါ်သို့
တည့်တည့်ခုတ်ချလာသည်။

အဘိုးကြီးက ဂရုမစိုက်သော

မျက်နှာပေးဖြင့် အပေါ်ကို

မော့ကြည့်လိုက်သည်။ ဓားက

ပိုင်းချလိုက်သော်လည်း

လေထုကိုသာပိုင်းမိသွားသည်။

ဘမ်း... ဘမ်း...

ပေါက်ကွဲသံနှစ်ခု ကျယ်လောင်စွာ
ထွက်ပေါ်လာပြီးနောက် ပုံရိပ်နှစ်ခု
လွင့်ထွက်လာသည်။

အဘိုးကြီးတော့ မဟုတ်ပေ၊ ယန်ယွဲ့နှင့်
အန်နန်ကျင်းတို့ပင်ဖြစ်သည်။

မြေကြီးပေါ်ကို ပြုတ်ကျလာပြီးနောက်
သူတို့အောက်ရှိ မြေပြင်က
ပြိုကျသွားသည်။

တစ်ချိန်တည်းမှာပင် နှစ်ယောက်စလုံး

ပါးစပ်ထောင့်မှ သွေးများ

အန်ထွက်လာသည်။

ဤအချိန်တွင် အဘိုးကြီးက အနည်းငယ်

ပြုံးလိုက်သည်။ သူ့အပြုံးက

ရက်စက်ကြမ်းကြုတ်မှုအပြည့်ပါ။

ထို့နောက်တွင် သူ၏ညာလက်ကို

ဖြည်းညှင်းစွာ ဆန့်ထုတ်လိုက်ပြီး

လက်ဝါးကို မျက်နှာမှုကာ

ဆုပ်ထားလိုက်သည်။ ထိုခဏလေးတွင်

မီတာရာချီကျယ်ပြန့်သော ဧရိယာသည်

တုန်ခါသွားတော့သည်။

ခလွပ်.... ခလွပ်....

အာကာသကို ကြိတ်စက်ထဲ၌

ထည့်ထားလိုက်သလိုပင်။

ကြောက်မက်ဖွယ်စွမ်းအင်လှိုင်းများက

ပတ်ဝန်းကျင်ရှိ အရာအားလုံးကို
အဆက်မပြတ်ဖိသိပ်နေသည်။
ယန်ယဲ့နှင့် အန်နန်ကျင်းတို့သည်
ဤအရာအားလုံး၏ အလယ်ဗဟိုတွင်
ရှိနေကြသည်။

စွမ်းအင်လှိုင်းများ ဖိချလာသည်နှင့်
တပြိုင်နက် နှစ်ယောက်စလုံး ၎င်းတို့၏
ခန္ဓာကိုယ်အား မြင်းကောင်ရေ

တစ်သန်းဖြင့် တရှုတ်ဆွဲသွားသလို
ခံစားလိုက်ရသည်။

ယန်ယဲ့က သူ၏ခါးကို လက်နှစ်ဖက်ဖြင့်
တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားပြီး
ဆန်းကြယ်ချီစွမ်းအင်များ
တဟုန်ထိုးမြင့်တက်လာလေသည်။
ထို့နောက် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။
ခဏအကြာတွင် ရုတ်တရက်

မျက်လုံးဖွင့်လိုက်သည်နှင့်

သူ၏အရှိန်အဝါက

ရုတ်ချည်းပြောင်းလဲသွားကာ ဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

ခုတ်ချလိုက်သည်။

အနန္တဓားနယ်မြေ…

အဘိုးကြီးက ချက်ချင်းပင်

လွင့်ထွက်သွားသည်။ ထိုအခါ

ပုံပျက်နေသော အာကာသလည်း
ပုံမှန်ပြန်ဖြစ်သွားသည်။

အဘိုးကြီးက သူ့လက်ကို
ငုံ့ကြည့်လိုက်သည်။ သူ၏
ညာလက်တစ်ဖက်လုံး
ကွဲထွက်သွားသည်။ လက်တစ်ဖက်လုံးက
သွေးများ အဆက်မပြတ်ထွက်ကာ
စီးကျနေခဲ့သည်။

ခဏကမျှတိတ်ဆိတ်သွားပြီးနောက်

အဘိုးကြီးက မော့ကြည့်လိုက်သည်။

ဤအချိန်တွင် ယန်ယွဲ့နှင့် အန်နန်ကျင်း

တို့နှစ်ယောက်စလုံး

ပျောက်ကွယ်သွားခဲ့သည်။

အဘိုးကြီး၏မျက်လုံးထဲမှ

ပြင်းထန်သော အလင်းတန်းတစ်ခု

တောက်ပလာပြီး "မင်းတို့

လွတ်မြောက်နိုင်မယ် ထင်လား။

ဘယ်လောက်ရယ်စရာကောင်းလိုက်သ

လဲ"

ထိုစကားပြောပြီးသည်နှင့် ဤနေရာသည်

ရုတ်တရက် တုန်ခါသွားပြီးနောက်

အဘိုးကြီးဟာ ဖျတ်ခနဲ

ပျောက်ကွယ်သွားသည်။

...

အာကာသပြင် အဝေးတစ်နေရာတွင်

ဓားတစ်လက်က

လေထုကိုဖြတ်ကာပျံသန်းနေခဲ့သည်။

ယန်ယွဲ့နှင့် အန်နန်ကျင်း

တို့နှစ်ယောက်သား

ဓားပျံပေါ်တွင်စီးနင်းပြီးထွက်ပြေးနေကြ

သည်။

ဓားပျံအရှိန်က

သာမန်မျက်စိဖြင့် မြင်ရန်ပင်
မဖြစ်နိုင်လောက်အောင်အထိ
အလွန်လျင်မြန်လှသည်။

သို့သော်
နှစ်ယောက်စလုံး၏မျက်နှာများက
ဖြူဖျော့နေခဲ့သည်။

သူတို့နှစ်ယောက် ပေါင်းထားသည့်တိုင်
အဘိုးကြီးကို မယှဉ်နိုင်ခဲ့ပေ။

ပထမဆုံးအကြိမ် တိုက်ခိုက်ပြီးနောက်

ယန်ယဲ့ သည် မူလတာအိုသခင် ကို

မယှဉ်နိုင်မှန်း

ကောင်းကောင်းသဘောပေါက်သွားသည်

။ အကယ်၍ သူ၏ ဖန်ဆင်းရှင်အဆင့်

စိတ်ဆန္ဒ နှစ်ခုသာ

ပြန်ရရင်တောင့်ဖြစ်နိုင်ပါသေးသည်။

သို့တိုင် အချို့သောနည်းလမ်းများ

သုံးမထားပါက

ဖန်ဆင်းရှင်အဆင့်စိတ်ဆန္ဒနှစ်ခုရှိနေလျှ
င်ပင်မဖြစ်နိုင်ပါ။

မူလတာအိုသခင်များက
သူထင်ထားသည့်ထက် များစွာ
အားကောင်းနေခဲ့သည်။

ဤအချိန်မှာပဲ ဓားပျံက ရုတ်တရက်
ရပ်တန့်သွားသည်။

ယန်ယဲ့၏မျက်လုံးများက

ကျဉ်းမြောင်းလာပြီး သူ့လက်ထဲ၌

ဓားတစ်ချောင်းပေါ်လာသည်။

သူတို့ရှေ့တွင် အဘိုးကြီးတစ်ယောက်

ရပ်နေခဲ့သည်။

မူလမျိုးနွယ်၏ ဒုတိယဘိုးဘေး

ပင်ဖြစ်သည်။

အဘိုးကြီးက ယန်ယွဲ့ကို အေးစက်စွာ

စိုက်ကြည့်ရင်း

"အရှိန်ချင်းပြိုင်နေသလား။ မင်းက

ကိုယ့်အဆင့်ကို တကယ် မသိတာပဲ"

ထိုစကားပြောပြီးသည်နှင့် ညာခြေကို

နင်းလိုက်သည်။

ဘမ်း....

အာကာသထဲမှ
ပြင်းထန်သောစွမ်းအင်ကြိုးမျှင်တစ်ချော
င်း ရုတ်တရက် ထွက်လာသည်။
ထို့နောက် ဆူနာမီလှိုင်းလုံးကြီးအလား
ယန်ယဲ့နှင့် အန်နန်ကျင်းတို့နှစ်ယောက်ကို
ရိုက်ခတ်သွားလေသည်။

အန်နန်ကျင်း က ဒေါသမီးတောက်လှံကို
တင်းတင်းဆုပ်ကိုင်လိုက်ပြီး ရှေ့သို့
ပစ်လွှတ်လိုက်သည်။

ဆူး....

မီးတောက်လုံက
မီးနဂါးကြီးတစ်ကောင်အလား ရှေ့သို့
တောက်လျှောက်ပြေးထွက်သွားသည်။

ပြင်းထန်သော မီးတောက်များက
ကောင်းကင်တစ်ခုလုံးကို

သွေးနီရောင်ပြောင်းသွားစေသည်။
ဤအချိန်တွင် ကောင်းကင်တစ်ခုလုံး
ပူလောင်နေပါသည်။

သို့သော် အဘိုးကြီးထံမှ
ထွက်ပေါ်လာသော ဖိအား နှင့်ယှဉ်ပါက
မြေမှုန်လေးတစ်မှုန်လောက်သာရှိလေသ
ည်။ တိုက်မိသည်နှင့် တပြိုင်နက်
အန်နန်ကျင်း၏တိုက်ခိုက်မှုဟာ

ခဏာပင်မကြာလိုက်ဘဲ

ပြိုကွဲသွားပါတော့သည်။

ဤအချိန်တွင် ခေါင်းအူသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာပြီးနောက်

ကောင်းကင်ယံအထက်မှ

ခေါင်းစွမ်းအင်တစ်စင်း

ဆင်းသက်လာသည်။

ဘမ်း....

ဓားစွမ်းအင်က ကြားကွက်လပ်အလွှာကို ပိုင်းဖြတ်ကာ

စွမ်းအင်တွင်းနက်ကြီးတစ်ခုဖန်တီးလိုက်သည်။ သို့သော် ယန်ယွဲ့နှင့်

အန်နန်ကျင်းရှေ့တွင်

ရောမလက်ကြီးတစ်ဖက်ရုတ်တရက်ပေါ်လာသည်။

လက်က ညင်သာစွာပင်

လှုပ်ယမ်းသွားသည်။

ဘမ်း...

နှစ်ယောက်စလုံး

လွင့်ထွက်သွားကြသည်။ သို့သော်လည်း

ဘာထိခိုက်ဒဏ်ရာမှ မရခဲ့ပေ။

အဘိုးကြီးက ယန်ယဲ့နှင့် အန်နန်ကျင်း
တို့အားစူးစိုက်ကြည့်နေသည်။
သူ၏မျက်လုံးထဲမှာလည်း
လေးနက်သောအရိပ်အယောင်များ
ထွက်ပေါ်လာသည်။

အံ့သြစရာပဲ...

ဤအခိုက်အတန့်တွင် အဘိုးကြီးက
စိတ်ထဲ၌ အလွန်တုန်လှုပ်သွားလေသည်။

သူ့ရှေ့ရှိ စုံတွဲက ပညာရှင်

အတွတ်အထိပ်အဆင့်များသာ။

ဖန်ဆင်းရှင်များတောင် မဟုတ်ခဲ့ပေ။

သို့သော်လည်း ထိုကျင့်ကြံသူစုံတွဲဟာ

သူ့အား အချိန်တော်တော်ကြာသည်အထိ

တိုက်ခိုက်နိုင်ကြသည်။ ထို့အပြင်

တစ်ခါတစ်လေ

တန်ပြန်တိုက်ခိုက်တာမျိုးပင်

ရှိနေသေး၏။

သူ့အမြင်မှာ ထိုစုံတွဲက

သာမန်မဟုတ်ပေ။

ထိုနှစ်ယောက်၏ ပင်ကိုယ်စွမ်းရည်သည်

မူလမျိုးနွယ်၏ ထိပ်တန်း

ညာဏ်ကြီးရှင်များထက်ပင်

အားမနည်းလှပါ။

ကြောက်စရာအကောင်းဆုံးအပိုင်းမှာ ယန်ယွဲ့သည် ကမ္ဘာခေတ်ဦးမှ နတ်ရတနာ ၃ ပါးကို ပိုင်ဆိုင်ထားခြင်းပင်။

သူတို့ သေရမယ် ။

အဘိုးကြီး၏စိတ်ထဲတွင် ပြတ်သားသောအတွေးတစ်ခုပေါ်လာသည်။ ရှေးဟောင်းမျိုးနွယ်စုကြီးမှ ဘိုးဘေးတစ်ယောက်အနေဖြင့် သူသည်

ဤသဘောတရားကို

ကောင်းစွာသိရှိခဲ့သည်။

ညဏ်ကြီးရှင်များနှင့် ရန်သူဖြစ်လာလျှင်

၎င်းကိုလွှတ်ပေးလိုက်ပါက

အင်အားကြီးလာသည်နှင့်

သေချာပေါက်ကို အသတ်ခံရပေမည်။

ထို့ကြောင့် ညဏ်ကြီးရှင်များ

အပြည့်အဝအင်အားကြီးမလာခင်

ဖယ်ရှားတာကသာအကောင်းဆုံးဖြစ်သ
ည်။

ခဏအကြာတွင် အဘိုးကြီးက
သူ့အတွေးများကို ထိန်းလိုက်ကာ
ယန်ယဲ့နှင့် အန်နန်ကျင်း
ကိုစိုက်ကြည့်နေလေသည်။ ဒီအချိန်မှာ
သူ့အကြည့်များက အေးခဲလာကာ
မျက်လုံးထဲကနေ

ပြင်းထန်သောလူသတ်လိုစိတ်များ
တောက်ပလာလေသည်။

သူက ဘာမှထပ်မပြောဘဲ
လေထဲကိုခုန်တက်လိုက်သည်။ ထို့နောက်
လက်ဝါးတစ်ဖက်ဆန့်ထုတ်ကာ
ကောင်းကင်တစ်ခုလုံးအား
ဖုံးလွှမ်းထားသော
ရောမလက်ဝါးကြီးတစ်ဖက်
ဖန်တီးလိုက်ပါတော့သည်။

တစ်ချိန်တည်းတွင် ရောမလက်ဝါးကြီးက အောက်သို့ ကျဆင်းလာကာ ယန်ယဲ့နှင့် အန်နန်ကျင်း တို့အား ဖိချလိုက်သည်။

အုန်း...

ဤအချိန်တွင် ကောင်းကင်ကြီး ပြိုကျလာသလိုထင်ရ၏။ ကြောက်မက်ဖွယ်ရာဖိအားလှိုင်းကြီး

ကျဆင်းလာသည်။ ဒီအချိန်မှာ ယန်ယဲ့နှင့်
အန်နန်ကျင်းတို့၏အမူအရာများသည်
ရုတ်ချည်း ပြောင်းလဲသွားခဲ့သည်။

ဤတိုက်ခိုက်မှုကိုသာ မခုခံနိုင်လျှင်
နှစ်ယောက်လုံး ငရဲရောက်သွားဖို့
သေချာသလောက်ဖြစ်သည်။

နှစ်ယောက်သား
အကြည့်ချင်းဖလှယ်ကြပြီးနောက်

ဓားစွမ်းအင်နှင့်
မီးတောက်အလင်းတန်းတစ်ခု လေထဲသို့
လွင့်ပျံလာသည်။

ဘမ်း.... ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံနှစ်ခု
ထွက်ပေါ်လာပြီး အသံလှိုင်းက
ပတ်ဝန်းကျင်တစ်လျှောက်ကို
ရိုက်ခတ်သွားသည်။

အထက်အာကာသသည်

ချက်ချင်းပင်ဝါးမျိုခံလိုက်ရသည်။

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်သည်

ပြင်းထန်စွာ တုန်ခါလာတော့သည်။

ထို့နောက် ပုံရိပ်နှစ်ခုဟာ လေထဲကနေ

ကျဆင်းလာကာ မြေပြင်ပေါ်သို့

ပြုတ်ကျသွားသည်။

"သေလိုက်စမ်း..." ဤအချိန်တွင် အထက်မှ ဒေါသတကြီးအော်သံ ထွက်ပေါ်လာသည်။ ထို့နောက် အာကာသထဲမှ ရောမလက်ဝါးကြီးတစ်ဖက် ထွက်ပေါ်လာပြီး အောက်မြေပြင်ပေါ်သို့ ဖိချလိုက်လေသည်။

ဘုန်း...

အဆုံးအစမဲ့ဟုထင်ရသော

ရောမတွင်းနက်ကြီး တစ်ခု

ဖြစ်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

တွင်းနက်ကြီးထဲမှဓားအူသံတစ်သံ

ပဲ့တင်ထပ်ကာ မြေကြီးထဲကနေ

ဓားစွမ်းအင်များ ထွက်ပေါ်လာသည်။

သို့သော် ချောက်နက်ထဲမှ

ထွက်လာသည်နှင့် တစ်ပြိုင်နက်

ပေါက်ကွဲသွားကာ ကြောက်မက်ဖွယ်
စွမ်းအင်အလင်းတန်းများ ရုတ်ခြည်း
ကျဆင်းလာသည်။

ဘမ်း...

မြေပြင်အောက်မှ ပေါက်ကွဲသံကြီး
ကျယ်လောင်စွာ ထွက်ပေါ်လာသည်။
မီတာရာချီကျယ်ပြန့်သော ဧရိယာသည်
လျင်မြန်စွာ ပြိုကျလာသည်။

အဘိုးကြီးက လေထဲမှာ ရပ်နေရင်း သူ၏ ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးဖြင့် "ဒါကို အဆုံးသတ်ဖို့ အချိန်တန်ပြီ"

ပြောပြီးနောက် တိုက်ခိုက်ရန်ပြင်လိုက်စဉ် အဖြူရောင်အလင်းတန်းများ

ရုတ်တရက် လင်းလက်လာပြီး

မြေအောက်ထဲသို့ တိုးဝင်သွားခဲ့သည်။

အဘိုးကြီး၏ မျက်နှာသည် ချက်ချင်းပင်

သိသိသာသာ ပြောင်းလဲသွားကာ "မင်း

လုပ်ရဲသလား"

ဒေါသတကြီးအော်လိုက်ပြီးနောက်

မြေကြီးထဲသို့

ချက်ချင်းထိုးဆင်းလိုက်သည်။ ထိုအခါ

မြေအောက်ထဲမှ ပြင်းထန်သော

စွမ်းအင်ကြိုးမျှင်တစ်ချောင်း

တက်လာသည်။

ဘမ်း...

စွမ်းအင်ကြိုးမျှင်က

အဘိုးကြီးအားထိမှန်သွားပြီး

ယခင်မတ်တပ်ရပ်နေသည့်နေရာကို

ပြန်တွန်းပို့လိုက်သည်။

သို့သော် သိပ်မကြာလိုက်ဘဲ

အဘိုးကြီးက နောက်တစ်ကြိမ်

ပြန်ဆင်းသွားသည်။

မြေအောက်ထဲ သို့ရောက်လာသောအခါ

ယန်ယဲ့နှင့်

အမည်မသိအဖြူရောင်အလင်းတန်းက

ပျောက်ကွယ်သွားကြောင်းမြင်လိုက်ရသ

ည်။

သူ့ရှေ့တွင် အမျိုးသမီးတစ်ယောက်သာ လဲလျောင်းနေ၏။

အန်နန်ကျင်း ပင်ဖြစ်သည်။

ဤအချိန်တွင် အန်နန်ကျင်း၏ ပါးစပ်ထောင့်မှ သွေးများ အဆက်မပြတ်အန်ထွက်လာကာ ဒဏ်ရာပြင်းထန်လာပြီး သတိလစ်သွားခဲ့သည်။

အဘိုးကြီး၏မျက်နှာက

အတော်လေးကိုကြည့်ရဆိုးနေလေသည်

“ဘယ်သူဝင်ရှုပ်တာလဲ”

ခဏအကြာတွင် သူက အန်နန်ကျင်းကို

စိုက်ကြည့်ကာ “ဟမ်…၊ ငါ့ဆီမှာ

မင်းရှိနေသရွေ့တော့ ယန်ယဲ့က

မလာဘဲမနေဘူးဆိုတာသေချာတယ်။"

ထိုစကားပြောပြီးနောက်

သူ၏ညာလက်ကို ဝှေ့ယမ်းကာ

အန်နန်ကျင်း နှင့်အတူ

ပျောက်ကွယ်သွားခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့စားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၅ - ဖန်ဆင်းရှင်အဆင့်သို့တက်လှမ်းခြင်း (ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့် Thetဖြတ်ခြင်းစိတ်ဆန္ဒ)

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့သည် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်။ သူထထိုင်ရန်ပြင်လိုက်စဉ် ဗိုက်ထဲကနေ

နာကျင်ကိုက်ခဲလာသည်ကို
ခံစားလိုက်ရသည်။

"ဟမ်...." ယန်ယဲ့သည် ပြင်းထန်သော
နာကျင်မှုကို အံကြိတ်ခံကာ ထထိုင်ရန်
ပြင်လိုက်သော်လည်း
လက်နှစ်ဖက်စလုံးမလှုပ်နိုင်တော့သဖြင့်
တုန်လှုပ်သွား၏။

သူ့ခြေထောက်နှစ်ဖက်ပင်

လှုပ်လို့မရတော့ပေ။

အချိန်တော်တော်ကြာမှ

သူ၏အခြေအနေကို သိရှိသွားခဲ့သည်။

ဤအခိုက်အတန့်တွင် သူသည်

မှောင်မဲနေသော

အခန်းတစ်ခုထဲ၌ရှိနေ၏။

သူ၏ခြေလက်များကို

သံမဏိကြိုးများဖြင့်
ချည်နှောင်ထားခဲ့သည်။

ထို့အပြင် ဓားမြှောင်တစ်ချောင်းက
သူ့ဗိုက်ကိုစိုက်ဝင်နေသည် ။

သူ၏ ဆန်းကြယ်ချီစွမ်းအင်ကို
ထုတ်ဖော်လိုက်လျှင် ဓားမြှောင်က
ရှေ့တိုးလာပြီးသူ့အသက်ကို
တစ်ခါတည်းနှုတ်ယူသွားပေမည်။

ယန်ယဲ့သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

အစောပိုင်းက ဖြစ်ပျက်ခဲ့သမျှကို

ပြန်မြင်ယောင်ကြည့်နေတာပါ။

ထိုအချိန်တွင် သူနှင့် အန်နန်ကျင်းက

မူလမျိုးနွယ်၏ဒုတိယဘိုးဘေးကို

တိုက်ခိုက်နေကြတာဖြစ်သည်။

အဘိုးကြီးက သူတို့နှစ်ယောက်လုံးအား ဖိနှိပ်ထားသော်လည်း မသတ်နိုင်ခဲ့ပေ။ သို့သော်လည်း သူတို့နှစ်ယောက် မြေကြီးထဲကိုတိုးဝင်လာချိန်တွင် အဖြူရောင်အလင်းတန်းတစ်ခုရုတ်တရက်ပေါ်လာခဲ့သည်။ ထို့နောက် အဖြူရောင်အလင်းတန်းက သူ့ကို တိုက်ခိုက်ခဲ့သည်။

ယန်ယဲ့ ဆက်တွေးနေစဉ်မှာပဲ....

"နိုးပြီလား" အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
တံခါးအပြင်ဖက်မှ
အဖြူရောင်အလင်းတန်းတစ်ခု
ဝင်လာသည်။

ယန်ယဲ့ သည်
သူ၏မျက်လုံးများကိုဖွင့်ကာ
တစ်ချက်ကြည့်လိုက်သည်။ ထိုအခါ

အဖြူရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။

ယန်ယဲ့က “သူမ ဘယ်မှာလဲ” ဟု

မေးလိုက်သည်။

အမျိုးသမီးက

"မူလမျိုးနွယ်ရဲ့လက်ထဲမှာ...."

ထိုစကားကိုကြားသောအခါ ယန်ယဲ့သည်

သိသိသာသာ

စိတ်သက်သာရာရသွားသည်။

သူ၏လက်သီးဆုပ်များကို ဖြည်းညှင်းစွာ

ဖြေလျှော့လိုက်သည်။ ထို့အပြင်

သူ့မျက်လုံးထဲရှိ သွေးပင်လယ်လည်း

တဖြည်းဖြည်း

ပျောက်ကွယ်သွားခဲ့သည်။

ကျင်းအာ၊ သူမ အသက်ရှင်နေသေးတယ်

။

ထို့နောက်

"ငါဘယ်ကိုရောက်နေတာလဲ"ဟုထပ်မေး

လိုက်၏။

အမျိုးသမီးက

"အဖြူရောင်ကေရာဇ်မြို့တော်..."

ယန်ယဲ့က ခေါင်းခါလိုက်သည် "ဒါကို
တစ်ခါမှ မကြားဖူးဘူး"

အမျိုးသမီး က ယန်ယဲ့ ဆီသို့
ဖြည်းညှင်းစွာ လျှောက်လာသည်။
ဤအချိန်တွင် ယန်ယဲ့ သည်
သူမ၏အသွင်အပြင်ကို
မြင်လိုက်ရသည်။ အမျိုးသမီးက
အလွန်အရပ်ရှည်ပြီး
ခန္ဓာကိုယ်အချိုးအစားကျနကာ

သွယ်လျလှပသောအသွင်အပြင်ရှိသည်။

ထိုအမျိုးသမီး၏အလှတရားက

သူတွေ့ဖူးသမျှ အမျိုးသမီးတိုင်းနှင့်

တန်းတူရှိကြောင်း ပြောနိုင်ပါသည်။

သို့သော် သူမ၏မျက်နှာက မွေးရာပါ

မောက်မာသော အရိပ်အယောင်ကို

ထုတ်လွှတ်ထားခဲ့သည်။ အရာအားလုံးက

သူမအတွက်

ပုရွက်ဆိတ်တစ်ကောင်လိုပင်။

ယန်ယဲ့သည် အတော်လေး

စိတ်မသက်မသာခံစားလိုက်ရသည်။

အမျိုးသမီး၏အကြည့်များက ယန်ယဲ့၏

ဝမ်ယဗိုက်ဆီသို့ ရွေ့လျားသွားပြီး

"နင့်ဗိုက်ကို လှီးဖြတ်ပစ်လိုက်တာပဲ။

ဒါပေမဲ့ မူလစေတီက နင့်ရဲ့ခန္ဓာကိုယ်နဲ့

တစ်သားတည်း ပေါင်းစည်းထားမယ်လို့

မမျှော်လင့်ဘူး။ အတင်းအကြပ်

ထုတ်ယူလိုက်ရင်ပျက်စီးသွားလိမ့်မယ်။
ဒါဆို နင်ကိုယ်တိုင်
ငါ့ကိုလက်လွှဲပေးရမယ်"

ယန်ယဲ့က အမျိုးသမီးကို
မျက်လုံးချင်းတည့်တည့်ကြည့်ကာ
"မင်းဘယ်လိုထင်လဲ"ဟုပြန်မေးလိုက်ပါ
သည်။

အမျိုးသမီးက ယန်ယဲ့ကို အကြာကြီး

စိုက်ကြည့်နေသည်။ ဒီအချိန်မှာ

သူမ၏လက်ညှိုးကို

ရုတ်တရက်ပွတ်ဆွဲလိုက်သည်။

ထိုသို့လုပ်လိုက်သည်နှင့်

ယန်ယဲ့၏ဗိုက်မှာစိုက်ဝင်နေသော

ဓားမြှောင်က

အနည်းငယ်နစ်ဝင်သွားသည်။

ယန်ယဲ့ သည် ချက်ချင်းပင်

ပြင်းထန်သောနာကျင်မှုကိုခံစားလိုက်ရ

လေသည်။ သို့သော်လည်း

သူ့မျက်နှာပေါ်တွင်

ခံစားချက်မဲ့နေခဲ့သည်။

ခဏကြာပြီးနောက် အမျိုးသမီးက

ရပ်လိုက်ပြီး "နင်သေချင်လား"

ယန်ယွဲ့က ခေါင်းခါလိုက်သည် "ငါ

အသက်ရှင်ချင်တယ်"

သူမက "ဒါပေမဲ့ ငါမြင်ရသလောက်တော့

နင့်ကြည့်ရတာ သေချင်နေသလိုပဲ"

ယန်ယွဲ့က ရယ်မောလိုက်ပြီး "ငါသူတို့ကို

အပ်လိုက်ရင်

ငါချက်ချင်းသေမှာပဲမဟုတ်လား"

“နင်ကိုယ်တိုင် လက်လွှဲမပေးရင်တော့

မသေခင်

တော်တော်လေးနာကျင်ရလိမ့်မယ်”

အမျိုးသမီးက လစ်လျူရှုကာ

ပြန်ဖြေသည်။

ယန်ယဲ့က သူမကို

တည့်တည့်စိုက်ကြည့်ပြီး

"ငါ့ကိုသေချာကြည့်လိုက်။ မင်းအမြင်မှာ ငါယန်ယဲ့က နာကျင်ရမှာကို ကြောက်တဲ့လူနဲ့တူသလား"

အမျိုးသမီးက ခန်းမအပြင်ဖက်သို့ ရုတ်တရက်လှည့်ကြည့်ကာ "အဖြူရောင်ကေရာဇ်မြို့တော်မှ ယင်ချီလွှန်တဲ့နေရာတစ်ခုရှိတယ်၊ ဒါဟာ ဒီမြို့ရဲ့ တားမြစ်နယ်မြေတွေထဲက တစ်ခုလို့ပြောသင့်တယ်။ အဲဒီနေရာက

မရေမတွက်နိုင်တဲ့

သေလွန်သူဝိညာဉ်တွေကို

နေရာပေးထားတာလေ။

ဒေါသစိတ်တွေနဲ့ပြည့်နှက်နေပြီးတော့

အဲဒီဝိညာဉ်တွေအားလုံးဟာ

သနားစရာကောင်းလောက်အောင်

သေဆုံးသွားသူတွေချည်းပဲ။

သူတို့နယ်မြေထဲကို

တစ်စုံတစ်ယောက်ဝင်လာတာနဲ့
ဘယ်သူဖြစ်ဖြစ် လက်စား
ချေဖို့ ကြိုးစားကြတယ်”

ထိုစကားပြောပြီးနောက် ယန်ယွဲ့အား
စိုက်ကြည့်လိုက်ပြီး "ဒါတွေအားလုံးက
တော်တော်ကြောက်စရာကောင်းတဲ့
နာကျင်စရာ အတွေ့အကြုံတွေဖြစ်တယ်။
နင် အဲဒါတွေ အားလုံးကို

ခံစားကြည့်မလား။ သေချာပါတယ်၊

နှင့်အတွက်

တော်တော်လေးအံ့သြစရာဖြစ်မှာပါ။

တစ်ခုတော့ ပြောရဦးမယ်။

တစ်ခါတုန်းက

မူလတာအိုတစ်ပိုင်းအဆင့်တစ်ယောက်

အဲဒီနေရာကိုဝင်သွားခဲ့တယ်၊ သူ

ဘာဖြစ်သွားလဲ သိလား။

တစ်နာရီတောင်မပြည့်သေးဘဲ

အသတ်ခံလိုက်ရတယ်။

ကံကောင်းပါစေ"

ထိုစကားပြောပြီးနောက် ယန်ယဲ့ နှင့်အတူ

နေရာမှာပဲ ပျောက်ကွယ်သွားခဲ့သည်။

...

ကောင်းကင်ယံတွင်

မှောင်မိုက်နေသော

တိမ်တိုက်များဖုံးလွှမ်းထားပြီး

နေအလင်းရောင်ခြည်

လုံးလုံးမကျဆင်းသောနေရာတစ်ခု.....

အဖြူရောင်အလင်းတန်းတစ်ခု

ရုတ်တရက်ပေါ်လာသည်။ ဤနေရာတွင်

အေးခဲနေသော လေများ

အဆက်မပြတ်တိုက်ခတ်နေခဲ့သည်။

ဘမ်း…

အဖြူရောင် အလင်းတန်းရှေ့တွင်
ဒုက္ခိတတစ်ယောက်ကဲ့သို့ ဖြစ်နေသော
လူတစ်ယောက် လဲကျနေခဲ့သည်။

ယန်ယွဲ့ သည် ဤနေရာသို့
ရောက်လာသောအခါ
မျက်မှောင်ကြုတ်သွားသည် ။

သူ့အား စိုက်ကြည့်နေသော
မရေတွက်နိုင်သည့် မျက်လုံးများကို
အာရုံခံစားမိသည်။

အမျိုးသမီးက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။
ခဏအကြာမှာ သူတို့ရှေ့တွင်
ရက်စက်ကြမ်းကြုတ်သော
အမျိုးသမီးမျက်နှာတစ်ခု
ရုတ်တရက်ပေါ်လာသည်။

အမျိုးသမီးက လက်ကိုမြှောက်ပြီး
ရိုက်ချလိုက်သည်။

ဘမ်း...

အာကာသ သည် တုန်ခါသွားပြီး
ရက်စက်ကြမ်းကြုတ်သောမျက်နှာက ၁
ကီလိုမီတာ အကွာတွင် ပြန်ပေါ်လာသည်။

အမျိုးသမီးမျက်နှာက ပြင်းထန်စွာ

ရယ်မောလျက်

“အဖြူရောင်ကေရာဇ်မြို့တော်ရဲ့

ဂုဏ်သိက္ခာကြီးမြတ်တဲ့ ကေရီအဖြူက

ဒီလိုနေရာကိုရောက်လာတယ်တဲ့လား။

ဒါဟာ ငါ့ရဲ့ နိမ့်ကျတဲ့ နေရာကို တကယ်ပဲ

ဂုဏ်ယူစေတယ်”

အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးက

အမျိုးသမီးမျက်နှာကို

တစ်ချက်ကြည့်လိုက်ပြီး

“အသူရာမိန်းမပျို၊ မတွေ့တာကြာပြီ။ နင်

တော်တော် သန်မာလာပြီပဲ။

ဂုဏ်ယူပါတယ်”

အသူရာမိန်းမပျိုက အေးစက်စွာ

ရယ်မောလိုက်သည်။ အဆုံးတွင်

သူမ၏အကြည့်များက ယန်ယဲ့ ဆီသို့

ကျဆင်းလာကာ "အိုး.... ပိုင်ဇီရှန်၊

နင့်ချစ်သူလေးကို ဘယ်တုန်းက ရလိုက်တာလဲ"

အဖြူရောင်ဝတ်စုံဝတ် ပိုင်ဇီရှန်၏ မျက်နှာက ချက်ချင်းပင် အေးစက်သွားလေသည်။

ဤအချိန်တွင် အသူရာမိန်းမပျိုက ဆက်ပြောသည် "ဟီး၊ဟီး...ပိုင်ဇီရှန်၊ နင့်ရဲ့အရသာက ဒီလောက်ဆိုးမယ်လို့

ငါမမျှော်လင့်ထားဘူး။ ရုပ်ချောပေမယ့် သန်မာမှုမရှိတဲ့ အမှိုက်တစ်စကိုခေါ်လာတာပဲ”

ပိုင်ဇိရှန် က "အမှိုက်တစ်စကပဲ ပါးစပ်ကိုသုံးတာလေ...."

ဘမ်း...

ဤအချိန်တွင် အနည်းငယ်

ကြမ်းတမ်းသော ဝိညာဉ်တစ်ကောင်က

ပိုင်ဇီရှန် ဆီသို့ပြေးဝင်လာသည်။ ပိုင်ဇီရှန်

က ဂရုမစိုက်ဘဲ သူမ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်နှင့်

အပိုင်းပိုင်းကွဲသွားသည်။

အသူရာမိန်းမပျိုက

တိုက်ခိုက်ရန်ပြင်လိုက်စဉ် ပိုင်ဇီရှန်ဟာ ၃

ကီလိုမီတာအကွာသို့

ပြန်ဆုတ်လာပြီး ပုလဲနက်တစ်လုံး

ထုတ်ယူလိုက်သည်။

တစ္ဆေအသူရာက

မျက်မှောင်ကြုတ်သွား၏။

"တစ္ဆေဝိညာဉ်ပုလဲ..." သူမက ယန်ယဲ့ကို

စိုက်ကြည့်ကာ "ပိုင်ဇီရှန်၊ နင် ဘာလုပ်ဖို့

ကြိုးစားနေတာလဲ!"

ပိုင်ဇိုရှန် က "ငါဒီမှာရှိတဲ့ ဒေါသဝိညာဉ်တွေကို သုံးချင်တယ်"

တစ္ဆေအသူရာ၏ မျက်လုံးများ အနည်းငယ် ကျဉ်းသွားကာ "ဒါပဲလား"

ပိုင်ဇိုရှန်က ခေါင်းညိတ်လိုက်သည်

"ဒါလေးပါပဲ"

တစ္ဆေအသူရာက ပိုင်ဇိရှန်ကို

အချိန်အကြာကြီး စိုက်ကြည့်နေသည်။

နောက်ဆုံးတွင် မျက်နှာက ပုလဲနက်ကို

ပါးစပ်ထဲသို့ စုပ်ယူလိုက်သည်။ ထို့နောက်

ပတ်ဝန်းကျင်တွင် မရေမတွက်နိုင်သော

အနက်ရောင်စွမ်းအင်လှိုင်းများ

ပေါ်လာသည်။ ဤနေရာသည်

တဖြည်းဖြည်း အေးစက်လာပြီး

မကောင်းဆိုးဝါးအငွေ့အသက်များ

ပျံ့လွင့်လာခဲ့သည်။

ကျိန်ဆဲနေသော သေလွန်သူဝိညာဉ်များ ။

ယန်ယဲ့ သည် မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များကို

ခံစားမိလိုက်သည်။

ယခင်က မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များကို

စုပ်ယူထားခဲ့သော ယန်ယွဲ့အတွက်

၎င်းတို့သည် အသစ်အဆန်းမဟုတ်ပေ။

သို့သော် ယခုလက်ရှိ သူအာရုံခံမိသော

သေလွန်သူဝိညာဉ်များဟာ

ယခင်နှင့်မတူခဲ့ပေ။ ၎င်းတို့၏

နာကြည်းမုန်းတီးမှုများသည်

သူ၏နှလုံးသားကို အနည်းငယ်

တုန်လှုပ်သွားစေခဲ့သည်။

သူသည် တစ်ချိန်တုန်းက

ဖန်ဆင်းရှင်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ပိုင်ဆိုင်ခဲ့ဖူး၏။

သို့တိုင် သူ၏နှလုံးသားက အနည်းငယ်

တုန်လှုပ်သွားသည် ။ ထို့ကြောင့် သူ့ရှေ့ရှိ

သေလွန်သူဝိညာဉ်များ

ဘယ်လောက်ကြောက်စရာကောင်းမှန်း

သိသာပါသည်။

ဤအချိန်တွင် ပိုင်ဇိရှန် က ယန်ယဲ့ ဆီသို့

လျှောက်လာကာ "ဒီနေရာမှာ

ပျော်ပျော်နေလိုက်ပါ။

နင်ဘယ်လောက်ခေါင်းမာနိုင်လဲဆိုတာ

ငါကြည့်ရအောင်"

စကားပြောပြီးသည်နှင့်
သူမ၏ခန္ဓာကိုယ်က
တစ်ချက်တုန်ခါသွားပြီးနောက် ၁၀
ကီလိုမီတာအကွာတွင် ပြန်ပေါ်လာသည်။

ပိုင်ဇီရှန် ထွက်သွားသည်နှင့်
နာကြည်းမုန်းတီးမှုဝိညာဉ်မြောက်များစွာ
ဟာ ယန်ယွဲ့အနားသို့
တိုးကပ်လာကြသည်။

သိပ်မကြာလိုက်ပေ၊ မရေမတွက်နိုင်သော သေလွန်သူဝိညာဉ်များဟာ သူ့နဖူးအလယ်သို့ဝင်ရောက်သွားခဲ့သည်။

ဘမ်း…

ထိုခဏလေးတွင် ယန်ယဲ့၏နဖူးမှ အနက်ရောင်စွမ်းအင်လှိုင်းများ ပေါက်ကွဲထွက်လာသည်။ ယန်ယဲ့၏ မျက်လုံးများ ပြူးကျယ်သွားသည်။

အနက်ရောင်စွမ်းအင်လှိုင်းများက

သူ့မျက်လုံးထဲ၌ စက်ဝိုင်းပုံသဏ္ဍာန်

လှည့်ပတ်နေသည်။

ယန်ယဲ့၏ အသိစိတ်ပင်လယ်ထဲတွင်...

အတိုင်းအဆမဲ့သော

သီးခြားနယ်မြေကြီးတစ်ခုရှိနေကာ

ဒူးအထိရောက်လောက်အောင်

သွေးများအပြည့်ဖုံးလွှမ်းထားခဲ့သည်။

မရေမတွက်နိုင်သော

ခြေပြတ်၊လက်ပြတ်များ နေရာအနှံ့

လွင့်မျောနေသည်။ လေထုထဲ၌

သွေးညှီနံ့များသာရှိကာ ဤနေရာတွင်

အသက်ရှူရန် မဖြစ်နိုင်တော့ပေ။

အလောင်းများ တောင်လိုပုံနေခဲ့သည်။

ကျယ်ပြန့်သော ဧရိယာတစ်ခုလုံးသည်

အလောင်းပင်လယ်ကြီး

ဖုံးလွှမ်းသွားသည်။

အားလုံးက ခြေ၊လက်များပြတ်နေကာ

ရက်ရက်စက်စက် သေဆုံးခဲ့ကြရသည်။

ယန်ယွဲ့ကိုယ်တိုင်ပင်

ထိုသို့ရက်စက်ကြမ်းကြုတ်သော

နည်းလမ်းများကို တစ်ခါမှ မမြင်ဖူးချေ။

သိပ်မကြာလိုက်ပါ၊ သူ့စိတ်ထဲတွင်

မြင်ကွင်းများစွာ

အဆက်မပြတ်ပေါ်လာခဲ့သည်။

အသတ်ခံရသည့် မြင်ကွင်းများ၊

အကူအညီမဲ့အော်ဟစ်နေပုံများ၊

အဆုံးမရှိ နာကျင်ခြင်းနှင့်

စိတ်ဆင်းရဲစွာအော်ဟစ်ငြီးငြူနေသော

မြင်ကွင်းများပင်တည်း။

သူသည် ဖြစ်ပျက်နေသမျှကို
ရှင်းလင်းစွာမြင်နေရလေသည်။
သေလွန်သူဝိညာဉ်များ သေဆုံးချိန်တွင်
ခံစားခဲ့ရသည့် ခံစားချက်အားလုံးကို
ရှင်းရှင်းလင်းလင်း ခံစားမိနိုင်သည် ။

ဤအခိုက်အတန့်တွင် ...၊

သနားစရာကောင်းလိုက်တာ ။

တကယ်ကို သနားစရာကောင်းလိုက်တဲ့

ဘဝတွေ ။

တစ်ခုပြီးတစ်ခု ...။

ရက်စက်ကြမ်းကြုတ်သော

သေလွန်သူဝိညာဉ်များ၏

သနားစရာကောင်းသော အတိတ်ဘဝ

မြင်ကွင်းများဟာ ယန်ယဲ့၏စိတ်ထဲသို့

ဝင်ရောက်လာခဲ့သည်။

အခြားသာမန်လူတစ်ယောက်သာဆိုပါက
ရူးသွပ်သွားမှာသေချာပါသည်။

သို့သော် ယန်ယဲ့ သည်
သာမန်လူမဟုတ်ပေ။

အတိုင်းအတာတစ်ခုအထိ
သူတွေ့ကြုံခံစားခဲ့ရသမျှသည်
ဤသေလွန်သူဝိညာဉ်များထက်
နိမ့်ကျသည်မဟုတ်ပေ။ ထို့ပြင်

သူ၏တာအိုနှလုံးသားက

သာမန်မဟုတ်ပေ၊

သတ်ဖြတ်ခြင်းတာအိုနှလုံးသားပင်ဖြစ်

လေသည်။

ဤသေလွန်သူဝိညာဉ်များက သူ့အား

ရှုံးသွပ်သွားအောင်မလုပ်နိုင်ပေ၊

ထိုအစား သူ၏

သတ်ဖြတ်ခြင်းတာအိုနှလုံးသားကို

ပိုပြီးခိုင်မာစေလေသည်။

အချိန်အတော်ကြာပြီးနောက်တွင်

အဝေးကနေ စောင့်ကြည့်နေသော

ပိုင်ဇိရှန် သည်

တဖြည်းဖြည်း

မျက်မှောင်ကြုတ်လာသည်။

အကြောင်းကတော့ မြင်ကွင်းက သူမ

မျှော်လင့်ထားသည့်အတိုင်း

မဟုတ်ခဲ့လို့ပါ။ သာမာန်လူများဟာ

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များ၏
ဒေါသခံစားချက်များနှင့် ရင်ဆိုင်ရလျှင်
ပြင်းထန်စွာ နာကျင်မှုကို
ခံစားရလေသည်။ သို့ရာတွင် ယန်ယွဲ့
သည် ဘာအထိအခိုက်မှရှိမနေခဲ့ပေ။

အခြေအနေက
တော်တော်လေးကိုထူးဆန်းနေပုံရသည်။

သို့သော်လည်း ပိုင်ဇိုရှန် က မတားဆီးဘဲ
ဆက်ပြီးစောင့်ကြည့်နေလိုက်၏။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့နှင့်
ကုန်ဆုံးလာခဲ့သည်။
ဤအခိုက်အတန့်တွင် ယန်ဘဲ့သည်
မရေမတွက်နိုင်သော
သေလွန်သူဝိညာဉ်များ
ဖုံးလွှမ်းနေခဲ့သည်။ တစ်ခုပြီးတစ်ခု

သူ၏နံဖူးအလယ်သို့
ဝင်ရောက်နေကြသည်။

ဤနေရာတွင် ထောင်သောင်းချီသော
သေလွန်သူဝိညာဉ်များ ရှိခဲ့သည်။
အားလုံးတွင်
ဝမ်းနည်းဖွယ်အတိတ်ဘဝများ
ရှိကြသည်။ ယန်ယဲ့ သည်
ထိုဝမ်းနည်းစရာမြင်ကွင်းများကို
အဆက်မပြတ်မြင်နေရလေသည်။

ထိုကဲ့သို့ပင် အချိန်များ ကုန်ဆုံးသွားပြီးနောက် ပိုင်ဇီရှန် သည် တစ်စုံတစ်ခု ပြုတ်တောက်သွားသည်ဟု ခံစားလာရသည်။

ဤအချိန်တွင် ယန်ယဲ့ကို တားဆီးဖို့ ဆုံးဖြတ်လိုက်သည်။

ဤအခိုက်အတန့်တွင်
သေလွန်သူဝိညာဉ်များ
လှုပ်ရှားမှုရပ်တန့်သွား၏။ ထို့နောက်
ထောင်သောင်းမကသော
သေလွန်သူဝိညာဉ်များကြားမှ
အသံတစ်သံ ဖြည်းညှင်းစွာ
ထွက်ပေါ်လာသည် “အခု ဒီလောကရဲ့
အမှန်တရားကို ငါ
လုံးလုံးနားလည်သွားပြီ။

သန်မာသူတွေဟာ နှစ်သက်သလို ပြုမူကြတယ်။ အားနည်းသူတွေကတော့ ကိုယ့်ကံကြမ္မာကို လက်ခံနိုင်ရမယ်။ ဒါဟာ ရက်စက်ကြမ်းကြုတ်တဲ့ ရှင်သန်မှုဥပဒေသနဲ့ ရက်စက်တဲ့လောကကြီးပဲ။ ဒါဟာ လောကနိယာမပဲ...”

ခဏအကြာတွင် အသံများ

ရပ်တန့်သွားပြီးနောက် လူတစ်ယောက်က

ပိုင်ဇိုရှန် ရှေ့သို့

လျှောက်လာခဲ့သည်။

အခြားသူမဟုတ်ဘဲ ယန်ယွဲ့ ပါ။

လက်ထဲတွင်လည်း ဓားတစ်ချောင်းကို

ဆုပ်ကိုင်ထားသည်။ ယန်ယွဲ့က

လက်ထဲမှာကိုင်ထားသော ဓားကို

ငုံ့ကြည့်ရင်း သူ့ရှေ့မှ ပိုင်ဇိုရှန်ကို

တစ်ချက်ကြည့်လိုက်ပြီး

“ကျေးဇူးတင်ပါတယ်။ မင်းဟာ ငါ့ကို

တာအိုရဲ့သဘောတရားအကြောင်း

လေးလေးနက်နက်

နားလည်သဘောပေါက်အောင်

ကူညီပေးခဲ့တယ်။ ဒီလောကမှာ

ရက်စက်ကြမ်းကြုတ်မှုမရှိဘဲ မင်းဟာ

အသက်မရှင်နိုင်ဘူး”

ဘမ်း…

ထိုစကားကို ပြောပြီးသည်နှင့် ယန်ယဲ့ထံမှ ကြောက်မက်ဖွယ်ကောင်းသော သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဖိအားလှိုင်းကြီး ပေါက်ကွဲထွက်လာသည်။ ထို့နောက်တွင် ချက်ချင်းဆိုသလိုပဲ ဤနေရာ၏အထက်ကောင်းကင်ယံဟာ သွေးရောင်ပြောင်းသွားခဲ့တော့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ....

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါ။

ထို့အပြင် ယန်ယွဲ့၏အော်ရာက
တဟုန်ထိုး ပေါက်ကွဲထွက် လာသည်။

၎င်းသည်

ပညာရှင်တစ်ပါး၏အရှိန်အဝါမဟုတ်ချေ

။

ပိုင်ဇိရှန်၏မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားပြီး "နင်....

နင်က သတ်ဖြတ်ခြင်းတာအိုကနေ

တစ်ဆင့်တက်ပြီးတော့ ဖန်ဆင်းရှင်

ဖြစ်သွားပြီ"

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၆ - (Thet)

ဖြတ်ခြင်းတာအိုနှလုံးသား

"ဖန်ဆင်းရှင်အဆင့် ..."

ဤအချိန်တွင် ယန်ယဲ့၏အော်ရာက

တည်ငြိမ်စွာ စီးမျောနေသည်။

သူ့အော်ရာက ပညာရှင် မဟုတ်တော့ဘဲ

ဖန်ဆင်းရှင် (မျိုးဆက်ဟောင်း)၏

အော်ရာ မဟုတ်တော့ပေ။

တာအို ....

ယန်ယဲ့က သူ လျှောက်ရမည့်

တာအိုလမ်းကြောင်းကို တစ်ခါတည်း

ရွေးချယ်

ဆုံးဖြတ်ခဲ့သည်။ သူ၏ တာအိုသည်

"သတ်ဖြတ်ခြင်းတာအိုလမ်းစဉ်"

ဖြစ်သည်။

မရေမတွက်နိုင်သော

သေလွန်သူဝိညာဉ်များဟာ ယန်ယဲ့ကို

ရှုးသွပ်သွားအောင် မလုပ်နိုင်ပေ။ သူ၏

သတ်ဖြတ်ခြင်းတာအိုနှလုံးသားကို

အဆင့်တက်အောင်

ကူညီပေးလိုက်သလိုပင်။

နဂိုက ဓားတာအို ထံသို့ ဦးတည်ခဲ့သည့်

သူ့နှလုံးသားက မထင်မှတ်ဘဲ

သတ်ဖြတ်ခြင်းတာအိုနှလုံးသား

ဖြစ်လာခဲ့သည်။

"သတ်ဖြတ်ခြင်းတာအို ...."

ယန်ယဲ့ သည် ဤလောကနှင့် ပတ်သက်၍ သူ့ကိုယ်ပိုင်အမြင်ရှိခဲ့သည်။ ယခု နားလည်လိုက်သော တာအိုသဘောတရားက သူ၏အတွေးအမြင်များကို ပို၍ပင်သေချာသွားစေသည်။ ပျော့ညံ့(အားနည်း)သူများသည်

ဖရိုဖရဲဖြစ်နေချိန်များတွင် ခွေးများကဲ့သို့ နိမ့်ကျလှသည်။

အားလုံးကို ဖြေရှင်းရန် သူရွေးချယ်လိုက်သော နည်းလမ်းက အဆုံးထိ သတ်ပစ်ရန်ပင်ဖြစ်သည်။

သူသည် ပညာရှင်အထွတ်အထိပ်အဆင့်သို့ရောက် စေခဲ့ရုံသာ။

ဤရှင်းလင်းပြတ်သားသောအတွေးသည်
သူ၏ သတ်ဖြတ်ခြင်း
တာအို ကိုပိုပြီးခိုင်မြဲစေခဲ့သည်။

ယန်ယဲ့ သည် ဖန်ဆင်းရှင်အဆင့်ကို
တက်လှမ်းပြီးနောက်
ထိုသေလွန်သူဝိညာဉ်များသည်
သူ့လက်ဖဝါးမှတစ်ဆင့်
ပြန်ထွက်လာသည်။

"မဖြစ်နိုင်ဘူး..." တစ္ဆေအသူရာက

အနည်းငယ်

မျက်မှောင်ကြုတ်လိုက်သည်။

သူမ၏မျက်လုံးထဲ၌ အံ့သြသွားသော

အမူအရာများ ပြည့်လာသည်။

သို့သော်လည်း သိပ်မကြာခင် တစ်ခုခုကို

စဉ်းစားမိလိုက်ပြီး ယန်ယွဲ့ကို

ထပ်မံစိုက်ကြည့်ရင်း

“သတ်ဖြတ်ခြင်းတာအိုဖန်ဆင်းရှင်၊

သူတို့က နင့်ကို ပိုင်ရှင်အဖြစ် တကယ်ပဲ ရွေးချယ်ခဲ့တာ။ ဘယ်လိုမှ တွေးလို့ မရဘူး"

သူတို့ ပိုင်ရှင် လား....

ယန်ယွဲ့က သူ့လက်ဖဝါးကို ငုံ့ကြည့်လိုက်သည်။ သူ၏လက်ဝါးအလယ်မှ အနက်ရောင် ရေဝဲတစ်ခု ဖြစ်ပေါ်လာသည်။ ၎င်းမှ

နာကြည်းမုန်းတီးမှုများ
ပြည့်နှက်နေခဲ့သည်။ ထိုနေရာတွင်
မရေမတွက်နိုင်သော
သေလွန်သူဝိညာဉ်များ ရှိနေသည်။
သို့သော် ယခင်က သူကြုံတွေ့ခဲ့သော
သေလွန်သူဝိညာဉ်များနှင့် မတူပါ။
တူညီသောအဆင့်တွင် မရှိခဲ့ပေ။

အကယ်၍သာ ယန်ယွဲ့ သည်
သတ်ဖြတ်ခြင်းတာအိုဖန်ဆင်းရှင်

မဟုတ်လျှင်

သေလွန်သူဝိညာဉ်များကြောင့်

ရှူးသွပ်သွားနိုင်ပေသည်။

ဤသေလွန်သူဝိညာဉ်များ၏

သက်ရောက်မှုသည်

သာမန်လူများခံနိုင်ရည်ရှိသော

အရာမဟုတ်ပေ။ သို့သော်လည်း ယန်ယဲ့

သည် သာမန်လူတစ်ဦးမဟုတ်ဘဲ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

နားလည်ထားသော

ဖန်ဆင်းရှင်တစ်ပါးဖြစ်သည်။

သတ်ဖြတ်ခြင်းတာအိုကို

နားလည်သူတစ်ယောက်က

ဤသေလွန်သူဝိညာဉ်များကို

ကြောက်ရမည်လော။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

ယန်ယဲ့သည် တစ္ဆေအသူရာကို

စိုက်ကြည့်ကာ "သူတို့အားလုံး ဒီမှာ ဘာလုပ်နေကြတာလဲ"

သူမက ယန်ယဲ့ ကို ငုံ့ကြည့်ကာ "အခုထိ မယုံနိုင်သေးဘူး။ ဒါတွေဟာ သာမန်သေလွန်သူဝိညာဉ်တွေမဟုတ်ဘူးလေ။ သူတို့ နင့်ကို ရွေးပြီးကတည်းက အဆင့်တစ်ခုရောက်သွားအောင်ကူညီပေးလိမ့်မယ်။ ဆန့်ကျင်မှာမဟုတ်တော့ဘူး”

ယန်ယဲ့ သည် သူ၏လက်ဝါးကို

တစ်ချက်ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ့လက်ဝါးအလယ်ရှိ

အနက်ရောင်ဝဲကတော့သည်

စတင်လည်ပတ်လာသည်။

သူ့မျက်လုံးအစုံကလည်း

တဖြည်းဖြည်းနီရဲလာသည်။ ထို့အပြင်

သူ့ပတ်ဝန်းကျင်၌ သိပ်သည်းသော

အနက်ရောင်စွမ်းအင်များ ရုတ်တရက်

ထွက်ပေါ်လာသည်။

သေလွန်သူဝိညာဉ်များ သူ့အနားကို

အဆက်မပြတ် ဝိုင်းအုံလာကြခြင်းပင်။

ယန်ယဲ့ သည် တော်တော်လေး

အံ့သြသွားသည်။ အကြောင်းမှာ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

ကြောက်မက်ဖွယ်အဆင့်သို့

မြင့်တက်လာသည်ဟု
ခံစားမိသောကြောင့်ပင်။

သတ်ပစ်လိုက်စမ်း....

သူ၏အသိစိတ်တစ်ခုလုံး သတ်
ဖြတ်ချင်စိတ်များ ပြည့်နှက်နေသည်။

ယန်ယဲ့ သည် အဓိပတိဓားကို
အမြန်ထုတ်ယူလိုက်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၏

သက်ရောက်မှုက

ချက်ချင်းတည်ငြိမ်လာသည်။ သို့သော်

သူသည် အနည်းငယ်

စိတ်သက်သာလာရုံသာ။ သူ့စိတ်ထဲတွင်

သတ်ဖြတ်ခြင်းဆန္ဒဖြင့်

ပြည့်နှက်နေသေးသည်။

ဤအချိန်တွင် သူသည်
တစ်လောကလုံးကို
သတ်ဖြတ်ချင်နေခဲ့သည်။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။
မရေမတွက်နိုင်သော အသံများ က သူ့ကို
သတ်ရန် စေခိုင်းနေကာ တစ်ခေါင်းလုံး
ပေါက်ကွဲတော့မည်ဟု ခံစားနေရသည်။

ခဏအကြာတွင် သူ့ညာလက်ကို

မြှောက်လိုက်ပြီး လှန်လိုက်သည်။

ထိုနေရာတွင် ရွှေရောင်စေတီတစ်ဆူ

ပေါ်လာပြီး အနက်ရောင်ဝဲကတော့ကို

ဖိချလိုက်လေသည်။

ဘမ်း...

မမြင်နိုင်သော စွမ်းအင်လှိုင်းလုံးများ

ထွက်လာပြီး ဤနေရာသည် ပြင်းထန်စွာ

တုန်ခါသွားသည်။

မူလစေတီက

သေလွန်သူဝိညာဉ်များကြောင့်

မြင့်တက်လာသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ဖိနှိပ်ပစ်လိုက်သည်။

မူလစေတီဖြင့် ဖိနှပ်ပြီးနောက် ယန်ယဲ့၏အသိစိတ်သည် ချက်ချင်းပင် ကောင်းမွန်လာသည်။

သူ့အသိစိတ်ထဲမှဖရိုဖရဲ အသံများလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်။ ဤအချိန်တွင် ယန်ယဲ့သည် သေလွန်သူဝိညာဉ်များထံမှ သက်ရောက်မှုကြောင့် ကြောက်ရွံ့မှု အနည်းငယ် ခံစားခဲ့ရသည်။

"အဲဒါ မူလစေတီပဲ..." ပိုင်ဇိရှန် က

ယန်ယွဲ့ဆီသို့

ရုတ်တရက်လျှောက်လာကာ

သူ့လက်ဝါးပေါ်ရှိ ရွှေစေတီကို

စိုက်ကြည့်ရင်း “နတ်ဘုရားရတနာက

မျှော်လင့်ထားသလိုပဲ။ တကယ့်ကို

ထူးထူးခြားခြားပါပဲလေ”

ဟုပြောလိုက်သည်။ ဒီအချိန်မှာ သူမ၏

မျက်လုံးထဲမှတဆင့်

လောဘအရိပ်အယောင်များ
သိသိသာသာထွက်ပေါ်နေခဲ့သည်။

ထိုစကားပြောပြီးသည်နှင့် မူလစေတီကို
လှမ်းဆွဲလိုက်သည်။

ဓားအူသံ ရုတ်ချည်း
ပွဲတင်ထပ်လာပြီးနောက်
ဓားစွမ်းအင်တစ်စင်းက ပိုင်ဇိရှန်၏
လက်ဖဝါးကို ထိမှန်သွားသည်။ သို့သော်

ပိုင်ဇိရှန် က ပေါ့ပေါ့ပါးပါး

ဆုပ်ကိုင်လိုက်သည်။

ထိုလှုပ်ရှားမှုကြောင့် ဓားစွမ်းအင်သည်

ချက်ချင်း ပျောက်ကွယ်သွားသည် ။

ထို့နောက် သူ၏ညာလက်ကို ရှေ့သို့

အနည်းငယ် တွန်းလိုက်သည်။

ဘမ်း...

ယန်ယွဲ့ သည် ၃ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

သူရပ်တန့်လိုက်ပြီးနောက်

ရင်ဘတ်ကိုငုံ့ကြည့်လိုက်ရာ

သွေးနီရောင်လက်ဝါးရာကြီးတစ်ခု

တွေ့ရသည်။

"ဖန်ဆင်းရှင်အဆင့်...." ပိုင်ဇီရှန် က

ခေါင်းယမ်းလိုက်ပြီး ယန်ယွဲ့ ဆီသို့

ဖြည်းညင်းစွာ လျှောက်လာကာ

"ဘယ်လိုလုပ် နှိုင်းယှဉ်လို့ရမှာလဲ။

ဖန်ဆင်းရှင်အဆင့် နဲ့ပညာရှင်အဆင့် က

ငါ့အတွက် ဘာမှမထူးခြားဘူး။ နင်...”

စကားပြောနေစဉ် သူ့အပေါ်ကို

ဓားတစ်ချောင်း ပိုင်းချလာတာကြောင့်

ပြောလက်စစကား ရပ်သွားပြီး

ရုတ်တရက်

မျက်မှောင်ကြုတ်သွားသည်ယ

၎င်းက သာမန်တိုက်ခိုက်မှုတစ်ခု

မဟုတ်ပါ။

ဓားနယ်မြေ…

ယန်ယွဲ့ သည် ဓားနယ်မြေကို

ရုတ်တရက်ထုတ်ဖော်လိုက်သည်။

ဤအခိုက်အတန့်တွင်

သူ၏တိုက်ခိုက်မှုက ယခင်ထက်

အဆများစွာ ပြင်းထန်လာပါသည်။

ထားနယ်မြေ ဆင်းလာသည်နှင့်

တပြိုင်နက် သူမ၏ မျက်လုံးထဲတွင်

ရှားရှားပါးပါး လေးနက်သော အမူအရာ

ပေါ်လာသည်။ ပိုင်ဇီရှန်က

သူမ၏လက်ဝါးကို မြှောက်ကာ အပေါ်သို့

ပုတ်လိုက်သည် ။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက်

ပိုင်ဇီရှန်၏ပုံရိပ်က ၁၀

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။ သူမ

ရပ်တန့်လိုက်သည်နှင့် ရှေ့ကို

မော့ကြည့်လိုက်ရာ ယန်ယဲ့ မရှိတော့မှန်း

သတိပြုမိသည်။

အဝေးရှိ ကောင်းကင်ယံတွင်
အလင်းတန်းတစ်ခု
လင်းလက်သွားသည်။

ယန်ယဲ့က ဆက်ပြီးမတိုက်ခိုက်တော့ဘဲ
ထွက်ပြေးသွားတာဖြစ်သည်။

ပိုင်ဇိုရှန်၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထို့နောက် သူမ၏မျက်လုံးထဲမှ

အေးစက်စက်အလင်းရောင်တစ်ချက်

တောက်ပလာကာ

"ထွက်ပြေးသွားတာလား၊

နင်အိပ်မက်မက်နေတာပဲဖြစ်ရမယ်"

စကားပြောပြီးနောက် နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

တစ္ဆေအသူရာ တစ်ဦးတည်းသာ ဤနေရာတွင် ကျန်ရစ်ခဲ့သည်။

တစ္ဆေအသူရာက ကောင်းကင်ကို မော့ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ သူမ ဘာတွေးနေသလဲတော့ ဘယ်သူမှမသိနိုင်ပေ။

...

ကောင်းကင်အဝေးတစ်နေရာရှိ
တိမ်တိုက်များကြားမှ အလင်းတန်းများ
ဖြာထွက်နေခဲ့သည်။

အလင်းတန်းက
ကောင်းကင်၏အဆုံးသတ်သို့
ပျောက်ကွယ်ခါနီးတွင်
လက်ဝါးကြီးတစ်ဖက် ပေါ်လာသည်။
ထို့နောက် လက်ဝါးကြီးမှ ပြင်းထန်သော

ဖိအားလှိုင်းတစ်ခု ဖြာထွက်လာပြီး

အလင်းတန်းကို

အပိုင်းပိုင်းခွဲပစ်လိုက်သည်။

အလင်းတန်း ပြန့်ကျဲသွားသည့်အခါ

လူတစ်ယောက် ပေါ်လာခဲ့သည်။

ယန်ယဲ့ ပင်ဖြစ်သည်။

ခဏအကြာတွင် သူ့ရှေ့၌

အမျိုးသမီးတစ်ဦး ပေါ်လာခဲ့သည်။

အခြားမဟုတ်ပေ၊ ပိုင်ဇိရှန် ပါ။

ယန်ယဲ့ က ပိုင်ဇိရှန် ကိုမြင်သောအခါ

မျက်မှောင်ကြုတ်သွားသည်။

ပိုင်ဇိရှန် က စကားတောင်မပြောဘဲ

သူမ၏ညာလက်ဖြင့် ပုတ်လိုက်သည်။

ယန်ယဲ့၏ ပတ်ဝန်းကျင် အာကာသသည်
ချက်ချင်းပြောင်းသွားသည်။
သေဆုံးခြင်းနယ်မြေတစ်ခု ကဲ့သို့ပင်။

၎င်းသည် မူလတာအိုသခင်များ၏
အထူးစွမ်းရည်ပင်ဖြစ်သည်။

ပုံမှန်အားဖြင့် မူလတာအိုသခင်များက
ဤလှုပ်ရှားမှုဖြင့် ဖန်ဆင်းရှင်များကို
ဖိနှိပ်နိုင်မည်ဟု ယူဆထားကြသည်။

ကံမကောင်းစွာပဲ၊ ယန်ယွဲ့

နှင့်ပတ်သက်၍တော့ အသုံးမဝင်ပေ။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်

ဓားနယ်မြေ ကို

ချက်ချင်းထုတ်ဖော်လိုက်ပါတော့သည်။

ထို့နောက် ပိုင်ဇီရှန် အထက်၌

ဓားတစ်ချောင်း ရုတ်တရက်ပေါ်လာပြီး

ခုတ်ချလိုက်သည်။

ပိုင်ဇီရှန်၏မျက်လုံးများ အနည်းငယ်

ကျဉ်းသွားကာ အံ့သြမှု တစ်ချက်

ထွက်ပေါ်လာသည်။ ယန်ယွဲ့ သည်

မူလတာအိုအဆင့်၏

နတ်ဘုရားစွမ်းရည်ကို

ချေဖျက်ပစ်နိုင်မည်ဟု မမျှော်လင့်ခဲ့ပေ။

သေချာပါသည်၊ ယန်ယွဲ့၏

ဓားနယ်မြေနားလည်မှုအဆင့်အကို

ပို၍ပင် အံ့သြမိသွားသည်။

ယန်ယဲ့၏ဓားက

သူ့ရှေ့တွင်ရှိနေသောကြောင့်

ထပ်၍တွေးတောမနေတော့ပေ။

ပိုင်ဇီရှန် က သူမ၏ညာခြေကိုမြှောက်ပြီး

တစ်ချက်ပုတ်လိုက်သည်။

ထိုခဏလေးတွင်

သူမ၏ခြေထောက်အောက်မှ

အဖြူရောင်နဂါးကြီးတစ်ကောင်

ပေါ်လာပြီး လေထဲသို့
ပစ်လွှတ်လိုက်လေသည်။

ဘမ်း...

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့
လွင့်ထွက်သွားခဲ့သည်။ သူ့ကိုယ်သူ
ရပ်တန့်လိုက်သည်နှင့် လက်တစ်ဖက်က
သူ့ဗိုက်ကို ကုတ်ဆွဲလာသည်။

ဘုန်း....

ယန်ယဲ့ သည် ခုခံနိုင်လိုက်ခြင်းမရှိဘဲ
ပါးစပ်ထဲမှ သွေးများ
အန်ထွက်လာသည်။

ဤအချိန်တွင် ပတ်ဝန်းကျင်၌
ပုံရိပ်များစွာထွက်ပေါ်လာသည်။

ဆူး...

ယန်ယဲ့က သူ့ဓားကို

ရုတ်တရက်မြှောက်ပြီး

ပိုင်းချလိုက်လေသည်။

ဘမ်း…

ဓားပိုင်းချက်ကြောင့် ကောင်းကင်ကြီး

ပွင့်ထွက်သွားသလိုပင်။

ပုံရိပ်ယောင်များကို
နှစ်ခြမ်းခွဲပစ်လိုက်သည်။

သို့သော်လည်း ခြေထောက်တစ်ဖက်က
ယန်ယဲ့၏နောက်ကျောကို
ရုတ်တရက်ဆောင့်ကန်ချလိုက်သည်။

ယန်ယဲ့၏ခန္ဓာကိုယ်သည်
လေးကိုင်းသဏ္ဍာန် ကွေးညွှတ်ကာ
ပါးစပ်ထဲမှ သွေးများ စီးကျလာသည်။

ပိုင်ဇီရှန်က ယန်ယဲ့ မတ်တပ်ရပ်နေသော
နေရာတွင် ရုတ်တရက်ပေါ်လာသည်။
ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ သူ့ဓားကို
လွှဲယမ်းပြီး ဓားစွမ်းအင်တစ်စင်း
ပစ်လွှတ်လိုက်သည်။

ဓားစွမ်းအင်က အလွန်လျင်မြန်ပြီး
ပိုင်ဇီရှန် ရှေ့ကို
ချက်ချင်းရောက်လာသည်။

သို့သော် သူမ၏မျက်နှာပေါ်တွင်

လျှောင်ပြောင်လိုသော

အရိပ်အယောင်များ

ပေါ်လာသည်။ သို့သော်လည်း

သူ့ပါးစပ်ထောင့်က လျှောင်ပြောင်မှုဟာ

ကြာရှည်မခံဘဲ တောင့်တင်းလာသည်။

ဓားနယ်မြေ....

ယန်ယဲ့ သည် သူ၏ခြားနယ်မြေကို

ထပ်ပြီးအသက်သွင်းလိုက်သည်။

အကန့်အသတ်မဲ့ နယ်မြေစွမ်းအားက

ကမ္ဘာကြီးကို ပြင်းထန်စွာ

တုန်လှုပ်စေသည်။

ပိုင်ဇီရှန်၏ မျက်လုံးထဲမှ လေးနက်မှုတို့

ပေါ်လာသည်။ သူမ၏ ညာလက်ကို

ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။ ထိုအခါ

အပေါ်ဖက် အာကာသဟာ

ပင်လယ်ရေလှိုင်းများကဲ့သို့

လှိုင်းထလာသည်။ ထို့နောက်

ကြောက်စရာကောင်းသော

စွမ်းအင်လှိုင်းလုံးများ ရှေ့ကို

တဝုန်းဝုန်းရိုက်ခတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့၏

နယ်မြေစွမ်းအားက ရောက်ရှိလာသည်။

ဆူး...

ပိုင်ဇီရှန်၏ အပေါ်ဖက် အာကာသကို

ချက်ချင်းဖြတ်တောက်ပစ်လိုက်သည်။

သို့ရာတွင် ရုတ်တရက်ဆိုသလို

ရပ်တန့်သွားခဲ့သည်။

လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်

ကြိုးတစ်ချောင်းက နယ်မြေစွမ်းအားကို

တားဆီးထားသောကြောင့်ပင်။

သို့သော်လည်း ခဏအကြာတွင် ယန်ယွဲ့၏ဓားက တစ်ချက်တုန်ခါပြီး စွမ်းအင်ကြိုးကိုဖြတ်ကာ ကျဆင်းသွားသည်။

ဘမ်း...

အဖြူရောင်အရိပ်တစ်ခုဟာ အဝေးကို လွင့်ထွက်သွားသည်။

အခြားမဟုတ်ဘဲ ပိုင်ဇီရှန် ပင်ဖြစ်သည်။

သို့သော် ယန်ယဲ့သည်

ထပ်ပြီးမတိုက်ခိုက်တော့ပေ။

နောက်ပြန်လှည့်၍ ကောင်းကင်ပေါ်သို့

တက်ပြေးသွားတော့သည်။

သူသည် ဆက်ပြီးတိုက်ခိုက်ရန်

မရွေးချယ်ခဲ့ပေ။

အကန့်အသတ်မဲ့ နယ်မြေစွမ်းအား

(ဓားနယ်မြေ) ကို ထုတ်သုံးထားသည့်တိုင်

လက်ရှိ သူ့ခွန်အားက

မလုံလောက်ကြောင်း

သဘောပေါက်စေခဲ့သည်။

ပို၍ရိုးရှင်းစွာပြောရလျှင် သူက ပိုင်ဇီရှန်

ကို လုံးဝမယှဉ်နိုင်ပေ။ သူသည်

ဖန်ဆင်းရှင် ဖြစ်နေသော်လည်း

ထိုအမျိုးသမီး နှင့် နှိုင်းယှဉ်ပါက
အတော်လေး နိမ့်ကျနေသေးသည်။

ထိုအမျိုးသမီး၏ခွန်အားက
သူသတ်ခဲ့သော အရှင်ရှောင်လော့ ထက်
အများကြီးသန်မာလေသည်။ ထို့အပြင်
ယခုမှ ဖန်ဆင်းရှင်အဆင့်
တက်လှမ်းထားသောကြောင့်
အခြေခံမတည်ငြိမ်သေးပေ။

တစ်နည်းအားဖြင့် သူသည်

ဖန်ဆင်းရှင်တစ်ပါး ဖြစ်နေသော်လည်း

ဖန်ဆင်းရှင်ခွန်အားကို အပြည့်အဝ

မထုတ်ပြနိုင်ခဲ့ပါ။

ထို့ကြောင့် ယခုလောလောဆယ်

အရင်ဆုံး နောက်ဆုတ်ရန်သာ

ရွေးချယ်ခဲ့သည်။

ဤအချိန်တွင် ပိုင်ဇီရှန် က
အကြီးအကျယ် ဒေါသထွက်သွားသည်။
သူမ၏အမြင်မှာတော့ အရှက်ရစရာပင်။
လက်ရှိသူမက ဖန်ဆင်းရှင်အဆင့်
ရောက်ခါစလူတစ်ယောက်ကြောင့်
ဒဏ်ရာရလုနီးပါးဖြစ်ခဲ့ရသည်။

မူလတာအိုသခင် တစ်ပါးအတွက်
လုံးဝအရှက်ရစရာပင်။

ဒီအချိန်မှာ ပိုင်ဇီရှန်၏ စိတ်ထဲ၌

လူသတ်လိုစိတ်များအပြည့်ဖြစ်နေသည်။

ယန်ယွဲ့ထံမှ နတ်ရတနာသုံးပါးကိုပင်

အာရုံမထားတော့ပေ။

သူမ၏အရှက်တရားကို

လက်စားချေဖို့သာ

အဓိကအာရုံရောက်နေပါသည်။

ယန်ယွဲ့က ဆက်ပြီးမပြေးတော့ပေ။

နေရာမှာပင် တုံ့ခံနဲ့ရပ်လိုက်သည်။

ထို့နောက် သူ့နောက်ကွယ်မှာ
ပေါ်လာသော ပိုင်ဇိရှန် ကို
လှည့်ကြည့်လိုက်ပြီး "မိန်းကလေး၊
ငါတို့ကြားမှာ ရန်ငြိုးမရှိဘူး၊ ဘာလို့ ငါ့ကို
ဒီလိုထောင့်စွန်းအထိ တွန်းပို့နေတာလဲ"

ပိုင်ဇိရှန် က ယန်ယွဲ့ကို အေးစက်စွာ
ကြည့်လိုက်ပြီး “ငါတို့ကြားမှာ ရန်ငြိုး
မရှိပါဘူး။ ဒါပေမဲ့

နင့်ကိုကြည့်ရသလောက်တော့ သေချင်နေလို့ သေရမယ်”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၄၇ - အဲဒါကို လုပ်ရမယ်

ထိုစကားပြောပြီးသည်နှင့် ပိုင်ဇီရှန်က ယန်ယဲ့ဆီကို ပြေးဝင်လာသည်။

တစ်ချိန်တည်းမှာပင် ကြောက်မက်ဖွယ် ဖိအားများက ယန်ယဲ့အပေါ်သို့ ဖိချလာသည်။

ယန်ယဲ့၏မျက်လုံးများသည် ကျဉ်းမြောင်းလာသည်။ သူ၏ဓားကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး

သူ့ခန္ဓာကိုယ်ထဲရှိ

ဆန်းကြယ်ချီစွမ်းအင်များ

တလဟောစီးဝင်လာသည်။

ထိုခဏလေးမှာပဲ သူ၏အော်ရာက

ရုးသွပ်စွာမြင့်တက်လာသည်။ ထို့နောက်

ရှေ့သို့ခြေတစ်လှမ်းတိုးကာ သူ့ဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်ပိုင်းချ

လိုက်တော့သည်။

မလွတ်မြောက်နိုင်တော့သောကြောင့် သူ့အနေဖြင့် အစွမ်းကုန်ထုတ်ပြီး တိုက်ခိုက်ရုံသာရှိတော့သည်။

သို့သော် ဤအခိုက်အတန့်တွင် မူလစေတီက ပြင်းထန်စွာတုန်လှုပ်လာသည်ကိုတော့ သူ သတိမထားမိလိုက်ပေ။

၎င်းက ယန်ယဲ့အား အန္တရာယ်ကို သတိပေးနေတာပါ။

သို့ရာတွင် ယန်ယဲ့က လောလောဆယ် အာရုံမထားနိုင်ဘဲ ပိုင်ဇီရှန်ကို အသေအကြေတိုက်ခိုက်ဖို့သာတွေးနေခဲ့သည်။

မူလစေတီ ။

ဆန်းကြယ်သောကမ္ဘာတစ်ခုထဲတွင် ...။

ဤအချိန်တွင်

အဖြူရောင်အကောင်လေးတစ်ကောင်

ပေါ်လာသည်။

အခြားမဟုတ်ပေ၊ နှင်းပွင့်လေး

ဖြစ်သည်။

နှင်းပွင့်လေးက ပတ်ပတ်လည်ကို

ကြည့်နေလေသည်။

သူမ၏မျက်လုံးသေးသေးလေးများက

စူးစမ်းလိုစိတ်များဖြင့်

ပြည့်နှက်နေသည်။

ဤနေရာကို ယခုမှသာ ရှာတွေ့ခဲ့လို့ပါ။

ဤအချိန်မှာပဲ မူလရွှေစေတီဟာ ပို၍ပင်

ပြင်းထန်စွာ တုန်လှုပ်သွားတော့သည်။

ယန်ယဲ့ သည် ပိုင်ဇီရှန် ကို

အာရုံစိုက်ထားသော်လည်း နှင်းပွင့်လေး

လုပ်ဆောင်နေသမျှကို မြင်နေရသည်။

သူတားချင်နေသော်လည်း

ယခုအချိန်တွင်ထွက်မသွားနိုင်ပေ။

ဤအတောအတွင်း နှင်းပွင့်က

ရှေ့ဆက်မသွားတော့ဘဲ

ရပ်နေလေသည်။ အကြောင်းမှာ

ရှေ့မလှမ်းမကမ်း၌
ပုံရိပ်တစ်ခုရှိနေတာကြောင့်ပါ။

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
သူမ၏လက်သည်းများကို ဝှေ့ယမ်းလိုက်
လေသည်။ သေချာသည်မှာ ထိုအရာက
ဘာလဲဟုမေးနေတာဖြစ်သည်။

ဤအချိန်တွင် နှင်းပွင့်၏ရှေ့မှာ
လှိုင်းတွန့်များ ပေါ်လာသည်။ ထိုအခါ

နှင်းပွင့်၏ လက်သည်းများ
မြောက်တက်လာပြီး
ပုတ်လိုက်လေသည်။

အချိန်အနည်းငယ်ကြာပြီးနောက်
"ကောင်းပြီ" ဟူသော အသံတစ်သံ
ထွက်ပေါ်လာသည်။

နှင်းပွင့်၏မျက်လုံးသေးသေးလေးများ

အရောင် ပိုတောက်ပလာတယ်။

ထို့နောက်

လက်ခုပ်တီးပြီး လျင်မြန်စွာ

ဝှေ့ယမ်းလိုက်ပါတော့သည်။

ထိုခဏလေးအတွင်း ဤနေရာတွင်

သိပ်သည်းသောဝိညာဉ်စွမ်းအင်များ

ပေါ်လာပါတော့သည်။

မလှမ်းမကမ်းရှိ ပုံရိပ်ရ တဖြည်းဖြည်း

ရှင်းလာပါသည်။

ဤအတောအတွင်း အပြင်လောက၌

ယန်ယွဲ့၏လက်ဝါးပေါ်ရှိ မူလစေတီက

အဆက်မပြတ်တုန်လှုပ်နေသည်။

အစောပိုင်းက နှင်းပွင့်ကို

တားဆီးချင်နေသော်လည်း ယခုတော့

မသွားရဲတော့ပေ။

အချိန်အတန်ကြာပြီးနောက်တွင်

မူလစေတီ သည် ယန်ယဲ့၏လက်ထဲမှ

ပြောက်တက်လာသည်။ ယန်ယဲ့ သည်

အံ့အားသင့်သွားခဲ့သည်။ သို့သော်

ပြင်းထန်သော နာကျင်မှုက သူ့ဗိုက်ကို

ထိမှန်သွားသည်။ သူ မတုံ့ပြန်နိုင်ခင်မှာပဲ

အဝေးသို့ လွင့်ထွက်သွားခဲ့သည်။

ခဏအကြာတွင် ပိုင်ဇီရှန်က
မူလစေတီကို ဖမ်းကိုင်လိုက်လေသည်။

မူလစေတီက ပြင်းထန်စွာ
တုန်ခါနေဆဲဖြစ်သည်။ ၎င်းသည်
ကြောက်မက်ဖွယ်ရာ တစ်စုံတစ်ရာကို
ကြုံတွေ့နေရသလိုပင်။ သို့သော်လည်း
ပိုင်ဇီရှန်က တင်းတင်းကြပ်ကြပ်
ဆုပ်ကိုင်ထားသောကြောင့်
မလှုပ်ရှားနိုင်တော့ပေ။

ယန်ယဲ့ သည် အတော်လေး အံ့အားသင့်သွားသည်။ သူဘာမှ မလုပ်ဘဲ မူလစေတီကို ငေးကြည့်ရင်း မျက်မှောင်ကြုတ်နေလိုက်သည်။ တစ်ခုခုတော့ လွဲနေပြီ၊ တစ်ခုခုတော့ လွဲသွားပြီ။

ဤအချိန်တွင် ပိုင်ဇီရှန်က သူမ၏လက်ဝါးပေါ်ရှိ မူလရွှေစေတီကို

စိုက်ကြည့်ရင်း မပြုံးဘဲ

မနေနိုင်တော့ပေ။

ထို့နောက် ယန်ယဲ့ ကိုကြည့်လိုက်ပြီး "နင်

အခု သေနိုင်ပြီ"

သို့သော် တိုက်ခိုက်ရန် ပြင်လိုက်စဉ်မှာပဲ

မူလစေတီက ရုတ်တရက် ပြင်းထန်စွာ

တုန်ခါသွားကာ အတွင်းမှ

ပုဆိန်တစ်လက် ထွက်ပေါ်လာသည်။
ပုဆိန် ပေါ်လာသည်နှင့်
ပိုင်ဇိရှန်၏အမူအရာက ချက်ချင်းပင်
သိသိသာသာ ပြောင်းလဲသွားသည်။
ထို့နောက် မီတာရာချီအထိ
ကမန်းကတန်း ခုန်ဆုတ်သွားသည်။

တစ်ချိန်တည်းမှာပင်
သူမ၏ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော
အော်ရာတစ်ခု ပေါက်ကွဲထွက်လာသည်။

ဤအချိန်တွင် ပုဆိန်က ခုတ်ချလာသည်။

ဘမ်း...

ပုဆိန်က ပိုင်ဇိရှန်၏ အော်ရာကို ဖြိုခွဲပြီး
တည့်တည့်ခုတ်ချလိုက်သည်။

ယန်ယွဲ့ သည် သူ့ရှေ့က မြင်ကွင်းကြောင့်
လုံးဝ အံ့အားသင့်သွားသည် ။

ဤအချိန်တွင် နှင်းပွင့်က သူ့ရှေ့မှာ ရုတ်တရက်ပေါ်လာသည်ကို မြင်လိုက်ရသည်။ သူမက ပိုင်ဇိရှန်ကို ငေးကြည့်နေရင်းမှ ယန်ယဲ့ဖက်ပြန်လှည့်ကာ ချစ်စဖွယ်ပြုံးပြလိုက်သည်။

ယန်ယဲ့က နှင်းပွင့်ကို ပွေ့ချီလျက် “နှင်းခံလေး၊ မင်း ဘာလုပ်လိုက်တာလဲ”

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
သူမ၏လက်သည်းလေးကို
မြှောက်လိုက်ရာ ပုဆိန်လေးတစ်လက်
ပေါ်လာသည်။

သို့ရာတွင် ပုဆိန်အစစ်မဟုတ်ပါ၊
စွမ်းအင်ပုဆိန်တစ်လက်သာ ဖြစ်သည်။

ယန်ယဲ့၏မျက်နှာက အနည်းငယ်
ဖျော့တော့သွားသည် ။

သူက စွမ်းအင်ပုဆိန်ကို
ဘာလဲမှန်းဆမိလို့ပါ။ ၎င်းသည်
ဒဏ္ဍာရီလာ ဖန်ဆင်းခြင်းရှေးဦးပုဆိန်
ဖြစ်နိုင်ပါသည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး
"နှင်းခဲလေး၊ အဲဒီအရာ ထွက်လာပြီလား"

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး

သူမ၏ခေါင်းကို အမြန်ခါလိုက်သည်။

ထို့နောက်တွင် သူမ၏လက်များကို

ဝှေ့ယမ်းလိုက်သည်။

အချိန်အနည်းငယ်အကြာတွင်

ယန်ယွဲ့၏မျက်နှာသည်

အနည်းငယ်သက်သာလာသည်။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် က

ချိတ်ပိတ်စည်းကနေ

လွတ်မြောက်တာတာမဟုတ်သေးပါ။
သို့သော် ၎င်း၏ ခွန်အားအချို့ကို
အသုံးပြုနိုင်သည်။

ဤအချိန်တွင် ယန်ယဲ့နှင့် မူလစေတီ ဟာ
မထိန်းနိုင်ဘဲ တုန်လှုပ်နေခဲ့သည်။

သို့ရာတွင် မတားရဲကြပေ။ ယခုနေ
ဖိနှိပ်လိုက်ပါက
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် သာ

အတင်းအကြပ်ထွက်လာသည်နှင့်

နှစ်ယောက်စလုံး သေရမည်ဖြစ်သည်။

ထို့အပြင် မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်

က နှင်းပွင့်ကို

ကူညီပေးသောအကြောင်းအရင်းမှာ

နှင်းပွင့်ကြောင့်ပါ။ နှင်းပွင့်က

ကူညီမည်လျှင် ယန်ယွဲ့အား ကူညီမည်ဟု

ကတိပေးခဲ့သည်။ မူလပုဆိန်က

သူ၏ကတိစကားကို

ပြန်မရုတ်သိမ်းလိုက်ပေ။ စွမ်းအင်ပုဆိန်

သာဖြစ်သော်လည်း ပိုင်ဇီရှန် ဟာ

သေလုမျောပါးဒဏ်ရာရသွားခဲ့သည်။

ယန်ယဲ့ သည် သူ့ထံမှ

ချီးမွမ်းမှုလိုချင်နေသော နှင်းပွင့်ကို

စိုက်ကြည့်ရင်း

တဟားဟားရယ်မောလိုက်သည်။

ထို့နောက် သူမ၏ ခေါင်းလေးကို

ပွတ်သပ်ကာ “ကလေး…

မင်းတော်လိုက်တာ”

နှင်းပွင့်၏မျက်လုံးလေးများ

ချက်ချင်းလင်းလက်လာပြီး ယန်ယဲ့ကို

ပွေ့ဖက်ကာ ထပ်ခါထပ်ခါ

နမ်းလိုက်သည်။

ယန်ယဲ့ သည် မသိမသာ

ခေါင်းယမ်းလိုက်သည်။ ယခုလက်ရှိမှာ

မသေချာမရေရာသော အချက်တွေ

အများကြီးရှိနေသည့်တိုင်

အဆင်ပြေနေသရွေ့တော့

အတွေးမများတော့ပေ။ အကြောင်းမှာ

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် သာ

မကူညီခဲ့လျှင် သူအသတ်ခံရသည်မှာ

ကြာပြီဖြစ်သည်။

ခဏအကြာတွင် ယန်ယဲ့ သည် နှင်းပွင့်ကို

မူလစေတီထဲ ပြန်ဝင်ခိုင်းလိုက်၏။

အထဲကို ဝင်လိုက်သည်နှင့် တပြိုင်နက်
ရွှေစေတီငယ်လေးက သူမရှေ့တွင်
ပေါ်လာပြီး ပြင်းထန်စွာ
တုန်လှုပ်သွားသည်...

နှင်းပွင့်က အံ့သြသွားသည်။

ယန်ယဲ့ က မူလစေတီနှင့် နှင်းပွင့်တို့အား

လစ်လျူရှုထားလိုက်သည်။ ထိုအစား

လဲကျနေသော ပိုင်ဇီရှန် ရှေ့သို့

လျှောက်သွားလိုက်သည်။

ဤအခိုက်အတန့်တွင် ပိုင်ဇီရှန် က

မြေကြီးပေါ်မှာ ထထိုင်နေပါပြီ။

သူမ၏ဝမ်းဗိုက်ပေါ်တွင် အလွန်နက်သော

ဒဏ်ရာတစ်ခု ရှိနေသည်။

ထို့အပြင် သူမ၏ဒဏ်ရာတစ်ဝိုက်မှာ

မကောင်းဆိုးဝါးစွမ်းအင်ကြိုးတစ်ချော

င်းအဆက်မပြတ်တိုက်စားနေသည်။

ဂုင်းက သူမအား

မလှုပ်ရှားနိုင်တော့အောင်

ဖိနှိပ်ထားခဲ့သည်။

ယန်ယဲ့က ထိုင်ချလိုက်ပြီး ပိုင်ဇီရှန် ကို

စိုက်ကြည့်ကာ "ဘာလို့

ကြွားလုံးထုတ်မနေတော့တာလဲ"

သူမက ယန်ယဲ့ကို အေးစက်စွာ

ကြည့်လိုက်ပြီး

"ပုရွက်ဆိတ်တစ်ကောင်ကများ... "

ယန်ယဲ့က လက်တစ်ဖက်မြှောက်ပြီး

သူမ၏မျက်နှာကို

ဖြတ်ရိုက်ချလိုက်သည်။

ဖြောင်း...

ပိုင်ဇိရှန်၏ ညာဖက်ပါးပြင်ပေါ်တွင်
ထင်ရှားသောလက်ဝါးရာကြီး
ချက်ချင်းပေါ်လာသည်။

သို့သော် တုန်လှုပ်မသွားဘဲ
သူမ၏မျက်နှာပေါ်တွင်
ရက်စက်ကြမ်းကြုတ်သောအမူအရာပေါ်
လာသည်။ ပိုင်ဇိရှန် က ယန်ယဲ့ကို
စူးစူးရဲရဲ စိုက်ကြည့်ကာ “နင်က
သေလမ်းရှာနေတာပံ”

ထိုစကားပြောပြီးသည်နှင့်
အရာအားလုံးကို လစ်လျူရှုကာ သူမ၏
ဆန်းကြယ်ချီစွမ်းအင်ကို အသုံးပြုရန်
ပြင်လိုက်သည်။ သို့သော်လည်း ယန်ယွဲ့
သည် ခြေထောက်တစ်ဖက်ကို မြှောက်ပြီး
သူမဝမ်း၏ဗိုက်ပေါ် တက်နင်းလိုက်ကာ
"မင်းရဲ့ အခြေအနေကို မင်းသိသင့်တယ်။
ငါ မသတ်ရဲဘူးလို့ မထင်နဲ့။ ငါ မင်းကို
တစ်ခုခုမေးချင်တယ်၊

ငါ့ကိုကျေနပ်စေတယ်ဆိုရင်တော့ မင်းကို
ချက်ချင်းမသတ်သေးဘူး ၊ မင်း
ပူးပေါင်းရင်တော့
မြန်မြန်သေခိုင်းလိုက်မယ်။ မဟုတ်ရင်...”

ယန်ယဲ့က ပိုင်ဇီရှန်ကို စိုက်ကြည့်လိုက်ပြီး
အစိမ်းပွါယ်လေးနက်တဲ့ အပြုံးတစ်ခုကို
ထုတ်ဖော်လိုက်ပါသည်။

"နင်လုပ်ရဲ့သလား…။ နင်ငါ့ကိုထိရဲရင် ငါသတ်ပစ်မယ်"

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား"

ယန်ယဲ့၏မျက်နှာက ရုတ်တရက် အေးစက်လာပြီး သူ့ညာဖက်လက်ကို အနည်းငယ် မြှောက်လိုက်သည်။

ထိုအခါ

ပိုင်ဇီရှန်၏ရင်ဘတ်ကိုဖုံးပေးထားသောဝတ်ရုံကစုတ်ပြဲသွားသည်။

ယန်ယဲ့၏အမြင်အာရုံထဲ
တောင်တန်းကြီးနှစ်ခု ပေါ်လာသည်။

ဤအချိန်တွင် ပိုင်ဇိရှန်၏မျက်နှာက
ရက်စက်ကြမ်းကြုတ်လာသည်။
သူမ၏မျက်လုံးထဲ၌ လူသတ်လိုစိတ်များ
ပေါက်ကွဲထွက်လာသည်။

အရှက်တရား ။

မူလတာအိုသခင်တစ်ပါးအတွက်

လုံးဝကိုအရှက်ရစရာဖြစ်သည်။

သို့သော် ယန်ယဲ့ သည် ဂရုမစိုက်ဘဲ

လစ်လျူရှုထားခဲ့သည်။ သူက

ပိုင်ဇိရှန်၏

ရင်ဘတ်ကို ငုံ့ကြည့်ကာ “ဒါက

ဒီလောက်ကြီးမယ်လို့ မထင်ထားဘူး။

ကိုင်လိုက်ရင် ဘယ်လိုခံစားရမလဲလို့
တွေးမိတယ်"

စကားပြောနေရင်း
သူမ၏လက်ချောင်းများက
ပိုင်ဇိရှန်၏ရင်ဘတ်ဆီသို့
ရွေ့လျားသွားသည်။

ပိုင်ဇိရှန်က ရုတ်တရက် ဒေါသတကြီး
အော်ဟစ်လိုက်သည် "နင် ဘာမေးမှာလဲ"

သို့သော်လည်း ယန်ယဲ့က ဘာမှ
မမေးခဲ့ပေ။ သူ့လက်ချောင်းများက
ပိုင်ဇီရှန်၏ တောင်ပို့နှစ်လုံးကို
ဖမ်းဆုပ်ကာ ညင်သာစွာ
ညှစ်လိုက်သည်။

နှုးညှံ့လိုက်တာ ။

ယန်ယဲ့က စိတ်မထိန်းနိုင်ဘဲ

ထပ်မံဆွဲညှစ်လိုက်ပြီး

"အရမ်းကောင်းတာပဲ.."

စကားပြောရင်း ပိုင်ဇီရှန်ကို

စိုက်ကြည့်နေသည်။ ဤအချိန်တွင်

သူမ၏မျက်နှာက ထူးထူးခြားခြား

ငြိမ်သက်နေပါသည်။ မျက်လုံးထဲ၌

ဘာခံစားချက်မှုကို ရှိမနေဘဲ ယန်ယဲ့အား

တည့်တည့်ကြည့်နေသည်။

ယန်ယဲ့က အဓိပ္ပါယ်မရှိတော့သလို ခံစားလိုက်ရပြီး သူ့လက်ကို ဖယ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ပိုင်ဇီရှန် က “ဘာလဲ၊ မထိရဲတော့ဘူးလား"

မကိုင်ရဲဘူးလား...

ယန်ယဲ့က စကားမပြောဘဲ ပိုင်ဇီရှန် ကို စိုက်ကြည့်နေသည်။ ခဏအကြာမှ သူက အေးစက်စက်ဖြင့် “ဒါဟာ အရှက်တရားလို့ ထင်သလား။ ဟုတ်တယ်၊ မင်းဘယ်လိုခံစားရလဲ သိချင်မိတယ်။ သန်မာသူတွေက နှစ်သက်သလို လုပ်နိုင်တယ်ဆိုတာ မင်းကိုသိသွားစေချင်တယ်"

"နင့်ကို သန်မာတဲ့လူလို့
အခေါ်ခံရဖို့တောင် ထိုက်တန်သလား"
ပိုင်ဇိရှန်က "အဲဒီပုဆိန်ကြောင့်မဟုတ်ရင်
နင်..."

ယန်ယွဲ့က သူ့လက်ကို မြှောက်ပြီး
ပါးဖြတ်ရိုက်လိုက်သဖြင့်
ပိုင်ဇိရှန်၏အသံက ရုတ်တရက်
ရပ်သွားသည်။

"အဲ့ဒါကြောင့်မဟုတ်ရင်တဲ့လား.... "

ယန်ယဲ့က အေးစက်စွာ ရယ်မောလိုက်ပြီး

"မင်း ငါ့ထက်အရင်

နှစ်ပေါင်းများစွာအထိ

အသက်ရှင်လာခဲ့တာ၊

ဒါကိုထည့်မတွက်ရင် ငါ့ရှေ့မှာ

စကားပြောဖို့ အခွင့်အရေးတောင်

ရှိပါ့မလား။ သူများတွေကို

လုပ်ချင်သလိုလုပ်ပြီး ကိုယ့်အလှည့်ကျ

ဘယ်လိုမျိုးလဲ ဆိုတာ ပြပါရစေ"

ယန်ယဲ့က ညာဘက်လက်ကို

ဝှေ့ယမ်းလိုက်သည်။

ဆူး...

စုတ်ပြဲသံများ ထွက်ပေါ်လာပြီးနောက်

ပိုင်ဇီရှန်၏တစ်ကိုယ်လုံး

အဝတ်အစားကင်းမဲ့သွားသည်။

ဒီအချိန်မှာ သူမ၏

မိမွေးတိုင်းဖမွေးတိုင်းခန္ဓာကိုယ်က

ယန်ယဲ့ရှေ့မှာ ပေါ်လာခဲ့သည်။

သို့သော်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်ကြောင့်

ဒဏ်ရာအပြင်းအထန် ရနေသဖြင့်

ဘာမှမတတ်နိုင်ဘဲ

အကူအညီမဲ့စွာသာရှိနေခဲ့သည်။

ဘာမှမလုပ်နိုင်တော့သဖြင့်

ယန်ယွဲ့သဘောအတိုင်းသာ

လုပ်ခွင့်ပေးလိုက်ရသည်။

"ယန်.... ယဲ... " ပိုင်ဇိရှန် က ယန်ယွဲ့ကို

စိုက်ကြည့်ပြီး "နင်ဘာလိုချင်လို့လဲ...."

သူမ၏ အသံက သိသိသာသာပင်

တုန်လှုပ်နေသည်။

"မင်းကြောက်နေတာလား..." ယန်ယဲ့က လှောင်ပြောင်ရယ်မောရင်း "မင်း စောစောက ဒေါသထွက်နေတာမဟုတ်ဘူးလား။ မင်းငါ့ကိုမသတ်ချင်ဘူးလား"

ပိုင်ဇီရှန် က အေးစက်သောလေသံဖြင့် ပြောလိုက်သည် "နင်ငါ့ကိုသတ်ချင်ရင် လုပ်လိုက်။ ငါ့ကို ဘာလို့အရှက်ခွဲနေရတာလဲ"

ယန်ယဲ့က တစ်ခွန်းမှ ပြန်မပြောပါ။ သူက ခေါင်းယမ်းပြီး ပိုင်ဇီရှန်ကို စိုက်ကြည့်ရင်း “ကဲ… ငါ မေးမယ်။ အမှန်တိုင်းဖြေမယ်လို့တော့ မျှော်လင့်ပါတယ်။ ဒါ့အပြင် ငါ့ကိုဒီလိုကြည့်နေတာ ရပ်လိုက်ပါ။ မင်းကို ငါစိတ်မဝင်စားဘူး။ ငါ့အိပ်ရာထဲကိုဝင်ချင်တဲ့သူတွေမှ အများကြီးပဲ၊

မရေမတွက်နိုင်အောင်ကိုရှိတယ်။

မင်းကတော့ ပြောရရင်

မင်းနဲ့မထိုက်တန်ဘူး"

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

## အပိုင်း ၂၆၄၈ - (Thet)ဖြတ်ခြင်းသည် ရှင်သန်ရန် တစ်ခုတည်းသောနည်းလမ်း

ပိုင်ဇိရှန်၏ မျက်နှာလှလှလေးက ယခုအခါ မလိုက်အောင်ပင် မှိုင်းညို့နေခဲ့သည်။ အကြည့်ဖြင့်သာ လူသတ်နိုင်ရင်တော့ ယန်ယဲ့ဟာ အကြိမ်တစ်သန်းလောက် သေသွားလောက်ပြီဖြစ်သည်။

သို့ရာတွင် ယန်ယဲ့က သူ့ရှေ့မှ

ပိုင်ဇီရှန်၏ကိုယ်တုံးလုံးကို လုံးဝ

စိတ်မဝင်စားခဲ့ပေ။ သူက

ပတ်ဝန်းကျင်ကို

လှည့်ပတ်ကြည့်လိုက်ပြီး

"ငါသိချင်တာကို မင်းသေချာသိပါတယ်"

ပိုင်ဇီရှတ်က နှုတ်ဆိတ်နေဆဲ ။

ခဏမျှ တိတ်ဆိတ်သွားပြီးမှ ယန်ယဲ့ကို မော့ကြည့်ကာ "ထာဝရနယ်စပ် .."

ယန်ယဲ့က စိတ်ရှုပ်နေသော လေသံဖြင့် စကားဖြတ်မေးလိုက်သည် "ထာဝရနယ်နိမိတ်လား။ အဲဒါ ဘာကိုပြောတာလဲ..."

ပိုင်ဇီရှန် က ယန်ယဲ့အား တစ်ချက်ကြည့်လိုက်ပြီး

စာအုပ်ထူကြီးတစ်အုပ်ကို သူ့ဆီလှန်းပြီး ပစ်ပေးလိုက်သည်။ စာအုပ်အဖုံးပေါ်၌ ကြီးမားသောစာလုံးနှစ်လုံး "အဆုံးမဲ့ကမ္ဘာများ" ဟူ၍ပင်။

ယန်ယဲ့က စာအုပ်ကို တစ်ချက်ပုတ်လိုက်ရာ အလင်းတန်းအသွင် ပြောင်းပြီးသူ၏နဖူးထဲသို့ ဝင်ရောက်သွားသည်။

သိပ်မကြာလိုက်ဘဲ သူ့စိတ်ထဲတွင်
များစွာသော အချက်အလက်များ
ထွက်ပေါ်လာခဲ့သည်။

ထာဝရနယ်စပ်....

လက်ရှိ သူတို့နေထိုင်သော ကမ္ဘာသည်
ထာဝရနယ်စပ် ဖြစ်သည်။ ၎င်းသည်
ထာဝရစကြဝဠာ၏အစွန်နေရာ၌
ရှိနေသောကြောင့်

ထာဝရနယ်နိမိတ်ဟုခေါ်ဆိုခဲ့သည်။
"ထာဝရစကြာဝဠာ" သည်
ထာဝရနယ်နိမိတ်ရှိလူတိုင်း
သွားချင်ခဲ့သောနေရာတစ်ခု

အကြောင်းမှာ ထာဝရစွမ်းအင်သည်
ထာဝရစကြာဝဠာ၌သာ
ရှိနေသောကြောင့်ဖြစ်သည်။

စာအုပ်၏ နိဒါန်းပိုင်းတွင်

စကြာဝဠာအများအပြား၌

နတ်ဘုရားအဆင့် ဝိညာဉ်စွမ်းအင်

အမျိုးအစား ၁၀ မျိုးအကြောင်း

ဖော်ပြထားသည်။ ထိုအထဲတွင်

မူလခရမ်းရောင်စွမ်းအင် နှင့်

ဟင်းလင်းပြင်ဝိညာဉ်စွမ်းအင်တို့ပါဝင်သ

ည်။ ထိုစွမ်းအင်နှစ်မျိုးက

နတ်ဘုရားအဆင့်

ဝိညာဉ်စွမ်းအင်စာရင်း၌ အဆင့် ၆ နှင့်
အဆင့် ၅ အသီးသီးရှိကြသည်။
ဟင်းလင်းပြင်ဝိညာဉ်စွမ်းအင် သည်
မူလခရမ်းရောင်စွမ်းအင်ထက်
တစ်ဆင့်မြင့်သည်။

၎င်းသည် ဟင်းလင်းပြင်ဝိညာဉ်ဧကရီ
ဘာ့ကြောင့် သန်မာနေရသနည်းဟူသော
အကြောင်းအရင်းပင်ဖြစ်လေသည်။

ထာဝရနယ်စပ်မှ လူတိုင်း ယန်ယဲ့အား
မည်သည်ကြောင့်
ပစ်မှတ်ထားနေသနည်း။
လူတိုင်းက သဘာဝတရား၏မူလစေတီ
နှင့် မူလခရမ်းရောင်စွမ်းအင်ကို
လိုချင်နေကြတာပါ။

အထူးသဖြင့် မူလခရမ်းရောင်စွမ်းအင်ကို
ပိုပြီးလိုချင်ကြသည်။

အမှန်တော့ မူလခရမ်းရောင်စွမ်းအင်

အပြင် ကံကြမ္မာဗောဓိပင် နှင့်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကိုပါ

လိုချင်ခဲ့ကြသည်။ စာအုပ်အရ

အမြင့်မြတ်ဆုံးနတ်ရတနာ (၁၀ )

ပါးရှိခဲ့သည်။ ထိုအထဲ၌

ကံကြမ္မာဗောဓိပင်နှင့် မူလရှေးဦးပုဆိန်

တို့နှစ်ခုစလုံး ပါဝင်နေသည်။

အထူးသဖြင့်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် သည်
အမြင့်မြတ်ဆုံး နတ်ရတနာစားရင်းတွင်
အဆင့် ၄ ဖြစ်ခဲ့သည်။ ကံကြမ္မာဗောဓိပင်
ကတော့ အဆင့် ၁၀ တွင်ရှိခဲ့ပြီး ၎င်းထက်
အဆင့်နိမ့်ကျသည်။

သို့ရာတွင် လောက၏
အမြင့်မြတ်ဆုံးစာရင်းဝင်
နတ်ရတနာအများစုက
ယန်ယဲ့၏လက်ထဲမှာ ရောက်နေခဲ့သည်။

ဤအချိန်တွင် ယန်ယွဲ့၏မျက်နှာက
အတော်လေး မှုန်ကုပ်ကုပ် ဖြစ်နေသည်။
မူလခရမ်းရောင်စွမ်းအင် သည်
ထာဝရစွမ်းအင် ထက်
အဆင့်နိမ့်သော်လည်း ၎င်းသည်
မရေမတွက်နိုင်သော ကျင့်ကြံသူများ
အိပ်မက်မက်နေဆဲဖြစ်သည်။ ထို့အပြင်
သူပိုင်ဆိုင်ထားသော
ကံကြမ္မာဗောဓိပင်နှင့်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်
တို့ဟာလည်း ထာဝရနယ်နိမိတ်၌
အာရုံစူးစိုက်မှုဟု ဆိုနိုင်ပါသည်။

သေချာပါသည်။ ထာဝရနယ်စပ်ရှိ
ကျင့်ကြံသူများ အားလုံး၏
အကြည့်များက သူ့အပေါ်တွင်
ရှိနေခဲ့သည်။

ထို့အပြင် ယန်ယဲ့ သည်

ထာဝရနယ်စပ်တွင် အင်အားစု (၁၂) ခု၊

ရှေးဟောင်းနယ်မြေတစ်ခု၊

မြို့ကြီးနှစ်မြို့၊ ဂိုဏ်းကြီး သုံးဂိုဏ်းနှင့်

မျိုးနွယ်ကြီး (၆)

ခုရှိနေကြောင်းသိလိုက်ရသည်။

၎င်းတို့ကား အင်မော်တယ်ခန်းမ၊

အဖြူရောင်ဧကရာဇ်မြို့တော်၊

ကောင်းကင်ဓားမြို့တော်၊

သိုင်းနတ်ဘုရားဂိုဏ်း၊
နတ်ဝိညာဉ်ဂိုဏ်းနှင့်
ကောင်းကင်ဘုံသိုင်းတာအိုဂိုဏ်းတို့ပင်ဖြ
စ်ကြသည်။

အမှန်တော့ ထိုဂိုဏ်းကြီး (၃) ဂိုဏ်းဟာ
အတိတ်တစ်ချိန်က
ဂိုဏ်းတစ်ခုတည်းပင်ဖြစ်သည်။
သို့သော်လည်း
အတွင်းရေးပဋိပက္ခကြောင့် အုပ်စု (၃)

စုကွဲသွားခဲ့သည်။

မှတ်သားထိုက်သည့်အချက်မှာ ဂိုဏ်းကြီး ၃ ဂိုဏ်းစလုံးက လူတစ်ဦးတည်းကို ရိုသေလေးစားကြခြင်းပင်ဖြစ်သည်။

မျိုးနွယ်ကြီး ၆ ခု နှင့်ပတ်သက်၍တော့ ရှီယွမ်မျိုးနွယ်၊ နန်လီမျိုးနွယ်၊ ပိုင်ချွမ်မျိုးနွယ်၊ ဟန်ယွမ်မျိုးနွယ်၊ လုလီမျိုးနွယ်နှင့် ယုမျိုးနွယ်တို့ဖြစ်သည်။

ရှီယွမ်မျိုးနွယ်.... ။ မူလမျိုးနွယ်ကို

ဤနေရာတွင် ရှီယွမ်ကလန်

ဟုခေါ်ကြသည်။

ဤမျိုးနွယ်စုများအားလုံးသည်

မတူညီသောစကြဝဠာများမှ

ရောက်လာခဲ့ကြသည်။

အတိတ်တစ်ချိန်က

သက်ဆိုင်ရာစကြဝဠာများ၏

အုပ်စိုးရှင်များဖြစ်ခဲ့ကြသည်။
နောက်ဆုံးတွင် ထာဝရနယ်စပ်၌
အခြေချနေထိုင်ကာ စကြာဝဠာများကို
အဆက်မပြတ်စူးစမ်းလေ့လာခဲ့ကြသည်
။

အကြောင်းမှာ ထာဝရနယ်စပ် သည်
ထာဝရစကြာဝဠာ၏
နယ်နိမိတ်အစွန်တွင်ရှိသောကြောင့်ပါ။
ထာဝရစကြာဝဠာ သည်

သူတို့၏ အဓိကပန်းတိုင်ဖြစ်လေသည်။

ဤနေရာတွင် အင်အားစုများကြား

သဘောထားကွဲလွဲမှုအချို့ရှိခဲ့သော်လ

ည်း၊ အမြဲတမ်း ငြိမ်းချမ်းနေခဲ့သည်သာ။

မည်သူမှ ပြဿနာဖြစ်အောင်

မကြိုးစားပေ။ သို့ရာတွင် ယန်ယွဲ့

ရောက်လာပြီးနောက်မှာ ထာဝရနယ်စပ်

သည် ငြိမ်းချမ်းခြင်းမရှိတော့ပေ။

ဤအချိန်တွင်
ထာဝရနယ်စပ်တစ်ခုလုံးသည် ယန်ယွဲ့ကို
လိုက်လံရှာဖွေနေကြသည်။

လူတိုင်းက သဘာတရား၏မူလစေတီ၊
ကံကြမ္မာဗောဓိပင်နှင့်
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် အတွက်
သူ့အား အမဲလိုက်နေကြသည်။
အားလုံးက ထိုရတနာများကို
သူတို့ကိုယ်တိုင် လိုချင်ကြသည်။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

အခြေအနေက သူထင်ထားတာထက်ကို

ပိုပြင်းထန်နေခဲ့သည်။

ထိုနတ်ရတနာသုံးပါးရှိနေခြင်းဟာ

သူ့အား လွတ်လမ်းမရှိတော့သော

သေခြင်းတရားဆီသို့

တွန်းပို့နေသယောင်ပင်။ သို့သော်

သူသည် နတ်ရတနာသုံးပါးကို

လွှဲပြောင်းပေးလိုက်သည့်တိုင်

ထာဝရနယ်စပ်မှ

လွတ်မြောက်နိုင်မည်လား။

အဖြေကမဖြစ်နိုင်ပါ၊

လူတိုင်း၏အမြင်မှာ

ဖြစ်ပေါ်လာနိုင်သည့် ပြဿနာကို

အသက်ရှင်လျက်

ချန်ထားခဲ့မည်မဟုတ်ကြပေ။

ယန်ယဲ့ အသက်ရှင်နေသရွေ့တော့

သူတို့အတွက်

ကပ်ဘေးဖြစ်လာနိုင်သည်လေသည်။

ယန်ယဲ့က မျက်လုံးပြန်ဖွင့်ပြီး ပိုင်ဇိရှန်

ကိုစိုက်ကြည့်ကာ " ဒီစာအုပ်ကို

ရေးသားခဲ့သူက ဘယ်သူလဲ"

ဟုမေးလိုက်သည်။

ပိုင်ဇီရှန် က "နန်လီမန်၊ နန်လီကလန် ရဲ့

ညာဏ်ကြီးရှင်။ အတိတ်တစ်ချိန်က

ထာဝရနယ်စပ်ရဲ့ မြင့်မြတ်အဆင့်မှာ

အဆင့် ၃ နေရာမှာ ရပ်တည်ခဲ့တယ်။

သူမက နန်လီကလန်ရဲ့ ရှားရှားပါးပါး

ညာဏ်ကြီးရှင် ဖြစ်လို့ ကလန်တစ်ခုလုံးက

ဂုဏ်ယူကြတယ်။ ဒါ့အပြင် သူမ

မရှိရင်တော့ နန်လီကလန်တစ်ခုလုံး
ထာဝရနယ်စပ်
ကနေပျောက်ကွယ်သွားလောက်ပြီ”

မြင့်မြတ်အဆင့်တွေ....

ယန်ယွဲ့က ခဏလောက်စဉ်းစားပြီး
"ငါ့ရဲ့အဆင့်က ဘယ်လိုဖြစ်မလဲ"
ဟုမေးလိုက်သည်။

"နင် လား..." ပိုင်ဇိရှန်၏

ပါးစပ်ထောင့်တွင် လှောင်ပြောင်မှုတစ်ခု

ထွက်ပေါ်လာပြီး "နောက်ထပ် အနှစ်

(၁၀,၀၀၀) မှာတောင် နင်ရှိနေမှာ

မဟုတ်ဘူး"

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်ပင်

ဖြစ်သွားသည်။

ပိုင်ဇိရှန် က ယန်ယဲ့ကိုမော့ကြည့်ကာ

တိတ်ဆိတ်နေသည်။ ဤနေရာသည်

ရုတ်တရက်ကြီး တိတ်ဆိတ်သွားသည်။

ယန်ယဲ့က စကားမပြောဘဲ

ဓားကိုဆတ်ခနဲဆွဲထုတ်ပြီး

ပိုင်ဇိရှန်၏ခေါင်းတည့်တည့်ထိုးသွင်းလို

က်လေသည်။

သူက ပိုင်ဇီရှန်ကို

ပြန်လွှတ်မပေးချင်ဘဲတစ်ခါတည်း

အပြတ်ရှင်းဖို့ဆုံးဖြတ်လိုက်သည်။

ယန်ယဲ့ သည် လူမိုက်မဟုတ်ပေ။ သူသာ

ပိုင်ဇီရှန် ကို မသတ်ဘဲ

ပြန်လွှတ်ပေးလိုက်လျှင်

ဒဏ်ရာကနေပြန်ကောင်းလာပါက

သူ့အား လာသတ်ပါလိမ့်မည်။

ထိုအခြေအနေကို ကာကွယ်လိုပါက
နည်းလမ်းတစ်ခုသာ ရှိခဲ့သည်။

တစ်ခါတည်း အပြတ်ရှင်းလိုက်တာပါ။

ယန်ယွဲ့၏တိုက်ခိုက်မှုသည်
အလွန်လျင်မြန်ခဲ့သည်။ သို့သော်လည်း
ပိုင်ဇီရှန်၏ခေါင်းမှ
လက်မဝက်ခန့်အကွာတွင်
သူမတစ်ကိုယ်လုံး ရုတ်တရက်

ပေါက်ကွဲထွက်သွားသည်။

ထို့နောက်တွင်တော့ ပြင်းထန်လှသော

စွမ်းအင်လှိုင်းလုံးကြီး ရိုက်ခတ်လာပြီး

ယန်ယဲ့ဟာ ချက်ချင်းပင်

လွင့်ထွက်သွားခဲ့လေသည်။

ယန်ယဲ့က အပေါ်ကို

မော့ကြည့်လိုက်သည်။

ထိုအခါ ပိုင်ဇိရှန်၏ ဝိညာဉ်က

အနက်ရောင်အလင်းတန်းတစ်ခုသဖွယ်

ပျောက်ကွယ်သွားသည်ကို

တွေ့လိုက်ရလေသည်။

တစ်ချိန်တည်းမှာပင် အဝေးမှ

အသံတစ်သံ ပျံ့လွင့်လာသည် "ယန်ယဲ့၊

ဒီအရှက်တရားအတွက် နင့်ကို

အဆတစ်သန်းပြန်ဆပ်ခိုင်းမယ်"

အသံ ရပ်တန့်သွားသည်နှင့် တပြိုင်နက်

ယန်ယဲ့ သည် ပိုင်ဇီရှန်၏ အော်ရာကို

အာရုံမခံမိတော့ပေ။ ယန်ယဲ့ သည်

ချက်ချင်း မျက်နှာပျက်သွားသည်။

မိမိကိုယ်ကို ဖောက်ခွဲခြင်း ။

ပိုင်ဇီရှန် က သူ့ကိုယ်သူ ဖောက်ခွဲပစ်ရန်

မမျှော်လင့်ထားပေ။ ရုပ်ခန္ဓာကိုယ်ကို

ဖောက်ခွဲခြင်းသည် ထိုလူအား

အတော်လေးကို ကြီးကြီးမားမား
ထိခိုက်စေပါသည်။ အကြောင်းမှာ
သူကိုယ်တိုင် တစ်ချိန်တုန်းက
ဖောက်ခွဲခဲ့ဖူးသောကြောင့်ပါ။

အကယ်၍သာ
အခြားသောရွေးချယ်စရာရှိလျှင်
သူ၏ခန္ဓာကိုယ်ကို
ဖောက်ခွဲလိုက်မည်မဟုတ်ပေ။ ပိုင်ဇီရှန်
ကဲ့သို့ မူလတာအိုသခင် တစ်ပါးအတွက်

ခန္ဓာကိုယ်ကို ပြန်ယူရန် လွယ်ကူပါသည်။
သို့သော်လည်း ခန္ဓာကိုယ်ကို
ဖောက်ခွဲခြင်းသည် အသိစိတ်နှင့်
မူလဝိညာဉ်ကို ထိခိုက်စေပါသည်။

မည်သို့ပင်ဖြစ်စေ နဂိုခွန်အားကို
အနည်းနှင့်အများ ဆုံးရှုံးစေသည်။

ပိုင်ဇီရှန်က သူမ၏ခန္ဓာကိုယ်ကို
ပြန်ပြီးယူနိုင်ခဲ့လျှင်ပင် အတိတ်ကထက်
ကွာခြားသွားပြီဖြစ်သည်။

ယန်ယဲ့ သည် ဆက်မတွေးတော့ဘဲ
ခေါင်းယမ်းလိုက်သည်။ ထို့နောက်
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

အမည်မသိတောင်တန်းတစ်ခုပေါ်တွင် ရေကန်တစ်ခုရှိခဲ့သည်။ ဤအချိန်တွင် ကောင်းကင်ယံမှ ဓားစွမ်းအင်တစ်စင်း ဆင်းသက်လာပြီး ရေကန်ထဲသို့ ထိုးကျသွားသည်။

ဆူး....

ရေကန်တစ်ခုလုံး ပေါက်ကွဲသွားသည် ။

အချိန်အတော်ကြာပြီးနောက်

ခေါင်းတစ်လုံးက

ရေကန်မျက်နှာပြင်ပေါ်မှာပေါ်လာသည်။

အခြားမဟုတ်ပေ၊ ယန်ယွဲ ပင်ဖြစ်သည်။

သူသည် ပိုင်ဇီရှန် နှင့် တိုက်ပွဲမှာ

ဒဏ်ရာအပြင်းအထန် ရခဲ့သည်။

သို့ရာတွင်

မူလခရမ်းရောင်စွမ်းအင်ရှိနေသောကြော

င့် သူ၏ဒဏ်ရာများက

တစ်နာရီမပြည့်ခင်မှာပဲ

အပြည့်အဝသက်သာသွားခဲ့သည်။

သူ၏ဒဏ်ရာများ အပြည့်အဝ

သက်သာလာပြီးနောက် ယန်ယဲ့ သည်

ရေကန်ထဲမှ တက်လာခဲ့သည်။ သူသည်

တောင်ဖက်အရပ်သို့

မျှော်ကြည့်နေသည်။ ထို့နောက်

သူ၏အကြည့်များသည် တဖြည်းဖြည်း

အေးခဲလာသည်။

ရှီယွမ်မျိုးနွယ်။ အန်နန်ကျင်း...

သူအချစ်ရဆုံးအမျိုးသမီးက

ရှီယွမ်ကလန်၏

ဖမ်းဆီးခြင်းခံထားရသည်။

သို့သော် သူသည် ရှီယွမ်ကလန် ကို
ချက်ချင်း မသွားခဲ့ပေ။ လက်ရှိမှာတော့
သူ၏ကျင့်ကြံမှုကို
အားကောင်းလာအောင်လုပ်ရန်သာ။
အန်နန်ကျင်း နှင့်ပတ်သက်၍တော့
သူ့လက်ထဲမှာ နတ်ရတနာသုံးပါး
ရှိနေသရွေ့ ရှီယွမ်ကလန်က
ဘာမှလုပ်ဦးမည်မဟုတ်ပေ။
သူအသက်ရှင်နေသ၍ ရှီယွမ်ကလန်

အနေဖြင့် အန်နန်ကျင်း ကို

ထိခိုက်စေမည်မဟုတ်ပါ။

ယန်ယဲ့ သည် သူ၏အတွေးများကို

ထိန်းကာ နေရာတွင်

တင်ပျဉ်ခွေထိုင်ချလိုက်သည်။ ထို့နောက်

မူလစေတီထဲသို့ ဝင်လိုက်သည်။

ဒီအချိန်မှာ သူ၏ကျင့်ကြံမှုကို

အခြေခိုင်အောင် လုပ်ရပါမည်။

လက်တလော အရေးကြီးသော ကိစ္စမှာ

ဖန်ဆင်းရှင်အဆင့်ကို

တည်ငြိမ်အောင်လုပ်ရန်ဖြစ်သည်။

ဤကာလအတွင်း သူ၏အော်ရာက

သန်မာမှုနှင့် အားနည်းမှုကြားတွင်

အဆက်မပြတ် ပြောင်းလဲနေခဲ့သည်။

အတော်လေးကို

မတည်မငြိမ်ဖြစ်နေတာပါ။ ၃

ရက်ခန့်ကြာသွားပြီးနောက်တွင်တော့

ဖရိုဖရဲဖြစ်နေသော

ယန်ယဲ့၏အငွေ့အသက်များဟာ

တဖြည်းဖြည်း ငြိမ်သက်သွားခဲ့သည်။

ကျင့်ကြံမှုအဆင့်ကို

တည်ငြိမ်အောင်လုပ်ဆောင်ပြီးနောက်

ယန်ယဲ့သည် ကံကြမ္မာဗောဓိပင် ဆီသို့

လျှောက်သွားသည်။

ထို့နောက် အပင်ခြေရင်း၌
တင်ပျဉ်ခွေထိုင်ချပြီး
"အဆုံးအစမဲ့အောင်သတ်ချင်တယ်..."

ဤအချိန်တွင် ကံကြမ္မာဗောဓိပင်က
ဆတ်ခနဲ တုန်ခါသွားသည်။

ယန်ယွဲ့ က ရုတ်တရက်ရယ်မောလိုက်ပြီး
“အကြောင်းပြချက် မရှိပါဘူး။
သတ်ချင်ရုံပဲ...”

ဤအချိန်တွင် ဓားအူသံတစ်သံ
ထွက်ပေါ်လာပြီးနောက် သူ့ရှေ့တွင်
အဓိပတိဓား  ပေါ်လာသည်။

ဓားက လူပုံစံပြောင်းလိုက်ပြီး ယန်ယဲ့အား
အချိန်အကြာကြီး စိုက်ကြည့်ကာ
"သတ်ဖြတ်ခြင်းတာအို ဟာ
ကောင်းကင်ဘုံတာအို ကို
ဆန့်ကျင်တယ်။ ရှေးခေတ်ကတည်းက

သတ်ဖြတ်ခြင်းလမ်းစဉ်အတွက်

ကောင်းမွန်တဲ့အဆုံးသတ်မရှိခဲ့ဘူး”

"ကောင်းကင်ဘုံတာအို လား..." ယန်ယွဲ့က

တဟားဟားရယ်ပြီး

"မင်းပြောကြည့်လေ။

ကောင်းကင်ဘုံတာအိုက ဘာလဲ"

"ကောင်းကင်ဘုံရဲ့အလိုဆန္ဒ... "

အဓိပတိဓား က “အရာရာကို

ဆုံးဖြတ်နိုင်တဲ့ မမြင်ရတဲ့ စွမ်းအားတစ်ခု၊ နှင်…”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "မင်းကို တစ်ခုလောက်မေးပါရစေ။ အခုသူတို့က ငါ့ကိုသတ်ချင်နေတာလေ။ ငါချစ်ရတဲ့သူတွေကိုသတ်ချင်တာ၊ ငါ့မိတ်ဆွေတွေကို သတ်ပစ်ချင်နေကြတာ။ ပြီးတော့ ငါပိုင်တဲ့ရတနာပစ္စည်းတွေကို

လုယက်ချင်နေကြတာချည်းပဲ။ ဒီတော့

ကောင်းကင်ဘုံရဲ့အလိုဆန္ဒကို

သူတို့အကြောင်း တိုင်တန်းပြီးတော့

တရားမျှတမှု တောင်းခံနိုင်မလား"

အဓိပတိဓား က တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့ သည် သူမထံသို့

လျှောက်သွားပြီးနောက်

သူမ၏မျက်နှာကို ညင်သာစွာတို့ထိကာ

"ကောင်းကင်ဘုံရဲ့အလိုဆန္ဒကို

ထည့်မပြောသေးနဲ့၊

ငါတို့နဲ့အနီးဆုံးလူတွေတောင်မှ

မကူညီနိုင်ဘူး။ ကိုယ့်ကိုကိုယ်ပဲ

အားကိုးလို့ရတယ်”

ထိုစကားပြောပြီးနောက်တွင်

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"သတ်ဖြတ်ခြင်းဆိုတာဟာ

ရှင်သန်ဖို့နည်းလမ်းဖြစ်တယ်။

သတ်ဖို့ရွေးချယ်လိုက်တာက ငါ့ကို

ပိုသန်မာစေသလို

ပိုပြီးအေးအေးချမ်းချမ်းနေနိုင်တာပါ။

ဒါ့အပြင် ငါ့မှာ ရွေးစရာလမ်းမရှိဘူး။

ငါအသက်ရှင်ချင်ရင် သတ်ရမယ်..."

အနီရောင်အလင်းတန်းတစ်ခု

ရုတ်တရက်ပေါ်လာပြီးနောက်

ယန်ယဲ့၏ခန္ဓာကိုယ်အား

ရစ်ပတ်ထားလေသည်။ ယန်ယဲ့ထံမှ

အကန့်အသတ်မရှိသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ အရှိန်အဝါ

ပေါက်ကွဲထွက်လာသည်။

ဤအချိန်တွင်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ယခင်ထက်

အားကောင်းလာသည်။

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့် ထက်

ကျော်လွန်ခါနီးတွင်တော့ သဲလွန်စမရှိဘဲ
ပျောက်ကွယ်သွားခဲ့သည်။

ဤအတောအတွင်း အဓိပတိ၏
မျက်လုံးထဲ၌ ရှုပ်ထွေးပွေလီသော
စိတ်ခံစားချက်များ
တဖျပ်ဖျပ်ခတ်နေသည်။
သူမ၏နှုတ်ဖျားမှ
"သတ်ဖြတ်ခြင်းတာအို နဲ့ မမြင်နိုင်တဲ့
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပဲ။

နင့်ရဲ့ကိုယ်ပိုင်တာအို ကို ဖန်တီးပြီးပြီ။

ဂုဏ်ယူပါတယ်...”

ဝေါ.... ဝရော...

ဤအချိန်တွင် ကံကြမ္မာဗောဓိပင် သည်

ယိမ်းထိုးလာပြီး အကိုင်းများ

ညွှတ်လာကာ ယန်ယွဲ့အား

ဖုံးအုပ်လိုက်သည်။ ထို့နောက်တွင်တော့

ယန်ယဲ့ ပြောခဲ့သမျှ အရာအားလုံးကို

မှတ်တမ်းတင်ထားခဲ့လေသည်။

ခဏအကြာတွင် ဗောဓိပင်မှ

"သတ်ဖြတ်ခြင်းတာအို။ ဖန်ဆင်းရှင်

ယန်ယဲ့..." ဟူ၍ သွေးနီရောင်

တဖျပ်ဖျပ်တောက်ပနေသော စာတန်း

ပေါ်လာသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၄၉ - ခြိမ်းခြောက်မှုတွေကို ငါမကြောက်ဘူး

"သတ်ဖြတ်ခြင်းတာအိုဖန်ဆင်းရှင်.... "

ဇင်းမှာ တာအိုသခင်ယန်ယဲ့ ကိုယ်တိုင်ဖန်တီးထားသော

တာအိုလမ်းစဉ်ဖြစ်သည်။ ထို့အပြင်

၎င်းအပေါ်

သူ၏ကိုယ်ပိုင်အတွေးအမြင်နှင့်

ယုံကြည်ချက် တို့ပါဝင်ခဲ့သည်။

ဤအချိန်တွင်

ယန်ယဲ့၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

ဖန်ဆင်းရှင်အဆင့် အကန့်အသတ်ထိပင်

ရောက်ရှိလာသည်။ ၎င်းက

မူလတာအိုအဆင့် ကိုတော့

မရောက်သေးပါ။ သို့သော်လည်း

ထာဝရနယ်စပ်၌ ယန်ယွဲ့ကဲ့သို့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုနားလည်ထား

သူ မရှိသလောက်ပင်။

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

နောင်တွင် သူ၏တာအိုနှလုံးသားကို

မဆန့်ကျင်သရွေ့

သတ်လိုက်တဲ့အခါတိုင်း ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်

ကျင့်ကြံမှုအဆင့်ဟာ

တိုးတက်လာပေမည်။

" သတ်ဖြတ်ခြင်းတာအို... "

အတိတ်မှလောကသုံးပါး၏

တာအိုဖန်ဆင်းရှင် နှင့်

ကွန်ဖြူးရှပ်ဘိုးဘေးတို့လိုပင်။

ဘိုးဘေးနှစ်ယောက်စလုံးဟာ

သက်ဆိုင်ရာ တာအိုကို ဆက်ပြီး

နားလည်ဆင်ခြင်ခြင်းမရှိဘဲ

နောက်လိုက်များကို

ငဲ့ညှာနေသောကြောင့်

ဆိုးဆိုးရွားရွားအဆုံးသတ်ခဲ့ရသည်။

ဤအခိုက်အတန့်ကဲ့သို့ပင်၊

သူ့တာအိုအတွက်သာ သတ်လိုက်ပါက

သူ၏တာအိုနှလုံးသားကို

ဆန့်ကျင်လိုက်တာနဲ့အတူတူပင်ဖြစ်သည်

။ ထိုအခါ သူ၏သတ်ဖြတ်ခြင်းတာအိုက

ရှေ့ဆက်တိုးနိုင်တော့မှာမဟုတ်ပေ။

အတိုချုပ်ပြောရလျှင် ယန်ယဲ့အတွက်

သတ်ဖြတ်ခြင်းဟာ

စည်းမျဉ်းရှိပေသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
တာအိုနှလုံးသားနှင့် အသိစိတ်သည်
ကြည်လင်နေခဲ့သည်။ သူသည်
အသက်ပြင်းပြင်းရှူပြီး အဓိပတိဓားကို
စူးစိုက်ကြည့်ကာ "လာ....၊ ဒီနေရာက
တစ်စုံတစ်ခုနဲ့သွားတွေ့ကြရအောင်"

ဟုပြောပြီး
ဖျတ်ခနဲပျောက်ကွယ်သွားသည်။

အဓိပတိဓား က ခဏတာ

တိတ်ဆိတ်သွားၡ၏။ ထို့နောက် မူလပုံစံ

ဓားတစ်ချောင်းအဖြစ် ပြောင်းလဲကာ

ယန်ယွဲ့နောက်သို့ လိုက်သွားခဲ့သည်။

...

မူလစေတီ၏ သတ္တမမြောက်အထပ်... ။

အမှန်တော့ မူလစေတီ၏

သတ္တမြောက်အထပ်ကို

အလိုအလျောက်ဖွင့်ထားတာမဟုတ်ပေ။

နှင်းပွင့်လေးက ဖွင့်လိုက်ပါ။

ဘယ်လို လုပ်လိုက်တာလဲ နှင့်

ပတ်သက်၍တော့ နှင်းပွင့်ကိုယ်တိုင်သာ

အဖြေကို သိသည်။

မူလစေတီ၏ ၇ ထပ်မြောက်နေရာက

သာမာန်နေရာတစ်ခုဖြစ်သည်။

ဤအဆင့်တွင် ဝိညာဉ်စွမ်းအင်၊ လေထု

သို့မဟုတ် မည်သည့်အရာမျှ မရှိပါ။

သုသာန်တစ်စပြင်ကဲ့သို့

တိတ်ဆိတ်လွန်းသော

နေရာအကျယ်ကြီးတစ်ခုသာ။ ယန်ယဲ့

ဝင်လာသည့်အခါတွင်

ရင်းနှီးနေသောမျက်နှာတစ်ခုကို
တွေ့လိုက်ရသည်။

နှင်းခဲလေး...

ဒီအချိန်မှာ နှင်းပွင့်လေးက
လက်သည်းကြား၌
ပုဆိန်သေးသေးလေးတစ်လက်ကိုကိုင်
ထားလေသည်။ ထို့နောက်
ဟိုဖက်သည်ဖက် ပြေးလွှားကာ

ပုဆိန်လေးကိုအဆက်မပြတ်လွှဲယမ်းနေလေသည်။

ခဏအကြာတွင် ယန်ယဲ့ ရောက်နေသည်ကိုသတိထားမိပုံဖြင့် အနားကိုပြေးလာကာ ချစ်စဖွယ်ပြုံးပြလိုက်သည်။

ယန်ယဲ့က နှင်းပွင့်၏ခေါင်းကိုပွတ်လိုက်ပြီး

အငေးကိုလှမ်းကြည့်ကာ "အကြီးအကဲ၊

မင်းအကူအညီလိုရင် ငါ့ကိုပြောပြပါ။

ငါ့အစွမ်းအစရှိရင် ငါငြင်းမှာမဟုတ်ဘူး"

"အားနည်းလွန်းတယ်..."

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

ဤအချိန်တွင် အသံက

“စကြာဝဠာကြီးထဲမှာ

အမျိုးသမီးတစ်ယောက်ရှိတယ်။ မင်းမှာ

သူ့လိုခွန်အားတွေရှိနေရင်

ဒီစည်းတံဆိပ်ကိုဖွင့်ဖို့

မင်းငါ့ကိုကူညီနိုင်တယ်။ ဒါပေမဲ့

အခုတော့ မလုပ်နိုင်ဘူး"

"ဟင်းလင်းပြင်ဝိညာဉ်ကောရီ.... "

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် က

မည်သူ့အကြောင်း ပြောနေမှန်း

သိနေပါသည်။

"တျန်းရှု..." ယန်ယဲ့က

အကူအညီမဲ့စွာရယ်မောရင်း

"ကြည့်ရတာ

ငါလုပ်နိုင်တာဘာမှမရှိဘူးထင်တယ်"

ယန်ယွဲ့က ခဏတုံ့ဆိုင်းသွားပြီး

"အကြီးအကဲ၊ မင်းလွတ်မြောက်လာရင်

ငါတွေးမိတယ်..."

အသံက “ကြောက်နေသလား”

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး

“နည်းနည်းတော့....။

မင်းအရမ်းသန်မာတယ်။ မင်းငါ့ကို

သတ်ဖို့ ကြံစည်ရင် ငါသေမှာ

သေချာတယ်.... ဟုတ်တယ်မလား "

အသံက "ပြီးတော့..."

ယန်ယဲ့က "မင်းကို ငါကူညီနိုင်မယ်လို့

မျှော်လင့်တာပါ။ ဒါဆို

ငြိမ်းချမ်းတဲ့ဆက်ဆံရေးကို

ဆက်ထိန်းထားနိုင်မှာပါ"

ဘမ်း....

ယန်ယဲ့အထက်မှ

ကြောက်မက်ဖွယ်ကောင်းသော

ဖိအားတစ်ခု ဆင်းသက်လာပြီး

သူ၏ပါးစပ်ထောင့်မှ သွေးများ ချက်ချင်း

အန်ထွက်လာသည်။

နှင်းပွင့်၏မျက်နှာသေးသေးလေးက

အေးစက်သွားသည်။

"လူသား..." အသံက

အေးစက်အေးစက်ဖြင့်

“မူလမျိုးနွယ်ကိုသာ ငါမယုံခဲ့ရင်

ဒီလိုမျိုးချုပ်နှောင်ခံရမှာမဟုတ်ဘူး။အ

နာဂတ်မှာ ဘယ်သူ့ကိုမှ ထပ်ယုံမှာ

မဟုတ်ဘူး။ ငါ...”

ယန်ယဲ့က ဆတ်ခနဲ

စကားဖြတ်ပြောလိုက်သည်  "နှင်းပွင့်ကို

ယုံသလား"

ပုဆိန်က ငြိမ်သက်သွားသည်။

ခဏအကြာတွင် “ဟုတ်တယ်....” ဟု

ပြန်ဖြေသည်။

ယန်ယဲ့က သက်ပြင်းချရင်း “သူမ ငါ့ကို ယုံတယ်”

ခဏမျှတိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့က "အတူတူအလုပ်လုပ်ရင် ငါတို့နှစ်ယောက်စလုံးအတွက် အကျိုးရှိမှာပါ"

အသံက “မင်း ငါ့ခွန်အားကို အသုံးချချင်တာလား ဒါမှမဟုတ်

မင်းငါ့ကို အသုံးချချင်နေတယ်။
ဟုတ်တယ်မလား” ဟု
ပြန်ဖြေလိုက်သည်။

ယန်ယဲ့က "ငါတို့ အချင်းချင်း
သုံးလို့ရတယ် မဟုတ်ဘူးလား"

ခဏအကြာတွင် အသံက
“ဒီမူလစေတီအပြင် ငါ့ကို
ချိတ်ပိတ်ထားတဲ့ စေတီတစ်ဆူ

ရှိသေးတယ်။ ဒီစေတီက ငါ့အတွက်

အန္တရယ်မရှိပေမယ်လို့ အဲဒီစေတီကိုကျ

စေတီငယ် (၉,၉၉၉)

ဆူနဲ့ဖွဲ့စည်းထားတယ်။  အင်အားသုံး

ဖြိုခွဲဖို့ ကြိုးစားရင် သူ့အလိုလို

ဖောက်ခွဲပစ်လိမ့်မယ်”

အသံသည် ခဏရပ်ပြီး

“နတ်ဘုရားစည်းတံဆိပ် ။

မြင့်မြတ်ရတနာ ၅ ပါးထဲကတစ်ခုပဲ။

ဒါဟာ ဖန်ဆင်းခြင်းရဲ့

တားမြစ်ချက်လို့ပြောနိုင်တယ်။

လောကမှာရှိသမျှ

အစီအရင်တွေအားလုံးကို

ဖျက်ဆီးပစ်နိုင်တယ်။

အစီအရင်တစ်ခုအတွက်

ဗဟိုအူတိုင်အနေနဲ့ အသုံးပြုရင်

အဲဒီအစီအရင်က

လုံးကိုကြောက်စရာကောင်းတယ်။ ငါဒါကိုလိုအပ်တယ်"

ယန်ယွဲ့က တိတ်ဆိတ်သွားပြီး အဝေးကို လှမ်းကြည့်လိုက်သည်။

ခဏအကြာတွင် ပုဆိန်က “သုံးကြိမ်။ ငါ မင်းကို သုံးခါလောက် ကူညီမယ်"

ယန်ယဲ့က “ဘယ်မှာရှိတာလဲ” ဟု မေးလိုက်သည်။

ပုဆိန်က “မူလမျိုးနွယ်က ရသွားပြီ၊ ဒါပဲ ငါသိတယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး "ငါနားလည်ပြီ"

ထို့နောက် နှင်းပွင့်ကို ပွေ့ချီလျက် နေရာမှာတင် ပျောက်ကွယ်သွားသည်။

ယန်ယဲ့သည် မူလစေတီထဲမှ

ပြန်ထွက်လာပြီးနောက် ရေကန်ဘေးတွင်

ရပ်နေကာ တောင်ဖက်အရပ်သို့

မျှော်ကြည့်လိုက်သည်။ ထိုနေရာသည်

ရှီယွမ်မျိုးနွယ်၏

တည်ရှိရာပင်ဖြစ်သည်။

ခဏအကြာတွင် သူသည်

ပတ်ဝန်းကျင်ကို မော့ကြည့်ကာ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့သည်

ဓားပျံကိုစီးနင်းလျက်

တိမ်တိုက်များကြားတွင်

ဖြတ်သန်းနေခဲ့သည်။

သူ သွားနေသည့် ဦးတည်ရာမှာ

ရှီယွမ်မျိုးနွယ်ဖြစ်သည်။

ရှီယွမ်မျိုးနွယ်၏ အင်အားကို

တိတိကျကျ

မသိသော်လည်း လုံး၀ သန်မာကြောင်း

သံသယ မရှိပါ။ ရှီယွမ်မျိုးနွယ်က

အင်မော်တယ်မျိုးနွယ်ကိုပင်

မကြောက်ခဲ့ပေ။ ထို့အတွက်

သူတို့၏အင်အားကို သိသာပါသည်။

သို့သော်လည်း

ဘယ်လောက်သန်မာနေပါစေ

မသွားမဖြစ်သွားရပေမည်။

အန်နန်ကျင်းက

ရှီယွမ်မျိုးနွယ်၏လက်ထဲ၌

အဖမ်းခံထားရလို့ပါ။

ယန်ယဲ့ သည် အရှိန်မြှင့်လိုက်သည်။

ဤအချိန်တွင် သူ့ရှေ့ရှိ အာကာသသည်
ရုတ်တရက် တုန်ခါသွားသဖြင့်
ယန်ယွဲ့ဟာ ဓားကို တင်းတင်းဆုပ်ထားပြီး
ရပ်နေလိုက်သည်။ သိပ်မကြာလိုက်ပေ၊
ထိုနေရာမှ ပုံရိပ်တစ်ခု ထွက်လာခဲ့သည်။

အဘိုးကြီးတစ်ယောက်၏ မျက်နှာပင် ။

ယန်ယဲ့ သည် ဤမျက်နှာကို
လုံးဝမသိသောကြောင့်
မျက်မှောင်ကြုတ်လိုက်သည်။

အဘိုးကြီးက ယန်ယဲ့ကို စူးစိုက်ကြည့်ပြီး
"မင်းက ယန်ယဲ့ဆိုတာလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အဘိုးကြီးက အေးစက်စွာ ရယ်မောရင်း “ကောင်းလိုက်တာ။ ငါ့လက်ထဲမှာ မင်းရဲ့မိတ်ဆွေတချို့ ရှိတယ်။ မင်း သူတို့ကို လုံခြုံစေချင်ရင် သိုင်းနတ်ဘုရားဂိုဏ်းအပြင်ဖက်က တိမ်ကြွေတောင်ထိပ်မှာ သုံးရက်အတွင်း လာတွေ့ပါ။ သုံးရက်ကြာလို့မှ မင်းကိုယ်မင်း မပြရင် တစ်နာရီပြည့်တိုင်း တစ်ယောက်စီသတ်မယ်”

ထိုစကားပြောပြီးသည်နှင့် အဘိုးကြီးက မျက်နှာတစ်ချက်ပျက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့၏မျက်နှာက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင်ကို အုံ့မှိုင်းနေခဲ့သည်။

နောက်ဆုံးတွင် သူ
အကြောက်ဆုံးအရာက
ဖြစ်ပျက်လာခဲ့သည်။

အကြီးအကဲယွမ် နှင့် အခြားလူတိုင်း
ဒုက္ခရောက်နေပြီဖြစ်သည်။

အခြေအနေကို ထင်ထားသော်လည်း
သူ့စိတ်ထဲမှာ
မျှော်လင့်ချက်အနည်းငယ်ကိုဆုပ်ကိုင်

ထားမိသည်။ သို့ရာတွင် ယခုတော့

အမှန်တကယ်ဖြစ်ပျက်လာပါပြီ။

ယန်ယဲ့ သည် ခဏမျှ

တိတ်ဆိတ်သွားသည်။ နောက်ဆုံးတွင်

သူသည် ရှီယွမ်မျိုးနွယ် ကို

မသွားသေးဘဲ သိုင်းနတ်ဘုရားဂိုဏ်း

သို့အရင်သွားရန် ဆုံးဖြတ်ခဲ့သည်။

ရှိယွမ်ကလန်တွင် အန်နန်ကျင်း
တစ်ယောက်တည်းရှိနေသောကြောင့်
လောလောဆယ် အဆင်ပြေနေပါသည်။
ထိုနတ်ရတနာသုံးပါးရှိသရွေ့
အန်နန်ကျင်းကို ဘာမှလုပ်မည်မဟုတ်ပါ။
အခြားတစ်ဖက်တွင်
သိုင်းနတ်ဘုရားဂိုဏ်းက
ထိုအတိုင်းလုပ်ဆောင်မည်မဟုတ်ပေ။

အကြီးအကဲယွမ်နှင့် အခြားလူတိုင်းက
သူတို့လက်ထဲတွင် ရှိနေသည်။ ထို့ကြောင့်
သူသာ ထွက်မလာပါက
အကုန်လုံးအသတ်ခံရနိုင်သည်။

ငရဲကေရီ နှင့်အခြားသူများအပြင်
ချင်ချွမ်နှင့်အခြားမိသားစုများလည်း
ပါဝင်ခဲ့သည်။ ထိုလူများကိုသာ
မကွယ်နိုင်ခဲ့ပါက သူ့အတွက်
အသေခံခဲ့သော ညီအစ်ကိုများကို

မျက်နှာပြရဲတော့မည်မဟုတ်ပါ။
အားလုံးက သူ့အတွက်ကြောင့်
ဒုက္ခရောက်သွားရတာဖြစ်သည်။

သိုင်းနတ်ဘုရားဂိုဏ်း ...။

ပေပေါင်းထောင်ချီ မြင့်မားသော
တောင်ထိပ်တွင် တည်ရှိခဲ့သည်။
ပတ်ပတ်လည်၌ မရေမတွက်နိုင်သော
တောင်များ ဝန်းရံထားသည်။

အချိန်အနည်းငယ်အကြာမှာပဲ ယန်ယဲ့
သည် တိမ်ကြေွတောင်ထိပ်သို့
ရောက်ရှိလာခဲ့သည်။ တောင်ထိပ် ပေါ်ကို
ရောက်လာသည့်အခါ မလှမ်းမကမ်း၌
အဘိုးကြီးတစ်ယောက်
ချက်ချင်းပေါ်လာခဲ့သည်။

ယန်ယဲ့၏အကြည့်များက
အဘိုးကြီး၏ဝမ်းဗိုက်နေရာသို့အရောက်

တွင် ခဏတာရပ်သွားသည်။

အကြောင်းမှာ

သူသည် ထိုဒဏ်ရာမှ ရင်းနှီးနေသော

ဓားစိတ်ဆန္ဒကို

ခံစားမိသောကြောင့်ဖြစ်သည်။

"ငါက သိုင်းနတ်ဘုရားဂိုဏ်းရဲ့

ဒုတိယဂိုဏ်းသခင်ပဲ..." အဘိုးကြီးက

“ယန်ယဲ့၊ ငါလိုချင်တဲ့အရာတွေက ဘယ်မှာလဲ”

ယန်ယဲ့က အဘိုးကြီးကို တစ်ချက်ကြည့်လိုက်ပြီး "ငါ့လူတွေ ဘယ်မှာလဲ"

အဘိုးကြီးက အေးစက်စွာ ရယ်မောလိုက်ပြီး “မင်းမှာ ငါနဲ့ ညှိနှိုင်းပိုင်ခွင့်ရှိသလား။ ယန်ယဲ့၊ မင်း

သူတို့ကို လွှဲအပ်ဖို့

အသက်ရှူ၃ရှိုက်စာလောက်အချိန်ပေးမ

ယ်။ မဟုတ်ရင်တော့ မင်းရဲ့လူတွေအကုန်

အသတ်ခံရမယ်…”

ဤအချိန်တွင် ဓားအူသံတစ်သံ

ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုခဏလေးမှာပဲ ယန်ယွဲ့ သည်

အဘိုးကြီး၏အထက်၌ ပေါ်လာခဲ့သည်။

သူ့အရှိန်သည် လျင်မြန်လွန်းသဖြင့်
အဘိုးကြီး၏အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။
တစ်ချိန်တည်းမှာပင် ဓားတစ်ချောင်းက
အဘိုးကြီးကို ခုတ်ချလာသည်။

အဘိုးကြီးက မျက်နှာပျက်သွားသည်။
ယန်ယဲ့ က သူ့အား တိုက်ခိုက်လိမ့်မည်ဟု
မမျှော်လင့်ထားပေ။

သူမျှော်လင့်ထားသည့်အတိုင်း

လုံးဝမဟုတ်ခဲ့ပါ။

သို့သော် အဘိုးကြီးက

ရှောင်ထွက်မသွားပေ။ သူ့အမြင်မှာ

ဖန်ဆင်းရှင်တစ်ပါးက

ဘာခြိမ်းခြောက်မှုမှ မရှိပေ။

ပုရွက်ဆိတ်တစ်ကောင်ဟာ

လူတစ်ယောက်၏ခြေထောက်ကို

ကိုက်ခဲနေသည်နှင့်တူသည်။ ထိုလူက

ပုရွက်ဆိတ်ကို ခြိမ်းခြောက်နိုင်သည်ဟု

ယူဆမည်လော။

မူလတာအိုသခင်များအတွက်

မူလတာအိုအဆင့်အောက်ရှိ

ကျင့်ကြံသူအားလုံးဟာ

ပုရွက်ဆိတ်များပင် ဖြစ်သည်။

သို့သော် ဓားပိုင်းချလာချိန်တွင်
အဘိုးကြီး၏အမူအရာက
ချက်ချင်းပြောင်းသွားသည်။

သူ၏မျက်လုံးများက မယုံကြည်နိုင်မှု နှင့်
ထိတ်လန့်မှု အရိပ်အယောင်များဖြင့်
ပြည့်နေ၏။

အနန္တဓားနယ်မြေ....

ယန်ယဲ့ က စားနယ်မြေကို
တစ်ခါတည်းထုတ်ဖော်လိုက်တာပါ။

သို့သော် ဤတစ်ကြိမ်တွင်
ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
နှင့်ပေါင်းစပ်ထားခဲ့သည်။ လက်ရှိမှာ
သူကိုယ်တိုင်လည်း ဖန်ဆင်းရှင်
ဖြစ်နေသောကြောင့် ယခင်ထက်
များစွာအားကောင်းလာခဲ့သည်။

ဘမ်း...

အဘိုးကြီးထံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ လွင့်ပျံလာသည်။

သို့သော်

အကန့်အသတ်မဲ့နယ်မြေစွမ်းအား

ဆင်းသက်လာသည်နှင့်တပြိုင်နက်

ထိုအငွေ့အသက်သည် ချက်ချင်း
ပျောက်ကွယ်သွားသည်။

အုန်း....

ပုံရိပ်တစ်ခုက ချက်ချင်းပင်
လွင့်ထွက်လာသည်။ ၎င်းက ယန်ယွဲ့
မဟုတ်ပေ၊ အဘိုးကြီးပင်ဖြစ်သည်။
ဤအချိန်တွင် သူ၏ခန္ဓာကိုယ်သည်
လုံးဝပျက်စီးသွားသည်။ မူလဝိညာဉ်သာ

ကျန်ရှိတော့သည်။

အဘိုးကြီး၏မူလဝိညာဉ်က

ထွက်ပြေးရန်ပြင်လိုက်သည်။ သို့ရာတွင်

ဓားတစ်ချောင်းက ဝိညာဉ်၏လည်ပင်းကို

ဖိကပ်ထားသည်။

အဘိုးကြီး၏ မျက်နှာသည်

မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

ယန်ယွဲ့က သူ့ကို စူးစူးရဲရဲ ကြည့်ကာ "ငါ့လူတွေ ဘယ်မှာလဲ ပြောစမ်း"

အဘိုးကြီးက ယန်ယွဲ့ကို တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

ဤအချိန်တွင် ကောင်းကင်ယံမှ အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာခဲ့သည် "ယန်ယွဲ့၊ ဒါက သိုင်းနတ်ဘုရားဂိုဏ်းပါ။

မင်းသူ့ကိုသတ်ရဲရင်
ငါ့သိုင်းနတ်ဘုရားဂိုဏ်းက
ကျိန်းသေပေါက်ပဲ...”

ယန်ယွဲ့၏ဓားက အနည်းငယ်
လှုပ်သွားသည်။

ဆူး...

အဘိုးကြီးက မူလဝိညာဉ်က ချက်ချင်း ဝါးမျိုခံလိုက်ရသည်။

ယန်ယဲ့က

ရက်စက်ကြမ်းကြုတ်သောမျက်လုံးများ ဖြင့် သိုင်းနတ်ဘုရားဂိုဏ်း သို့

စူးစိုက်ကြည့်ကာ "ငါ မညှိနှိုင်းချင်ဘူး။ ငါယန်ယဲ့က ခြိမ်းခြောက်မှုတွေကို မကြိုက်ဘူးလို့ ပြောပါရစေ။

သူတို့တစ်ခုခုဖြစ်သွားရင် ငါယန်ယဲ့က သိုင်းနတ်ဘုရားဂိုဏ်းတစ်ခုလုံးကို ချေမှုန်းပစ်မယ်”

ဘမ်း…

ယန်ယဲ့ထံမှ အကန့်အသတ်မဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပေါက်ကွဲထွက်လာသည်။ ထို့နောက် ကောင်းကင်ထက်သို့ ပျံတက်သွားပြီး

ကောင်းကင်ယံတစ်ခုလုံး

သွေးနီရောင်ပြောင်းသွားခဲ့တော့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၅၀ -

ကောင်းကောင်းနေထိုင်ပါ

ဤအခိုက်အတန့်တွင်

သိုင်းနတ်ဘုရားဂိုဏ်းတစ်ခုလုံးသည်

တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ယန်ယွဲ့၏ လုပ်ရပ်က စေ့စပ်ညှိနှိုင်းမှုကို

လက်မခံသည့်အပြင်

ခြိမ်းခြောက်မှုကိုလည်း

မကြောက်ရွံ့ကြောင်း

သက်သေပြလိုက်တာပါ။

သူသည် အကြီးအကဲယွမ် နှင့်

အခြားလူတိုင်းကို ဂရုစိုက်သော်လည်း

ညှိနှိုင်းရန် ရွေးချယ်ရပါက

လက်ခံမည်မဟုတ်ပေ။

သိုင်းနတ်ဘုရားဂိုဏ်းက
လက်နက်ချစေချင်ရင်
ငါလက်မြှောက်အညံ့ခံသင့်လား…

လုံးဝပဲ ။

လက်နက်ချလိုက်ပါက
ကိုယ့်သေတွင်းကိုတူးလိုက်တာပင်။
ဤအင်အားစုများက အနာဂတ်မှာ

ဖြစ်လာနိုင်ချေရှိသော ပြဿနာများကို
ကြိုးထွားလာခွင့်ပြုမည်မဟုတ်ပေ။

ထို့အပြင် သူသာ
လက်နက်ချအညံ့ခံလိုက်ပါက
သူ့လူများကို မလွှတ်ပေးသည့်အပြင်
အကုန်လုံးအသတ်ခံရပေမည်။

သူသည် ထိုအချက်ကို
ကောင်းကောင်းသိထားသောကြောင့်

သိုင်းနတ်ဘုရားဂိုဏ်း ကို အပေါ်စီးကနေ

ဆက်ဆံလိုက်တာဖြစ်သည်။

ဤအချိန်တွင် ယန်ယဲ့ရှေ့၌

သက်လတ်ပိုင်း

တစ်ယောက် ရုတ်တရက်ပေါ်လာသည်။

ထိုလက်နှစ်ဖက်ကို နောက်ပစ်လျက်

လေထဲ၌ ရပ်နေခဲ့သည်။ သူ့ခန္ဓာကိုယ်မှ

ဘာအငွေ့အသက်မှ

ထွက်မနေသော်လည်း ယန်ယဲ့သည် အနည်းငယ်ထူးဆန်းသလိုခံစားမိသည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို ခဏကြာအောင် စိုက်ကြည့်နေပြီးမှ "မင်းက ရှီယွမ်ကလန်နဲ့တစ်နေရာတည်းကနေ လာတာလား"

ယန်ယဲ့က "ဟုတ်တယ်..."

သက်လတ်ပိုင်းအမျိုးသားက ယန်ယွဲ့ ထံ လျှောက်လာပြီး "ငါထင်တာမမှားရင် အဲဒီနတ်ရတနာသုံးပါးက မင်းလက်ထဲမှာ ရှိသင့်တယ်မဟုတ်လား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး "ဟုတ်တယ်။ ဘာလို့မေးတာလဲ၊ မင်းဒါတွေကိုလိုချင်နေတာလား"

သက်လတ်ပိုင်းအမျိုးသား က ခေါင်းခါသည် “မဟုတ်ဘူး…”

"ဟမ်…" ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ် ကျဥ်းမြောင်းလာပါသည်။ သူ့စိတ်ထဲမှာ တစ်ခုခုထူးဆန်းနေသလို ခံစားရသည်။

ဤအချိန်တွင် သက်လတ်ပိုင်းအမျိုးသားက

သူ၏ညာလက်ကို ဖွေ့ယမ်းလိုက်သည်။ သိပ်မကြာလိုက်ဘဲ ယန်ယွဲ့ရှေ့တွင် ပုံရိပ် အများအပြား ပေါ်လာခဲ့သည်။ ၎င်းက အကြီးအကဲယွမ် တို့အုပ်စု ပင်ဖြစ်သည်။ ဒီအချိန်မှာ တစ်ဖွဲ့လုံး လှုပ်မရအောင်ချုပ်နှောင်ခံထားရ၏။ သို့သော်လည်း ကံကောင်းစွာဖြင့် ဘာထိခိုက်ဒဏ်ရာမှမရှိကြပေ။

ယန်ယဲ့က အကြီးအကဲယွမ် တို့အုပ်စုကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

သက်လတ်ပိုင်းကို စူးစိုက်ကြည့်ကာ

"ဒါက ဘာအဓိပ္ပာယ်လဲ"

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါလိုက်ရင်း “ထွက်သွားလို့ရပြီ”

ဟုသာ ပြန်ဖြေသည်။

ယန်ယဲ့က ပို၍ပင်
မျက်မှောင်ကြုတ်လာသည်။ သူ
ထပ်မေးခါနီးတွင်
သက်လတ်ပိုင်းအမျိုးသားက နေရာမှာပဲ
ပျောက်သွားခဲ့သည်။

ယန်ယဲ့ က
တော်တော်လေးအံ့သြသွားသည်။
ဤအတောအတွင်း အကြီးအကဲယွမ် က
ယန်ယဲ့ဆီကို လျှောက်လာပြီး "သူက

ငါတို့ကို
တခြားသူတွေလာသတ်မယ့်အချိန်ကို
စောင့်ကြည့်ချင်နေတာပဲ"

ယန်ယဲ့က အကြီးအကဲယွမ် အား
ခဏကြာ စိုက်ကြည့်နေသည်။
အကြီးအကဲယွမ် က
အသံခပ်တိုးတိုးလေးပြောလိုက်သည်
"အရင်ဆုံးထွက်သွားကြရအောင်"

ယန်ယဲ့က ခေါင်းညိတ်ပြပြီးနောက်
လူအုပ်ကို ခေါ်ကာ နေရာမှာတင်
ပျောက်ကွယ်သွားခဲ့သည်။

ဝှစ်...

သူတို့အုပ်စုထွက်သွားပြီးသည်နှင့်
အစောပိုင်းက ပျောက်ကွယ်သွားသော
သက်လတ်ပိုင်းအမျိုးသား
ပြန်ပေါ်လာခဲ့သည်။ သူသည် ယန်ယဲ့

ထွက်ခွာသွားသည့်လမ်းကြောင်းကို လှမ်းကြည့်လိုက်သည်။ သို့သော်လည်း သူ၏မျက်နှာက လစ်လျူရှုထားပုံပါ။

ဤအချိန်တွင် သူ့ရှေ့၌ အဘိုးကြီးတစ်ဦးပေါ်လာပြီး "ဂိုဏ်းသခင်၊ ဘာ့ကြောင့်လဲ" ဟု ဦးညွှတ်ကာ မေးလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

“အဲဒီနတ်ရတနာသုံးပါးကို ဘယ်သူက

မလိုချင်ဘဲနေမှာလဲ။ ဒါပေမဲ့

လိုချင်တဲ့သူက များလွန်းတဲ့အတွက်

အပိုင်မယူထားနိုင်ဘူး။ ဒါတွေဟာ

ကပ်ဘေးကိုပဲ သယ်ဆောင်လာလိမ့်မယ်။

ငါတို့က ဒါကိုမယူနိုင်ရင်တောင်မှ

သူရှိတဲ့နေရာကို

မြင့်မြတ်သောသိုင်းအင်ပါယာဂိုဏ်း နဲ့

ကောင်းကင်သိုင်းနတ်ဘုရားဂိုဏ်းတွေကို သတင်းရောင်းချနိုင်တယ်လေ။ သူတို့ စိတ်ဝင်စားကြမယ်ထင်တယ်"

အဘိုးကြီးက အနည်းငယ် ဦးညွှတ်ပြီး "ဂိုဏ်းသခင်ရဲ့ ဆုံးဖြတ်ချက်က အမြော်အမြင်ရှိပါပေတယ်။ ဒါပေမဲ့ ဒုတိယဂိုဏ်းသခင်..."

"သေသင့်တယ်..."

မူလသိုင်းနတ်ဘုရားဂိုဏ်း၏

ဂိုဏ်းသခင်က လစ်လျူရှုကာ

ဆက်ပြောသည် "သူက ယန်ယွဲ့ကို

ငါတို့သိုင်းနတ်ဘုရားဂိုဏ်းဆီမလာခိုင်း

ဘူး၊ အဲဒီအစား ဒီနေရာကို

လာခိုင်းတယ်။ ရှင်းရှင်းပြောရရင် သူက

ယန်ယွဲ့ကို သတ်ပြီးတော့

အဲဒီနတ်ရတနာသုံးပါးကို

မောင်ပိုင်စီးချင်နေတာပဲ။

ကံမကောင်းစွာပဲ၊ ဒီအရူးအိုကြီးက

ယန်ယဲ့ကို လျှော့တွက်ခဲ့တယ်"

ဤအချိန်တွင် သူက

အနည်းငယ်လေးနက်စွာပြောခဲ့သည်

"ငါလည်း သူ့ကိုလျှော့တွက်မိလိုက်တယ်"

အဘိုးကြီးက

"ငါတို့မူလသိုင်းနတ်ဘုရားဂိုဏ်းရဲ့

ညာဏ်ကြီးရှင် ဝူရှမ်းမင် နဲ့နှိုင်းယှဉ်ရင်

ဘယ်လိုနေလဲ"

ဂိုဏ်းသခင်က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ရှမ်းမင် က

နိမ့်ကျတယ်။

သူ့ရဲ့ နယ်မြေစွမ်းအားအပေါ်

နားလည်သဘောပေါက်ထားတဲ့အဆင့်

ဟာ မူလတာအိုသခင် တွေတောင်မှ

မယှဉ်နိုင်ဘူး။ ဒါ့အပြင်

သူ့ရဲ့သတ်ဖြတ်ခြင်းစိတ်ဆန္ဒကလည်း

ထာဝရနယ်စပ်တစ်ခုလုံးမှာတောင်ကြော

က်စရာကောင်းလွန်းတယ်"

ဤအထိ ပြောပြီးနောက်

သူ့မျက်နှာပေါ်တွင်

လေးနက်သောအဓိပ္ပါယ်ရှိသော

အပြုံးတစ်ခုပေါ်လာသည်။ သူက

"မြင့်မြတ်သိုင်းအင်ပါယာဂိုဏ်းနဲ့

ကောင်းကင်ဘုံသိုင်းနတ်ဘုရားဂိုဏ်းတို့

တော့ အံ့သြစရာကောင်းတာနဲ့

ကြုံရဦးမယ်ထင်တယ်"

...

ဤအချိန်တွင် ယန်ယဲ့ သည်

အကြီးအကဲယွမ် တို့အုပ်စုကို

မူလသိုင်းနတ်ဘုရားဂိုဏ်း၏နယ်မြေမှ

အလှမ်းဝေးသောနေရာတစ်ခုသို့

ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် အတိုင်းအဆမသိ ကျယ်ပြန့်သော လွင်ပြင်တစ်ခုပေါ်တွင် ရပ်လိုက်သည်။ သူက လူအုပ်ကို လှည့်ကြည့်လိုက်ပြီး "မင်းတို့အားလုံး အဆင်ပြေရဲ့လား"

အကြီးအကဲယွမ် က ခါးသက်သက် ရယ်မောပြီး "ငါတို့ အဆင်ပြေပါတယ်။ ဒါပဲ... ငါတို့ မင်းကို ဒုက္ခပေးမိပြန်ပြီ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

“အဲလိုပြောစရာမလိုပါဘူး”

သူက ကောင်းကင်ဧကရီ

နှင့်အခြားခန်းမသခင်များကို ကြည့်ပြီး

"အကြီးဆုံးအစ်မ၊ အခု ဘာလုပ်ဖို့

စိတ်ကူးထားလဲ"

ကောင်းကင်ဧကရီ က ခဏကြာအောင်

တိတ်ဆိတ်သွားပြီး "ငါတို့ ဒီလောကကို

လှည့်ပတ်သွားဖို့ စီစဉ်ထားတယ်" ဟု ပြန်ဖြေသည်။

"ငါလည်းပဲ..." ဤအချိန်တွင် စစ်တုတင်းယွမ်က ရှေ့ထွက်လာသည်။ သူမ၏နောက်ကျောမှာ ဓားကို သိုင်းလွယ်ထားပြီး သူ့ရဲကောင်းဆန်သော အငွေ့အသက်များ ထွက်ပေါ်နေခဲ့သည်။

ယန်ယဲ့က ထိုကလေးမလေးကို

စိုက်ကြည့်ကာ "တင်းယွမ်၊ မင်းငါနဲ့

အတူမနေဘူးလား"

စစ်တုတင်းယွမ် က ခေါင်းခါလိုက်ပြီး

"ငါ့ရဲ့ကိုယ်ပိုင်ဓားတာအို ကို

ရှာချင်တယ်။ ငါနင်နဲ့အတူရှိနေရင်

ငါ့ခွန်အားတွေ

မြန်မြန်တိုးတက်လာမှာပါ။ ဒါပေမဲ့

နင့်လမ်းကိုငါလိုက်မလျှောက်ချင်ဘူး။

ကိုယ့်လမ်းကိုယ်လျှောက်ချင်တယ်"

ယန်ယဲ့က မျက်နှာပေါ်တွင်

ချီးကျူးလိုသောအပြုံးဖြင့်

"မင်းဒီလိုတွေးထားတာ

အရမ်းကောင်းတယ်" ဟုပြောပါသည်။

စကားပြောနေစဉ် သူ့လက်ကို ဆန့်ပြီး

စစ်တုတင်းယွမ်၏နဖူးကို ဖိကပ်လိုက်ရာ

အဖြူရောင်အလင်းတန်းတစ်ခုထွက်လာပြီး သူမ၏နဖူးထဲသို့ ဝင်သွားသည်။

စစ်တုတင်းယွမ် က ယန်ယဲ့ကို အံ့သြစွာစိုက်ကြည့်နေလေသည်။ ယန်ယဲ့က "ဒါဟာ ဓားနယ်မြေနဲ့ပတ်သက်လို့ ငါနားလည်ထားတဲ့အနှစ်ချုပ်တွေပဲ။ အနာဂတ်မှာ မင်းအတွက် အကျိုးရှိမယ်လို့ ငါမျှော်လင့်ပါတယ်"

စစ်တုတင်းယွမ် က ယန်ယဲ့ ဆီသို့

လျှောက်လာကာ သူ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်

ချစ်စဖွယ်ပြုံးပြီး “အစ်ကိုကြီး...

တကယ်တော့ နင်က

လူကောင်းတစ်ယောက်ပါ။ ကောင်းပြီ၊

ငါ့ခြားတာအိုမှာအဆင့်တစ်ခုရောက်တာနဲ့

နင့်ကိုလာရှာမယ်။

ငါ့ကိုစောင့်ပါ"

ထိုစကားပြောပြီးနောက်

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

ယန်ယဲ့က တစ်စတစ်စ

ပျောက်ကွယ်သွားသသော

စစ်တုတင်းယွမ်ကို ကြည့်ပြီး ပြုံးကာ

ခေါင်းယမ်းလိုက်သည်

“ဒီကလေးမလေး…”

ဤအချိန်တွင် ကောင်းကင်ဧကရီ
နှင့်အခြားခန်းမသခင်များက
ယန်ယဲ့ထံလျှောက်လာကာ “ငါတို့လည်း
ထွက်သွားတော့မယ်” ဟုပြောခဲ့ကြသည်။

ယန်ယဲ့က လူအုပ်ကိုကြည့်ပြီး
ခဏလောက် တုံ့ဆိုင်းသွားပြီးမှ
"ဂရုစိုက်ပါ" ဟုပြောလိုက်သည်။

သွေးကေရီ က ယန်ယွဲ့ ဆီသို့
လျှောက်လာပြီး သူ့ခေါင်းကို
ပွတ်သပ်ကာ "ဂရုစိုက်ပါ
မောင်ငယ်လေး..."

ထို့နောက် ကောင်းကင်ကေရီ
တို့အဖွဲ့နှင့်အတူ ထွက်ခွာသွားခဲ့သည်။

ယန်ယွဲ့ သည် သူတို့အဖွဲ့ ထွက်သွားတာကို
ငေးကြည့်နေရင်း

ခဏကြာတိတ်ဆိတ်နေခဲ့သည်။

သူဘာတွေးနေမှန်းတော့ သူ့ကိုယ်သူပင်

မသိနိုင်ပေ။ ခဏအကြာတွင် ယန်ယွဲ့က

ခေါင်းယမ်းကာ သူ့အတွေးများကို

ထိန်းလိုက်သည်။ ထို့နောက်

ယန်လျန်ရှမ်း ကို စိုက်ကြည့်ရင်း

"လျန်ရှမ်း၊ မင်းလည်း

ဘာဆက်လုပ်မှာလဲ" ဟုမေးလိုက်သည်။

ယန်လျန်ရှမ်းက
ခဏတာတုံ့ဆိုင်းသွားပြီး
"ငါ့မွေးရပ်မြေကို ပြန်ချင်တယ်"
ဟုပြောပါသည်။

"မင်းရဲ့မွေးရပ်မြေလား..." ယန်ယဲ့က
အနည်းငယ် အံ့အားသင့်သွားပြီး
"အရမ်းဝေးသလား" ဟု မေးလိုက်သည်။

ယန်လျန်ရှမ်းက "တော်တော်ဝေးတယ်" ဟုပြန်ဖြေသည်။

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး "ဒါကိုခဏဖယ်ထားလိုက်ပါ။ ငါတို့အချိန်ရရင် မင်းကို လိုက်ပို့ပေးမယ်။ အဆင်ပြေလား"

ယန်လျန်ရှမ်း က ခဏတာ တုံ့ဆိုင်းသွားသော်လည်း ယန်ယဲ့က

ထပ်ပြောလိုက်သည် "ငါ့မှာ မင်းနဲ့
အကြီးအကဲယွမ်
တို့ရဲ့အကူအညီတွေလိုသေးတယ်"

ယန်လျန်ရှမ်း က
ခဏကြာစဉ်းစားပြီးနောက်
ခေါင်းညိတ်ပြသည် "ကောင်းပြီ။
ငါဘာမှအလျင်စလိုမဖြစ်ပါဘူး"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

အနီးနားတွင် ရပ်နေသော အဖွဲ့ကို

စိုက်ကြည့်နေသည်။ ထိုအဖွဲ့က

ချင်ချွမ်နှင့် အခြားညီအစ်ကိုများ၏

မိသားစုဝင်များဖြစ်ကြသည်။

တစ်နည်းအားဖြင့်

သူ၏မိသားစုများပင်ဖြစ်သည်။

"ငါသူတို့ကိုခေါ်သွားပြီး

ပုန်းအောင်းနေလိုက်မယ်"

အကြီးအကဲယွမ် က ရုတ်တရက်ပြောလိုက်သည် “မင်း ဘယ်လိုထင်လဲ”

ယန်ယဲ့က "ဒါက ငါစီစဉ်နေတာပဲ"

ထိုလူများကို မူလစေတီထဲတွင် ထားရန်စဉ်းစားမိသော်လည်း အဆုံးတွင် မထားဖို့သာ ဆုံးဖြတ်ခဲ့သည်။

သူနှင့်အတူရှိနေတာက လူတိုင်းအတွက်

အန္တရာယ်များလွန်းပေသည်။

ထို့ကြောင့်ပင် ကောင်းကင်ဧကရီ

နှင့်အခြားလူများကို ထွက်သွားရန်

ခွင့်ပြုပေးလိုက်တာပါ။

အကယ်၍သာ

သူတစ်ယောက်တည်းရှိနေရင်တော့

ဘာကိုမှ စိတ်ပူနေစရာမလိုပေ။

ထိုအချိန်တွင် သူသည် ထာဝရနယ်စပ်၏

အင်အားစုများကို

အကြီးအကျယ်ခေါင်းကိုက်သွားအောင်

လုပ်နိုင်ပေမည်။

ဤအချိန်တွင် သက်လတ်ပိုင်းတစ်ဦးက

ယန်ယွဲ့ထံသို့ လျှောက်လာသည်။ သူက

ချင်ချွမ်၏အဖေဖြစ်သည်။

...

ယန်ယဲ့က တိုးတိုးလေးပြောလိုက်ပါသည်

"ဦးလေး..."

ချင်ချွမ်၏အဖေက သူ့ပခုံးကို

ညင်သာစွာပုတ်လိုက်ပြီး "ကိုယ့်ကိုယ်ကို

အရမ်းစိတ်မကောင်းဖြစ်မနေပါနဲ့။

ငါတို့အတွက်

လုံလောက်ပါပြီ။ ချင်ချွမ်မှာ

မင်းလိုအစ်ကိုတစ်ယောက်ရှိလို့

အရှမ်းဂုဏ်ယူတယ်။ သူက အပြင်မှာ

အမြဲတမ်းကစားနေပြီး

အသုံးမဝင်တဲ့သူငယ်ချင်းတွေရှိပေမယ့်

မင်းနဲ့ကျတော့ အမြင်လုံးဝမမှားခဲ့ဘူး”

ထိုစကားပြောပြီး

သက်လတ်ပိုင်း၏မျက်နှာက

မျက်ရည်များစီးကျလာသည်။

ယန်ယဲ့ သည် အခြားလူများကို

တစ်ချက်ကြည့်လိုက်သည်။

၎င်းတို့ထဲတွင် ချင်ချွမ်၏အဖေ၊

ယုကျင်း၏အဖေနှင့် လင်း

၏အဖေတို့ပါသည်။ ဒီအချိန်မှာ

သူတို့အားလုံး မျက်နှာပေါ်တွင်

မျက်ရည်များဝဲနေကြသည်။

ချင်ချွမ် နှင့် အခြားလူတိုင်းက

သက်ဆိုင်ရာ မျိုးနွယ်စုများ၏

ထိပ်တန်းညာဏ်ကြီးရှင်များပင်။

သက်ဆိုင်ရာမျိုးနွယ်စုများ၏

အနာဂတ်မျှော်လင့်ချက်များ ဖြစ်သည်ဟု

ဆိုနိုင်ပါသည်။ သို့သော်လည်း

ယန်ယဲ့အတွက်ကြောင့် အသက်စွန့်ရန်

ရွေးချယ်ခဲ့ကြသည်။

ယန်ယဲ့ဖက်က အနိုင်ရဖို့

အခွင့်အရေးလုံး၀မရှိသော

အခြေအနေဖြစ်သော်လည်း

အတူလိုက်ပါရန်
ရွေးချယ်ခဲ့ကြလေသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က လူအုပ်ကို
ရုတ်တရက် ဦးညွှတ်ပြီး
“မင်းတို့အားလုံးဟာ ငါ့ညီတွေရဲ့
မိသားစုဝင်တွေမို့လို့
ငါ့ရဲ့အချစ်ရဆုံးသူတွေပါ။ ငါယန်ယဲ့

အသက်ရှင်နေသရွေ့ မင်းတို့အားလုံး
ဘာမှမဖြစ်စေရဘူး"

ထိုစကားပြောပြီးနောက် သူက
အကြီးအကဲယွမ် နှင့် ယန်လျန်ရှမ်း ကို
စိုက်ကြည့်ရင်း “ငါ သူတို့ကို
မင်းတို့လက်ထဲမှာ ထားခဲ့လိုက်မယ်”

အကြီးအကဲယွမ် က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး “ဒါက ငါတို့အတွက်

ပြဿနာမဟုတ်ဘူး။ ငါတို့က

ထာဝရနယ်စပ်ရဲ့

အင်အားစုတွေအမြင်မှာ ဘာတန်ဖိုးမှ

မရှိဘူးလေ။ ဒါပေမဲ့

မင်းကတော့မတူဘူး၊ မင်း

သတိထားရမယ်”

ယန်ယဲ့က ပြုံးပြီး "ငါနားလည်ပါတယ်"

အကြီးအကဲယွမ် က ခဏတုံ့ဆိုင်းသွားပြီး
"မိန်းကလေးအန်၊ သူမ
တစ်ခုခုဖြစ်သွားတာလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

အကြီးအကဲယွမ် က သက်ပြင်းချရင်း
“ဒါဆို... ဂရုစိုက်ပါ”

ထို့နောက် လူအုပ်ကိုခေါ်ကာ
ထွက်သွားကြတော့သည်။

လူရှိုင်းမျိုးနွယ်၏ အားမန် ကတော့
လူအုပ်ထဲမှ ခွဲထွက်ကာ ယန်ယဲ့
နှင့်အတူကျန်နေခဲ့သည်။

ယန်ယဲ့က "အစ်မကြီး၊
မင်းတစ်ခုခုလိုသေးလား"

အားမန် က ယန်ယွဲ့၏ရင်ဘတ်ကို
လက်သီးနဲ့ထိုးလိုက်ပြီး "မသေစေနဲ့။
အသက်ရှင်နေပါ"

ထို့နောက် အထက်ခုန်တက်လိုက်ပြီး
ကောင်းကင်ယံမှာပဲ
ပျောက်ကွယ်သွားသည်။

"အသက်ရှင်နေပါ..." ယန်ယွဲ့က
သူ့ကိုယ်သူ

လှောင်ပြောင်ရယ်မောကာ

"အဲလောက်မလွယ်ဘူး"

စကားပြောပြီးသည်နှင့် သူ၏ခြေထောက်

အောက်၌ အလင်းတန်းတစ်ခု ပေါ်လာပြီး

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

တစ်နာရီခန့်အကြာတွင် ယန်ယဲ့ သည်

တိမ်တိုက်များကြား၌ ရုတ်တရက်

ရပ်တန့်သွားသည်။ အကြောင်းကတော့
သူ့ရှေ့တွင် ဟန်ရိုးရာဝတ်စုံဝတ်
သက်လက်ပိုင်းအမျိုးသားတစ်ဦး
ရပ်နေသောကြောင့်ဖြစ်သည်။ သက်လ
တ်ပိုင်းအမျိုးသားက ဓားတစ်ချောင်းကို
ဆုပ်ကိုင်ထား၏။ သို့ရာတွင်
ဓားကိုင်ထားပုံက
အတော်လေးထူးဆန်းလှသည်။ သူက
ဓားကိုင်လက်ကိုနောက်ပစ်ထားသည်။

ဆားသမား တစ်ယောက်လား ။

ယန်ယဲ့က

သက်လတ်ပိုင်းအမျိုးသားကိုကြည့်ကာ

အနည်းငယ်အံ့သြသွားသည်။

ထို့အပြင် ထိုလူက ဖန်ဆင်းရှင်အဆင့်

ဆားသမားတစ်ဦး ဖြစ်ခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ကို စိုက်ကြည့်ကာ "ငါက ကျန်းကွမ်။ ကောင်းကင်ဘုံသိုင်းနတ်ဘုရားဂိုဏ်းရဲ့ တောင်ပိုင်းအုပ်ထိန်းသူပါ။ မင်းဆီက နတ်ရတနာသုံးပါးကို တောင်းယူဖို့ ဂိုဏ်းသခင်ရဲ့ အမိန့်အတိုင်း ငါရောက်လာတာ"

ကောင်းကင်ဘုံသိုင်းနတ်ဘုရားဂိုဏ်း ...။

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး
"သူတို့က ငါ့အပိုင်တွေပဲ"
ဟုပြောလိုက်သည်။

"အဲ့ဒါမမှန်ဘူး..." ကျန်းကွမ် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
“နတ်ရတနာတွေဟာ အမြဲတမ်း
ခွန်အားကြီးသူတွေနဲ့ပဲသက်ဆိုင်တယ်။
ဒါတွေက အခုလက်ရှိ မင်းလက်ထဲမှာ
ရှိနေပေမယ်လို့

မင်းအပိုင်ဆိုတာအတည်မပြုနိုင်ဘူးလေ
။ မင်းသာ လွှဲပြောင်းပေးဖို့
ဆန္ဒရှိတယ်ဆိုရင် ငါထွက်သွားမှာပါ။
ဒါဆိုရင် မင်းအတွက် အခက်အခဲတွေ
မဖြစ်နိုင်တော့ဘူး"

ယန်ယဲ့က "ငါငြင်းရင် ဘယ်လိုလုပ်မလဲ"

ကျန်းကွမ် က ခဏတိတ်ဆိတ်သွားပြီး
"ဒါဆို မင်းကို

ထာဝရအိပ်စက်သွားအောင်လုပ်ပေးမယ်
"

ဤအချိန်တွင် ယန်ယဲ့ သည် နေရာမှာတင် ပျောက်သွားသဖြင့် ကျန်းကွမ်၏အမူအရာက ရုတ်ချည်းပြောင်းလဲသွားသည်။

သူ၏မျက်လုံးထဲမှ လေးနက်သောအမူအရာများ

ချက်ချင်းပေါ်လာသည်။

နောက်ပစ်ထားသော ဓားကိုင်လက်ကို

အနည်းငယ်လှုပ်လိုက်ရာ ဓားက

ရုတ်တရက် ပျောက်ကွယ်သွားသည်။

တွမ်.... တွမ်....

ဓားအူသံနှစ်သံ ပဲ့တင်ထပ်လာပြီးနောက်

ပတ်ဝန်းကျင်သည် ပြင်းထန်စွာ

တုန်ခါလာသည်။

ယန်ယဲ့က ကျန်းကွမ်၏နောက်ကွယ်တွင်

ရပ်နေခဲ့သည်။ သူ့စားပေါ်က

သွေးစက်များကို သုတ်လိုက်ပြီး "မင်းနဲ့

ထိုးနှက်ချက်

နည်းနည်းလောက်ဖလှယ်ဖို့စဉ်းစားထား

တာ။ အခုတော့ ငါကံဆိုးတာပဲ"

ဆူး...

သူပြောပြီးသည်နှင့် တပြိုင်နက်

ကျန်းကွမ်၏ခန္ဓာကိုယ်သည်

အလယ်တည့်တည့်မှ

နှစ်ခြမ်းကွဲထွက်သွားသည်။

ကိုယ်တွင်းအင်္ဂါနှင့် သွေးများ

ဖြန်းခနဲဖြန်းခနဲ ပြန့်ကျဲကျသွားသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၅၁ - မူလကောရာဇ်

ယန်ယဲ့ သည် သူ့ဓားကို ဖယ်လိုက်ပြီး ထွက်သွားသည်။

အစကတော့ ယန်ယဲ့ ဟာ ထိုလူနှင့် တိုက်ခိုက်မှု အနည်းငယ်ကြာ လုပ်ဆောင်ချင်ခဲ့တာဖြစ်သည်။ သူသည် ကျန်းကွမ်၏ ဓားတာအို အောင်မြင်မှုကို

လေ့လာချင်ခဲ့သည်။

တောင်ပိုင်းစားအုပ်ထိန်းသူ

ဖြစ်နေသောကြောင့် သူ၏စားတာအို က

အဆင့်တစ်ခုတော့ ရောက်နေမည်ဟု

ထင်ထားခဲ့သည်။

သို့ရာတွင် တကယ်တမ်းတော့

တိုက်ခိုက်မှုတစ်ခုတည်းသာ ။

ဓားတစ်ချက်တည်းသာ သုံးခဲ့သည်။

သို့သော် ကျန်းကွမ်ကို

အပြစ်မဆိုသာပေ။

မည်သို့ပင်ဖြစ်စေ

သူ၏ပြင်ပခွန်အားမဟုတ်ဘဲ

နယ်မြေစွမ်းအားသာဖြစ်သည်။

ထို့အပြင်

ဖန်ဆင်းရှင်အထွတ်အထိပ်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ နှင့်
ပေါင်းစပ်ထားသော ဓားနယ်မြေ
ဖြစ်သည်။

သူ၏လက်ရှိခွန်အားက
ယခင်နှင့်မတူတော့ပေ။
ကြီးမားစွာမြင့်တက်သွားခဲ့သည်။

ယန်ယဲ့ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ
သူရပ်နေခဲ့သည့် နေရာတွင်

သက်လတ်ပိုင်းအမျိုးသားတစ်ယောက် ရုတ်တရက်ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသားက ကျန်းကွမ်၏ အလောင်းကို စိုက်ကြည့်ကာ ခဏမျှ တိတ်ဆိတ်သွားပြီး မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ ဤအချိန်တွင် အသံတစ်သံက သူ့စိတ်ထဲသို့ ဝင်ရောက်လာသည် “ငါတို့

သူ့ကို လျှော့တွက်ခဲ့တယ်။ ကျန်းကွမ် က ချက်ချင်းအသတ်ခံလိုက်ရတယ်။ သူက ဖန်ဆင်းရှင်အဆင့်ပဲရှိပေမယ့် မူလတာအိုသခင်ခွန်အားကို ပိုင်ဆိုင်ထားတယ်"

အသံက ခဏရပ်ပြီးမှ "ဝင်မပါနဲ့တော့"

သက်လတ်ပိုင်းအမျိုးသား က ခဏမျှ

စဉ်းစားလိုက်ပြီး “ဂိုဏ်းသခင်၊ မင်းနဲ့
အကြီးအကဲတွေ ပူးပေါင်းလိုက်ရင် သူ
လုံးဝမခုခံနိုင်လောက်ပါဘူး။ ငါတို့
ကောင်းကင်သိုင်းနတ်ဘုရားဂိုဏ်းက
အဲဒီနတ်ရတနာသုံးပါးကို ရယူနိုင်ရင်...”

"မင်းမှားနေပြီ" အသံက ရုတ်တရတ်
ပဲ့တင်ထပ်လာသည်
"အဲဒီနတ်ရတနာတွေက အဖိုးတန်ပေမယ့်
အရမ်းကြီးတဲ့တန်ကြေးနဲ့

ပေးရမယ်ဆိုရင်တော့ အဲဒါတွေကို

မယူတာ အကောင်းဆုံးပါပဲ။

သူ့အသက်အရွယ်မှာ ဒီလိုခွန်အားတွေ

ပိုင်ဆိုင်ထားပြီ။ တကယ့်ကိုထူးချွန်တဲ့

ညာဏ်ကြီးရှင်တစ်ယောက်ပါ။ ဒါ့အပြင်

နတ်ရတနာသုံးပါးလည်း

ပိုင်ဆိုင်ထားတော့

ကြီးမားတဲ့ကံကြမ္မာကောင်းချီးရှိနေတယ်

။

ငါတို့က သူ့ကိုသတ်ဖို့ ပျက်ကွက်ရင်

နောင်အနာဂတ်မှာ ငါတို့ဂိုဏ်းရဲ့

အကြီးမားဆုံးရန်သူဖြစ်လာလိမ့်မယ်။

အခုအချိန်မှာ ရပ်တန့်ဖို့

အချိန်ကျန်ပါသေးတယ်”

သက်လတ်ပိုင်းအမျိုးသား က

အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီး

"ကျန်းကွမ်ကိုယ်စား

လက်စားချေဖို့ကော..."

အသံက “သူ့ရဲ့ ခွန်အားကို

လျှော့တွက်မိတာကိုက ငါ့အမှား။

ကျန်းကွမ် သေဆုံးမှုအတွက်

ငါတာဝန်ယူပါတယ်"

သက်လတ်ပိုင်းအမျိုးသား၏

အမူအရာက

အနည်းငယ်ပြောင်းလဲသွားပြီး

“ဂိုဏ်းသခင်၊ ဒါက

ငါ့ရည်ရွယ်ချက်မဟုတ်ဘူး”

“ပိုင်ယွီ၊ မင်းတို့နှစ်ယောက်က

ရင်းနှီးတာကို ငါသိပါတယ်၊ ဒါပေမဲ့

မင်းဟာ ဂိုဏ်းရဲ့အကျိုးစီးပွားကို

ဦးထိပ်ထားမယ်လို့ ငါမျှော်လင့်တယ်။

အဲဒီကလေးကို ငါသေချာမြင်ပြီးပြီ။

သူ့ရဲ့အခြေခံအုတ်မြစ်က

တည်ငြိမ်လွန်းတဲ့အပြင်

အရမ်းခိုင်မာတယ်။ စားနယ်မြေကို

နားလည်ထားတဲ့အပြင်

သူ့ရဲ့စားနယ်မြေအောင်မှုက

ငါ့လိုလူအတွက်တောင်

အရမ်းကြောက်စရာကောင်းတယ်။

မဟာအကြီးအကဲနဲ့လက်တွဲခဲ့ရင်တောင်

ငါတို့ သူ့ကို သတ်နိုင်မှာမဟုတ်ဘူး။

အထူးသဖြင့်တော့ သူ့ရဲ့

တာအိုပဲ။သူ့တာအိုက

သတ်ဖြတ်ခြင်းတာအို ဖြစ်နေတယ်။

ဒါဟာ လူအနည်းစုလောက်ပဲ

လျှောက်ဖူးတဲ့လမ်းတစ်ခုပဲ၊ ငါတို့က

သူ့ကို သတ်ဖို့ ပျက်ကွက်ရင် ငါတို့ရဲ့

သိုင်းနတ်ဘုရားဂိုဏ်းက အနာဂတ်မှာ

လက်စားချေခံရလိမ့်မယ်။ ဒါ့ကြောင့်

သူ့ဆီကို လက်စားချေဖို့ မသွားပါနဲ့၊

ကိုယ့်ကိုယ်ကို မသတ်မိစေနဲ့"

ပိုင်ယို့ က ဦးညွှတ်ပြီး “နားလည်ပါပြီ။ တကယ်ဆို ငါတို့သိုင်းနတ်ဘုရားဂိုဏ်းက အဲဒီနတ်ရတနာတွေကို ရယူနိုင်ရင် တခြားဂိုဏ်းနှစ်ခုထက် သေချာပေါက် အင်အားကြီးလာမှာပါ၊ အခုတော့ သနားစရာပဲ”

အသံက “ငါတို့ရယူနိုင်ရင် ကံကောင်းတယ်၊ ငါတို့ရှုံးရင်တော့

ကံကြမ္မာအလိုကျပဲ။ သနားစရာတော့ မဟုတ်ဘူး။ ဂိုဏ်းဆီ ပြန်သွားတော့...”

"နားလည်ပါပြီ..." ပိုင်ယွီက အနည်းငယ် ဦးညွှတ်ပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ပိုင်ယွီ ပျောက်ကွယ်သွားပြီးနောက်တွင် အလင်းတန်းတစ်ခု ပေါ်လာပြီး ယန်ယွဲ့၏ပုံရိပ် ပြန်ပေါ်လာသည်။

အမှန်တော့ သူက တစ်ခါတည်း
ထွက်သွားခဲ့တာမဟုတ်ပေ။

ဤအချိန်တွင် သူ့နားထဲ၌ "ကျေးဇူးပြုလို့
မင်းဆန္ဒအတိုင်းလုပ်ပါ"

ယန်ယဲ့ သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။
သူ့ပတ်ဝန်းကျင်ရှိ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ အနည်းငယ် ပြန့်ကျဲသွားသည်။ ခဏအကြာတွင်တော့ နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ဤအတောအတွင်း ခပ်ဝေးဝေးသို့ ရောက်နေသော ပိုင်ယွီ၏မျက်နှာက အကြောင်းပြချက်တစ်ခုကြောင့် ချွေးအေးများစီးကျလာသည်။

...

ယန်ယဲ့ သည် ဓားပျံကိုစီးနင်းကာ
တိမ်တိုက်များကြားတွင်
ဖြတ်ပြေးနေခဲ့သည်။

နှစ်နာရီအကြာတွင် ယန်ယဲ့ သည်
သူ့အောက်ကို ရုတ်တရက်
ငုံ့ကြည့်လိုက်သည်။ ခဏမျှ
တုံ့ဆိုင်းသွားပြီးနောက် လမ်းကြောင်း
ရုတ်တရက်ပြောင်းကာ
ခုန်ဆင်းလိုက်သည်။

ကောင်းကင်ယံထက်မှ

အလင်းတန်းတစ်ခု ဆင်းသက်လာပြီး

ယန်ယဲ့ သည်

ရှေးဟောင်းမြို့တော်တစ်ခုရှေ့တွင်

ပေါ်လာသည်။

ရှေးဟောင်းမြို့ သည်

အလွန်ပင်ကြီးမားပြီး မြို့ရိုးများသည်

အလွန်မြင့်မားလှသည်။ သူသည်

မြို့ရှေ့တွင် ရပ်နေသော

ပုရွက်ဆိတ်တစ်ကောင်လို ခံစားရသည်။

ထူးခြားသည်မှာ မြို့ကို

ကျောက်တုံးများနှင့်

တည်ဆောက်ထားခြင်းမဟုတ်ဘဲ

ဓားပေါင်းသန်းချီသုံးပြီး

ဆောက်လုပ်ထားခြင်းပါ။

ဓားမြို့တော်၊ ဓားတွေနဲ့

တည်ဆောက်ထားတဲ့မြို့လား။

မြို့ဝင်ပေါက်အထက်တွင်
"မိုးကောင်းကင်ဓားမြို့တော်" ဟူသော
အနက်ရောင်စာလုံးသုံးလုံးကို
ရေးထိုးထားသည်။

မိုးကောင်းကင်ဓားမြို့တော် လား ။

ယန်ယွဲ့၏မျက်လုံးထဲ၌ အံ့သြမှုတစ်ချက်
ထွက်ပေါ်လာသည်။ သူ့အနေဖြင့်
သန်းချီသော ဓားများဖြင့်

တည်ဆောက်ထားသောမြို့ကို

ပထမဆုံးအကြိမ်မြင်ဖူးတာပါ။

ထို့အပြင် မြို့တွင်းမှ ထွက်လာသော

ကြောက်မက်ဖွယ်ရာ ဓားစိတ်ဆန္ဒကို

အာရုံခံစားမိနိုင်သည်။

ယန်ယွဲ့ သည် ခဏမျှ

တုံ့ဆိုင်းသွားပြီးနောက်

မြို့ဝင်ပေါက်ဆီသို့

လျှောက်သွားလိုက်သည်။
ဝင်ပေါက်ကိုဖြတ်၍ အထဲဝင်လာချိန်တွင်
သူ့ညာဖက်ရှိ ကျောက်တုံးကြီးတစ်တုံး
တုန်လှုပ်သွားပြီးနောက် ဓားအူသံတစ်သံ
ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် အံ့အားသင့်သွားသည်။
သူ၏မျက်လုံးထဲ၌ အံ့အားသင့်မှုများ
ပြည့်နှက်သွားသည်။

ဤအချိန်တွင် သူ့ရှေ့၌

လူငယ်တစ်ယောက် ပေါ်လာသည်။

လူငယ်က ယန်ယွဲ့ကို စိုက်ကြည့်နေပြီး

"မင်းက ဓားသမားလား" ဟု

ပြောလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။

လူငယ်က ဘေးနားရှိ ကျောက်တုံးကြီးကို

စိုက်ကြည့်လိုက်သည်။

ဤအခိုက်အတန့်တွင်
ကျောက်တုံးများကြားမှ
အနီရောင်အလင်းတန်းတစ်ခု
လင်းလက်လာသည်။ ထို့နောက်
ပိုမိုတောက်ပလာပြီး တဖြည်းဖြည်းနှင့်
ခရမ်းရောင်ပြောင်းသွားခဲ့သည်။

လူငယ်၏အမူအရာသည်
ချက်ချင်းပြောင်းလဲသွားသည်။ သူသည်
ယန်ယဲ့ကို စိုက်ကြည့်ကာ ဦးညွှတ်လျက်

"မိုးကောင်းကင်ဓားမြို့တော်ကို

မင်းလိုလူတစ်ယောက်

ရောက်လာတဲ့အတွက် ကြိုဆိုပါတယ်

အကြီးအကဲ"

ယန်ယဲ့က အံ့အားသင့်သွားပြီး

သူတို့ဘေးနားရှိ ကျောက်တုံးကြီးကို

စိုက်ကြည့်ရင်း "အဲဒါက ဘာလဲ"

"ဓားစိတ်ဆန္ဒ အဆင့်ကို တိုင်းတာတဲ့ ကျောက်တုံး" လူငယ်က “ဒါဟာ ငါတို့ မိုးကောင်းကင်ဓားမြို့တော်ရဲ့ ဓားစိတ်ဆန္ဒအဆင့်ကို တိုင်းတာတဲ့ ကျောက်တုံးပဲ။ ဓားစိတ်ဆန္ဒကို အာရုံခံနိုင်တယ်။ ဓားစိတ်ဆန္ဒ အားကောင်းလေလေ တုံ့ပြန်မှုကြီးမားလာလေလေပဲ။ အခု ခရမ်းရောင်ပြောင်းသွားပြီ။ ဒါဟာ

မင်းရဲ့ စားစိတ်ဆန္ဒက ဖန်ဆင်းရှင်အဆင့်မှာရှိနေတာကို ကိုယ်စားပြုတယ်”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး
“မင်းမှားတယ်။ ငါ့မှာ
စားစိတ်ဆန္ဒမရှိတော့ဘူး"

ထိုအစား သူ၏ သတ်ဖြတ်ခြင်းစိတ်ဆန္ဒသည် ပြန်လည်ကောင်းမွန်လာပြီး
ယခင်ထက်ပင် အားကောင်းလာခဲ့သည်။

သို့သော်လည်း သူသည်
ဖန်ဆင်းရှင်အဆင့် ဓားစိတ်ဆန္ဒ ကို
ပြန်မယူနိုင်သေးပါ။

လူငယ်က အံ့သြသွားပြီး "မဖြစ်နိုင်ဘူး။
ဓားစိတ်ဆန္ဒ တိုင်းတာတဲ့
ကျောက်တုံးဟာ ဘယ်တော့မှ
မမှားပါဘူး။ အကြီးအကဲ..."

ယန်ယဲ့ က ပြုံးပြီး ဘာမှပြန်မပြောပေ။ သူသည် မြို့ထဲသို့ဝင်လာပြီးနောက် တစ်စုံတစ်ခုကို တွေးတောနေပုံရပြီး ချက်ချင်းရပ်လိုက်သည်။ ထို့နောက် လူငယ်ကို ကြည့်ပြီး "မေးစရာရှိတယ်"

လူငယ်က ယန်ယဲ့ထံ အမြန်လျှောက်သွားကာ "ကျေးဇူးပြုပြီး မေးပါ အကြီးအကဲ"

ယန်ယဲ့က "ရှီယွမ်ကလန် အကြောင်း မင်းသိလား"

"ရှီယွမ် မျိုးနွယ်..." လူငယ်က အနည်းငယ် ခေါင်းညိတ်ကာ “ဒါက မျိုးနွယ်စု ၆ ခုထဲက တစ်ခုပါ။ အဲဒီအကြောင်း နည်းနည်းသိတယ်။ မငမင်းဘာသိချင်လဲ

ယန်ယဲ့ က " သူတို့မှာ မူလတာအိုသခင်

ဘယ်နှစ်ယောက်ရှိလဲ "

ဟုမေးလိုက်ပါသည်။

မကြာခင်မှာ သူက ရှီယွမ်ကလန်ကို

သွားရပေမည်။ မသွားခင်မှာ

ရှီယွမ်မျိုးနွယ်၏ အင်အားကို

အပြည့်အဝနားလည်ထားသင့်ပေသည်။

လူငယ်က ခဏလောက်စဥ်းစားပြီး

“သူတို့ပိုင်ဆိုင်တဲ့ မူလတာအိုသခင်

အရေအတွက်အတိအကျကို ငါမသိဘူး။

ဒါပေမဲ့ နာမည်ကျော်

သုံးယောက်ကိုတော့သိတယ်။ အဲဒီထဲက

တစ်ယောက်ဟာ မကြာသေးခင်တုန်းက

မူလတာအိုအဆင့်ကို တက်လှမ်းသွားတဲ့

လင်းရှူ ပါ။ သူက ရှီယွမ်မျိုးနွယ်ရဲ့

ထိပ်တန်းဉာဏ်ကြီးရှင်ပဲ။

မူလတာအိုအဆင့်ကို

မရောက်ခင်တုန်းကတောင်

ထာဝရနယ်စပ်မှာ

နာမည်ကျော်ကြားတယ်"

သူက ခဏရပ်ပြီး “ဒုတိယကတော့

ရှီယွမ်ကလန်ရဲ့ဘိုးဘေး ရှီယွမ်ယင် ပါ။

သူက

ရှီယွမ်မျိုးနွယ်ရဲ့

လက်ရှိကလန်ဘိုးဘေးဖြစ်တယ်။ အခုဆို

သူက ပိုတောင် သန်မာလာနိုင်တယ်”

ယန်ယဲ့က "တတိယလူက ဘယ်လိုလဲ"

လူငယ်က လေးနက်စွာပြောခဲ့သည်

"သူက ရှီယွမ်ကလန်ရဲ့

တည်ထောင်သူဘိုးဘေး။

မူလဧကရာဇ်ပါ။ သူက ရှီယွမ်ကလန်ကို

စကြာဝဠာကြီးထဲကနေ

ထာဝရနယ်စပ်ကိုခေါ်လာတဲ့သူ။ သူတို့

ဒီကိုရောက်လာတုန်းက

အရမ်းအားနည်းတယ်။

သူ့ကြောင့်သာမဟုတ်ရင်

ရှီယွမ်မျိုးနွယ်က ထာဝရနယ်စပ်မှာ

ခြေကုပ်ယူနိုင်တော့မှာ မဟုတ်ပါဘူး။

သူ့ခွန်အားက နားမလည်နိုင်စရာပဲ”

နားမလည်နိုင်တဲ့အဆင်. လား။

ယန်ယဲ့၏ မျက်လုံးများသည်

အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုလူငယ်ပြောခဲ့သည့်စကားအပေါ်

အခြေခံ၍ မူလကေရာဇ်သည်

ရှီယွမ်မျိုးနွယ်စုတွင်

အပြင်းထန်ဆုံးဖြစ်နိုင်ပါသည်။ သို့သော်

မူလကေရာဇ်အပြင် ရှီယွမ်ကလန်၏

ထိပ်တန်း မူလတာအိုသခင်

နှစ်ပါးရှိနေသေးသည်။

ဒါဆို လျှို့ဝှက်ထားတဲ့သူတွေက....

ယန်ယဲ့ သည် အပြင်ဖက်တွင်
တည်ငြိမ်နေပုံရသော်လည်း
သူဘာတွေတွေးနေမှန်းမသိပေ။

ဤအတောအတွင်း လူငယ်က ခဏမျှ
တုံ့ဆိုင်းသွားပြီး “အကြီးအကဲ၊ မင်းက
ရှီယွမ်မျိုးနွယ်နဲ့ ရန်ငြိုးရှိသလား” ဟု
မေးလိုက်သည်။

ယန်ယဲ့ သည် လူငယ်လေးအား

အံ့သြတကြီး မျက်လုံးများဖြင့်

စိုက်ကြည့်ကာ "မင်းဘယ်လိုသိတာလဲ"

လူငယ်က “မင်းရဲ့ဓားစိတ်ဆန္ဒကို

ငါအာရုံခံမိလိုက်တယ်” ဟု ပြန်ဖြေသည်။

သူက ခဏလောက် တုံ့ဆိုင်းသွားပြီး

“မင်းရဲ့ ဓားစိတ်ဆန္ဒမှာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ပါနေသလိုပဲ။

အကြီးအကဲ၊ မင်းရဲ့စားတာအိုက
တကယ်ကို ထူးဆန်းတယ်"

ယန်ယဲ့ က လူငယ်ကို စိုက်ကြည့်ရင်း
ပြုံးလိုက်ပြီး "မင်းကိုယ်တိုင်က
မဆိုးပါဘူး"

လူငယ်၏ ပြောဆိုဆက်ဆံပုံက
ယဉ်ကျေးသိမ်မွေ့လှသည်။
ပညာရှင်အဆင့် သာဖြစ်သော်လည်း

သူ၏ဓါးစိတ်ဆန္ဒ က အတော်

လေးခိုင်မာသည်။ ၎င်းက

အလုံပိတ်ခံထားရသော

အဖိုးတန်ဓားတစ်ချောင်းနဲ့တူသည်။

လူငယ်က

ကောင်းကောင်းဖုံးကွယ်ထားသော်လည်း

အာရုံခံစားမိနိုင်သည်။

လူငယ်သည် ပညာရှင်အဆင့်သာ

ဖြစ်သော်လည်း

သူ၏တိုက်ခိုက်ရေးစွမ်းအားက

ဖန်ဆင်းရှင်အချို့နှင့် ယှဉ်နိုင်သည်ဟု

ဆိုနိုင်သည်။

ဓားကျင့်ကြံသူများသည် သာမန်အားဖြင့်

အချို့သော ကျင့်ကြံသူများထက်

သန်မာလေ့ရှိသည်။

ယန်ယဲ့က "အကြီးအကဲ၊

ငါတောင်းဆိုစရာရှိတယ်"

ယန်ယဲ့က “ဆက်ပြော...”

လူငယ်က ယန်ယဲ့ကို ဦးညွှတ်ပြီး

"ကျေးဇူးပြုပြီး မင်းရဲ့

လမ်းညွှန်ချက်ပေးပါလား"

လမ်းညွှန်ချက် လား။

ယန်ယဲ့က လူငယ်လေးအား

စိုက်ကြည့်လိုက်ပြီး သူ့မျက်လုံးထဲတွင်

ချီးမွမ်းလိုသော အရိပ်အယောင်များ

တောက်ပလာသည်။ လူငယ်က

အလွန်နှိမ့်ချပြီး ယန်ယဲ့ကို

အလွန်လေးစားသော်လည်း

ကြောက်ရွံ့ခြင်းမရှိပေ။

လောကသဘာဝအရ သန်မာသူများကို
လေးစားထိုက်သော်လည်း
ကြောက်ရွံ့စရာမလိုပေ။

လူငယ်၏ ဓားတာအို အောင်မြင်မှုများက
သူထင်ထားသည်ထက် များစွာ
သာလွန်သည် ။

ယန်ယဲ့ သည် လူငယ်၏တောင်းဆိုမှုကို

မငြင်းဘဲ ခေါင်းညိတ်ကာ

"ကောင်းပြီလေ..."

လူငယ်က ထပ်မံ ဦးညွှတ်ကာ

"ကျေးဇူးတင်ပါတယ်"

သူက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါတို့က

ဒီမှာမတိုက်ခိုက်နိုင်ဘူး၊ ဒါကြောင့်
ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ"

လူငယ်က နောက်ပြန်လှည့်ကာ မြို့ထဲသို့
လျှောက်သွားသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယွဲ့ သည်
လူငယ်၏နောက်ကနေလိုက်လာရင်း
တောင်တန်းတစ်ခုရှေ့သို့
ရောက်လာခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်သည်။

တောင်တန်းကြီးတစ်ခုတည်း မဟုတ်ပေ၊

တြိဂံပုံသဏ္ဍာန်ရှိသည့်

တောင်တန်းကြီးသုံးခုရှိခဲ့သည်။

တောင်တန်းတစ်ခုစီသည်

အခြားတောင်တစ်လုံးထက်

ပိုမြင့်မားသည်။ တောင်ထိပ်သုံးခု၌

ရောမဓားကြီးတစ်ချောင်းစီ
လွင့်မျောနေခဲ့သည်။

ယန်ယွဲ့ သည် ဓားသုံးချောင်းကို
စိုက်ကြည့်ရင်း တဖြည်းဖြည်း
လေးနက်လာသည်။

ဓားသုံးချောင်းစလုံးက သာမန်
နတ်ရတနာများ မဟုတ်ပေ။

၎င်းတို့သည် သူ၏ အဓိပတိစား နှင့်
မူလနတ်စား ထက်ပင် မနိမ့်ကျပေ။

မိုးကောင်းကင်စားမြို့တော် ။

ရောမစားကြီးသုံးချောင်းက
မိုးကောင်းကင်စားမြို့တော်၏
အင်အားကို သိသာပါသည်။ ထို့အပြင်
အမြင့်ဆုံးတောင်ထိပ်နှစ်ခုရှိ
စားကြီးနှစ်ချောင်းရှိကာ

သူ၏ါနှလုံးကိုပင် အနည်းငယ်
တုန်လှုပ်သွားစေသည် ။

ယန်ယဲ့သည် မျက်လုံးများ
အနည်းငယ်ကျဉ်းမြောင်းသွားသည်။

အနှောင်အဖွဲ့ကင်းမဲ့သူ ကလွဲ၍ သူ့အား
အန္တရာယ်ကို ခံစားရစေမည့် ဓားစိတ်ဆန္ဒ
ကို မကြုံတွေ့သည်မှာ အလွန်ပင်
ကြာမြင့်ခဲ့လေပြီ။

လူငယ်က ယန်ယွဲ့အား အနိမ့်ဆုံး

တောင်ထိပ် ဆီသို့

ခေါ်ဆောင်လာခဲ့သည်။

အတိအကျပြောရလျှင် တောင်ထိပ်ပေါ်ရှိ

ဝါးတောထဲသို့ ခေါ်ဆောင်လာခဲ့တာပါ။

သာမန်ဝါးတောမဟုတ်ပေ။ ဝါးတော

ပတ်ပတ်လည်၌

အစီအရင်တစ်ခုရှိနေခဲ့သည်။

လူငယ်က ရပ်တန့်လိုက်သည်။ သူက

ယန်ယဲ့အား လှည့်ကြည့်ကာ အနည်းငယ်

ဦးညွှတ်ပြီး "အကြီးအကဲ၊ ဒါဟာ

ဆေးဝါးတောပါ။ ဒီဝါးတောကို ငါတို့ရဲ့

တည်ထောင်သူဘိုးဘေး

ကိုယ်တိုင်စိုက်ပျိုးခဲ့တာ၊ ဒီဝါးပင်တွေမှာ

သူ့ရဲ့ဆေးစိတ်ဆန္ဒ နဲ့

တာအိုအသိအမြင်တွေပါတယ်။

ဒီနေရာမှာ လေ့ကျင့်မယ်ဆိုရင်

ဒီဝါးပင်တွေက ငါတို့ထုတ်လွှတ်တဲ့

ဓားစိတ်ဆန္ဒကို ဖိနှိပ်ထားလိမ့်မယ်။ ဒါဆို

ငါတို့တိုက်ခိုက်တဲ့အခါ

အပြင်ကိုပြန့်သွားတာ

ဒါမှမဟုတ်ပတ်ဝန်းကျင်ကို

ပျက်စီးစေမှာမဟုတ်ဘူး။

ဒါ့ကြောင့် ငါတို့စိတ်ကျေနပ်တဲ့အထိ ဒီမှာ

တိုက်ခိုက်နိုင်တယ်”

သူက ယန်ယဲ့ကို ဦးညွှတ်ပြီး

ဆက်ပြောသည် "အကြီးအကဲ၊ မင်းရဲ့

ခွန်အားကို အပြည့်သုံးပြီး

နောက်မဆုတ်ဖို့ ငါတောင်းဆိုတယ်။

ကျေးဇူးတင်ပါတယ်… "

ယန်ယဲ့ က လူငယ်ကို

တစ်ချက်ကြည့်လိုက်ပြီး "သေချာလား"

လူငယ်က ခေါင်းညိတ်ပြီး
“ဟုတ်ပါတယ်”

ယန်ယဲ့ က ခဏမျှငြိမ်သက်သွားပြီး
ခေါင်းညိတ်ကာ “မင်း လှုပ်ရှားလိုက်ပါ”

"အကြီးအကဲ၊ ကျေးဇူးပြုလို့ အရင်စပါ"
လူငယ်က ဆက်ပြောသည် “ငါ့ဓားတာအို
က ငါ့ပြိုင်ဖက်ရဲ့ အားနည်းတဲ့အချက်ကို
လိုက်ရှာပြီး ထိုးနှက်တာပဲ။ ဒါဆို မင်းကို

လိုက်တိုက်ခိုက်ရင်း ငါ
ပိုသန်မာလိမ့်မယ်"

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်ကာ "ကောင်းပြီ"

ယန်ယဲ့၏လက်ထဲ၌ ဓားတစ်ချောင်း
ပေါ်လာသည်။ ထို့နောက်
ဓားကိုင်ထားလျက်ဖြင့်

လူငယ်လေးရှေ့တွင် ချက်ချင်း ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ဓားအူသံက ကောင်းကင်ထက်သို့ ရုတ်တရက် လွင့်ပျံလာသည်။

ဓားနယ်မြေ ။

ယန်ယဲ့က မထိန်းထားဘဲ ဓားနယ်မြေကို

ချက်ချင်းသုံးလိုက်သည်။

ဓားနယ်မြေကို

အသက်သွင်းလိုက်သည်နှင့် ...

ဘမ်း...

ပတ်ဝန်းကျင်ရှိ

ကြားကွက်လပ်အလွှာများ

တုန်ခါသွားကာ ဝါးတောတစ်ခုလုံး
ပေါက်ကွဲထွက်သွားသည်။

မိုးကောင်းကင်ဓားမြို့တော်၏
အဓိကတောင်ထိပ်၌ ။

အဘိုးကြီးတစ်ဦးက ဝါးကုတင်ပေါ်တွင်
တင်ပျဉ်ခွေထိုင်နေရာမှ အပြင်ကို
ထွက်လာသည်။ သူ၏မျက်လုံးထဲ၌
မယုံနိုင်စရာများနှင့်ပြည့်နှက်နေကာ

"ငါ့မိုးကောင်းကင်ဓားမြို့တော်မှာ
ဒီလောက်ထူးချွန်တဲ့
ညဏ်ကြီးရှင်ရှိသလား"

တစ်ချိန်တည်းမှာပင်
မိုးကောင်းကင်ဓားမြို့တော်တစ်ခုလုံးမှ
ဓားအူသံများ ကျယ်လောင်စွာ
ပဲ့တင်ထပ်လာသည်။ ထောင်ချီသော
ဓားများဟာလေထဲသို့ လွင့်မျောနေကာ
ဝါးတော ဆီသို့ ပစ်ချလိုက်သည်။

မြင်နေရသည်မှာ

အလွန်ကြီးကျယ်ခမ်းနားတဲ့မြင်ကွင်းတစ်ခုပင်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့စားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၅၂ - ငါ့နာမည်ကို

မင်းကြားဖူးသင့်တယ်

ဤအချိန်တွင် ယန်ယဲ့ရှေ့ရှိ

လူငယ်လေးက အံ့အားသင့်သွားသည်။

ဓားတစ်လက်က

ထိုလူငယ်၏ခေါင်းအထက်

လက်မဝက်ခွဲအကွာ၌ ရပ်တန့်နေခဲ့သည်။

ထိုထက် ဆင်းသက်လာပါက
ချက်ချင်းအသတ်ခံရမည်ဖြစ်သည်။

ဓားတစ်ချက် ။

လူငယ်က ခုခံနိုင်စွမ်း လုံးဝမရှိခဲ့ပေ။

ယန်ယဲ့က ထိုလူငယ်ကို
ရုတ်တရက်စိုက်ကြည့်ကာ "ငါ့အကြောင်း
ဘာမှ ထပ်မပြောနဲ့"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ သည်
နေရာမှာပင် ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ
လူငယ်လေးရှေ့တွင်
အဘိုးကြီးတစ်ယောက်
ရုတ်တရက်ပေါ်လာသည်။ အဘိုးကြီးက
လူငယ်ကို ခဏစိုက်ကြည့်ကာ "လင်းဖေး၊
မင်းလား..."

လူငယ်က ထိတ်လန့်နေရာမှ
သတိပြန်ဝင်လာပြီး ရှိသေစွာ ဦးညွတ်ကာ
"ချီးမြှောက်ခြင်းယွမ် ...."

အဘိုးကြီးက လူငယ်ကို ထပ်ပြီး
စိုက်ကြည့်လိုက်ရင်း သူ့မျက်လုံးများ
အနည်းငယ် ကျဉ်းမြောင်းသွားသည်။
သူက ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒါက ဓားနယ်မြေ..."

ထို့နောက် အခြားတစ်ဖက်ကို လှမ်းကြည့်ပြီး နေရာမှာပင်ပျောက်သွားသည်။

"ဓားနယ်မြေ ..." တစ်ယောက်ယောက်က အော်ဟစ်လိုက်သည်။

လူငယ်လေးက

လှမ်းကြည့်လိုက်သောအခါ

ဓားသမားမြောက်များစွာရောက်ရှိနေ

ကြောင်း တွေ့လိုက်ရလေသည်။

ဓားသမားတိုင်းက

ဓားမြို့တော်၏တပည့်များဖြစ်နေသော

ကြောင့် သူတို့ကို သဘာဝအတိုင်း

အသိအမှတ်ပြုခဲ့သည်။

ဤအချိန်တွင် လူငယ်တစ်ဦးက

လင်းဖေး ထံသို့ လျှောက်လာကာ

တဟားဟား ရယ်မောလိုက်ပြီး

“လင်းဖေး၊ မင်းက စားနယ်မြေကို

ဒီလောက်အတိုင်းအတာထိ

နားလည်ထားမယ်လို့ ငါ

မမျှော်လင့်ထားပါဘူး။

ငါတို့ဘိုးဘေးတွေရဲ့ စားဝါးတောတောင်

ပျက်စီးသွားပြီ။ ငါတို့ဂျူနီယာညီငယ်က
တော်လိုက်တာ”

လင်းဖေး က အကူအညီမဲ့စွာ
ရယ်မောရင်း “ချင်းယွန်၊ ငါ...”

"ဟားဟား..." ချင်းယွန် ဟုခေါ်သော
လူငယ်က လင်းဖေး၏ ရင်ဘတ်ကို
လက်သီးဖြင့် ခပ်ဖွဖွ ထိုးလိုက်ရင်း
"ငါတို့ရဲ့ ကောင်းကင်ဓားမြို့တော်က

တောင်ပိုင်းနဲ့မြောက်ပိုင်းဓားနှစ်ချောင်းပဲ
ရှိခဲ့တာ။ အခုတော့ နောက်ထပ်
ဓားတစ်ချောင်း ပေါ်လာပြီ။ ဟားဟား"

လင်းဖေး က ထိုစကားများကြောင့်
ဘာပြောရမှန်းပင် မသိတော့ပေ။

များစွာသော လူအုပ်ကြီးက
လူငယ်လေးလင်းဖေးကို ဝိုင်းဝန်းပြီး
ဂုဏ်ပြုကြသည်။ ထို့အပြင် အချို့က

လက်ရည်စမ်းဖို့တောင်
စိန်ခေါ်နေခဲ့သည်။

ဓားမြို့တော်၏ တပည့်အများအပြားက
လင်းဖေးကို စိန်ခေါ်နေကြသည်။

မှန်သည်၊ လူတစ်ယောက်က
ပိုသန်မာချင်တယ်ဆိုရင်တော့ သူ့ထက်
ပိုသန်မာသောလူများကို
စိန်ခေါ်တိုက်ခိုက်ရပေမည်။ သို့မှသာ

ထိုလူက

တိုးတက်အောင်မြင်နိုင်မည်ဖြစ်သည်။

အကြောင်းကတော့ အင်အားကြီးသူကို

တိုက်ခိုက်တာဟာ

ကိုယ့်အားနည်းချက်ကို ရှာဖွေနိုင်လို့ပါ။

စားကျင့်ကြီးသူများအတွက်တော့

စားနယ်မြေကို နားလည်ထားသော

စားသမားတစ်ယောက်နှင့်

ယှဉ်ပြိုင်ရတာက

လုံးဝရှားပါးတဲ့အခွင့်အရေးတစ်ခုပင်။

လူအုပ်ထဲတွင် လင်းဖေးက မထိန်းနိုင်ဘဲ

ခါးသက်သက်ရယ်မောလိုက်တော့သည်။

သူအမှန်အတိုင်းပြောပြချင်သော်လည်း

ယန်ယဲ့က သူ့အား

မပြောပြရန်တောင်းဆိုခဲ့သည်။

...

မိုးကောင်းကင်ဓားမြို့တော် အပြင်ဖက် ။

မြေကြီးထဲမှ အရိပ်တစ်ခု
ထိုးထွက်လာပြီးနောက် မြို့နှင့် ၁
ကီလိုမီတာအကွာတွင် လူတစ်ယောက်
ပေါ်လာသည်။

အခြားလူမဟုတ်ပေ။ ယန်ယွဲ့
ပင်ဖြစ်သည်။

ယန်ယဲ့ သည် ထွက်မသွားခင်

သူ့နောက်ကွယ်ရှိ မြို့ကို

တစ်ချက်ပြန်ကြည့်လိုက်သည်။

ထို့နောက် ထွက်သွားခဲ့သည်။

ဤအချိန်မှာပဲ သူ့ရှေ့တွင် အဘိုးကြီးတစ်

ယောက် ရုတ်တရက်ပေါ်လာခဲ့သည်။

ငင်းက လင်းဖေး နှင့်တွေ့လာခဲ့သော

ချီးမြှောက်ခြင်းယွမ် ပါ။

ယန်ယဲ့က ရက်နေလိုက်သည်။

အဘိုးကြီးက ယန်ယဲ့ကို

ခဏကြာစိုက်ကြည့်လိုက်ပြီး

သူ၏မျက်လုံးများ အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သူ့မျက်လုံးထဲတွင် လေးနက်မှုနှင့်

ထိတ်လန့်မှုတစ်ခု ရှိနေသည် ။

ယန်ယဲ့က အတန်ကြာတိတ်ဆိတ်နေရာမှ

"မင်းတစ်ခုခုလိုသေးလား"

ဟုမေးလိုက်သည်။

အဘိုးကြီးက ယန်ယဲ့ကို

လေးလေးနက်နက် အကြာကြီး

တစ်ချက်ကြည့်လိုက်ပြီးနောက်

“ထာဝရနယ်စပ်မှာ လူသုံးဦးကပဲ

ဓားနယ်မြေကိုပိုင်ဆိုင်ထားတယ်။

ဓားအပျက်အစီးနယ်မြေရဲ့ ဒီမျိုးဆက်

ဓားအုပ်ထိန်းသူအသစ်၊

အမှောင်ဓားဧကရီ အပြင်

တခြားတစ်ယောက်ကို ငါတွေ့ဖူးတယ်။

မင်းကို တစ်ခါမှ မတွေ့ဖူးဘူး"

ယန်ယဲ့က ပြုံးပြီး "အခု

မင်းတွေ့လိုက်ပြီမဟုတ်လား"

ချိုးမြှောက်ခြင်းယွမ် က အနည်းငယ်ခေါင်းညိတ်ပြီး "မင်းမှာ ဂိုဏ်းတစ်ခုခုရှိသလား"

ယန်ယဲ့က ခေါင်းခါလိုက်သည် "မရှိဘူး"

ချိုးမြှောက်ခြင်းယွမ် က ဆက်ပြောသည် “မင်း ငါ့မိုးကောင်းကင်ဓားမြို့တော်ကို ဝင်ချင်သလား။ မင်းသဘောတူရင်

ငါမင်းကို ဒုတိယမြို့တော်ဝန်ရာထူး

ပေးလို့ရတယ်"

ယန်ယဲ့ က အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး "ငါက

ဓားနယ်မြေ

ကိုနားလည်ထားလို့များလား"

အဘိုးကြီးက ခေါင်းယမ်းလိုက်ပြီး

“မဟုတ်ဘူး၊ ဓားနယ်မြေ က

နားလည်ဖို့ခဲယဉ်းတယ်။ ဒါပေမဲ့
ငါ့ခြားမြို့တော်မှာ တစ်စုံတစ်ယောက်
ရှိခဲ့ဖူးတယ်။ တစ်ခုတော့ရှိတယ်၊ မင်းရဲ့
ခြားနယ်မြေ ကို

ငါအရမ်းစိတ်ဝင်စားတယ်။ ဒါဟာ
သာမန်ခြားနယ်မြေတင်မဟုတ်ဘူး၊
သတ်ဖြတ်ခြင်းစိတ်ဆန္ဒပါနေတယ်။
သတ်ဖြတ်ခြင်းတာအို ကျင့်ကြံသူကို
ငါတွေ့ဖူးပေမယ့်

သတ်ဖြတ်ခြင်းခံရတာအို ကိုတော့

တစ်ခါမှ မတွေ့ဖူးဘူး။

ဒီလိုအတိုင်းအတာအထိ

ရောက်လာအောင်

စွမ်းဆောင်နိုင်ခဲ့တာဟာ တကယ့်ကို

အံ့သြစရာပါပဲ”

သူက ခဏရပ်ပြီး

“ငါ့မိုးကောင်းကင်ခံရမြို့တော်မှာ ဟာ

အပြင်လူတွေဝင်ရောက်ခွင့်ကို

လမ်းဖွင့်ပေးထားတယ်။

ဒီထာဝရနယ်စပ်တစ်ခုလုံးမှာရှိတဲ့

ဓားကျင့်ကြံသူတွေကို ပေါင်းစည်းနိုင်ဖို့

မျှော်လင့်ထားတာကြောင့်ပါ။ သူတို့က

ငါတို့ဆီကိုဝင်ရောက်လာရင် ဒီမှာရှိတဲ့

အရာအားလုံးကို လေ့လာနိုင်မှာပါ။

ငါတို့ဓားကျင့်ကြံသူတွေဟာ

တစ်ယောက်နဲ့တစ်ယောက်

သင်ယူနိုင်တယ်၊ ဓားတာအိုရဲ့

ဂုဏ်အသရေနဲ့
ကြီးမြတ်တဲ့အဆင့်အတန်းကို
ယူဆောင်လာဖို့အတွက်
တစ်ယောက်နဲ့တစ်ယောက်
ချို့ယွင်းချက်တွေကို
ရှာဖွေသင်ယူကြရမယ်”

ယန်ယဲ့ က စကားပြန်မပြောဘဲ
ငြိမ်သက်သွားသည်။

ချီးမြှောက်ခြင်းယွမ် က "မင်း

ငါ့ရဲ့မိုးကောင်းကင်ဓားမြို့တော်ကို

ဝင်မယ်ဆိုရင် ငါတို့မှာရှိတဲ့

ဓားတာအိုသဘောတရားတွေ၊

ဓားနည်းစနစ်တွေ

အကုန်လုံးကိုလေ့လာနိုင်မှာပါ။ ဒါဆိုရင်

မင်းရဲ့ဓားတာအိုမှာ

အဆင့်တစ်ခုထိအောင်မြင်လာဖို့က

သုံးနှစ်တောင်ကြာမှာမဟုတ်ဘူးလို့
ငါယုံကြည်တယ်"

ယန်ယဲ့က ရယ်မောလိုက်ပြီး "ဒါကို
ငါဆန္ဒရှိပါတယ်။ ကံမကောင်းစွာပဲ၊
ငါ့အခြေအနေက ဓားမြို့တော်ကို
ဝင်လို့မရဘူး"

ချီးမြှောက်ခြင်းယွမ် က "ဘာလို့လဲ" ဟု
မေးလိုက်သည်။

ယန်ယဲ့ က အဘိုးကြီးကို ကြည့်လိုက်ပြီး

"ငါ မင်းတို့နဲ့ ပူးပေါင်းလိုက်ရင်

ဓားမြို့တော်အတွက်

သာယာတဲ့နေ့ဆိုတာ ဘယ်တော့မှ

ရှိလာနိုင်မှာ မဟုတ်ဘူး"

ချီးမြှောက်ခြင်းယွမ် က

မျက်မှောင်ကြုတ်ကာ “ဘာလို့

ဒီလိုပြောတာလဲ”

ယန်ယဲ့ က ချီးမြှောက်ခြင်းယွမ် ဆီကို လျှောက်သွားပြီး အနည်းငယ်ပြုံးကာ "ငါ့နာမည်က ယန်ယဲ့ပဲ။ ငါ့နာမည်ကို မင်းကြားဖူးသင့်တယ်"

ချီးမြှောက်ခြင်းယွမ် က အံ့သြသွားပြီး “မင်း…”

ယန်ယဲ့က ပြုံးပြီး အဝေးကို

ထွက်သွားသည် ။

အဘိုးကြီးက နေရာတွင်ပင်

ထိတ်လန့်သွားသည်။

ယန်ယဲ့....

သဘာဝအတိုင်း ထိုနာမည်ကို

ကြားဖူးထားသည်။

ထာဝရနယ်စပ်တစ်လျှောက်ရှိ
အင်အားစုတိုင်း ထိုနာမည်ကို
သိကြသည်။

ရွေ့လျားနေသော ရတနာသိုက်တစ်ခု၏
နာမည်ဖြစ်သည်။

နတ်ရတနာသုံးပါး...

ယန်ယဲ့တွင် နတ်ရတနာသုံးပါး

ရှိနေသောကြောင့် မည်သူက

မလိုချင်ဘဲနေပါမည်နည်း။

မိုးကောင်းကင်ဓားမြို့တော်ကပင်

လိုချင်ခဲ့သည်။

ချီးမြှောက်ခြင်းယွမ် က သူ့ရှေ့မှ

ထွက်သွားသူဟာ ထိုယန်ယဲ့

ဖြစ်နေမည်ဟု မမျှော်လင့်ထားပေ။

ယန်ယဲ့....

ချီးမြှောက်ခြင်းယွမ် က အကြာကြီး

ငြိမ်သက်သွားသည်။ အဆုံးတွင် သူက

ဓားမြို့တော် ဆီသို့ လှမ်းကြည့်ကာ “

ဆုံးဖြတ်ချက်ချလိုက်ပါ...”

"အတူတူအလုပ်လုပ်ပါ..." အသံတစ်သံ

ထွက်ပေါ်လာသည် ။

အတူအလုပ်လုပ်မယ် ။

ချီးမြှောက်ခြင်းယွမ် က

အနည်းငယ်ခေါင်းညိတ်ကာ

“နားလည်ပါတယ်”

ခဏအကြာတွင် ချီးမြှောက်ခြင်းယွမ် က

ယန်ယွဲ့ကို အမှီလိုက်လာခဲ့သည်။

သူက "ယန်ယဲ့၊ မင်း ငါတို့နဲ့ အတူတူ

အလုပ်လုပ်ဖို့ ဆန္ဒရှိသလား"

ယန်ယဲ့က အံ့သြသွားပြီး

"အတူတူအလုပ်လုပ်မလား"

ချီးမြှောက်ခြင်းယွမ် က "ဒါက

အရမ်းရိုးရှင်းပါတယ်။ စားမြို့တော်မှာ

မင်းနားလည်ထားတဲ့

စားတာအိုသဘောတရားတွေနဲ့

အသိအမြင်တွေကိုချန်ထားပေးပါ။
ပြီးတော့ ငါတို့တွေ အခုအချိန်ထိ
စုဆောင်းထားတဲ့ အရာအားလုံးကို
ကြည့်ခွင့်ပေးမယ်။ ငါတို့ အချင်းချင်း
ကူညီကြတာပေါ့။ မင်းဘယ်လိုထင်လဲ"

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး
“ဒါလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ငါ့မှာ
ကိုင်တွယ်စရာတစ်ခုရှိလို့
အခုချိန်မှာတော့ ငါမလုပ်နိုင်သေးပါဘူး”

ယန်ယဲ့က ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။ လက်တလော သူ့အတွက် အရေးကြီးသော ကိစ္စမှာ အန်နန်ကျင်းကို ကယ်တင်ရန်ဖြစ်သည်။

ချီးမြှောက်ခြင်းယွမ် က ရုတ်တရက် မေးလိုက်သည် "မင်းက ရှီယွမ်မျိုးနွယ်ကို သွားမှာမဟုတ်လား"

ယန်ယဲ့က ချီးမြှောက်ခြင်းယွမ်

ကိုစိုက်ကြည့်ကာ နောက်မှပြောသည် "

မင်း ဖြစ်ပျက်ခဲ့တာကို ငါတို့

နည်းနည်းသိတယ်။

ရိုးရိုးသားသားပြောခွင့်ပြုပါ၊

မင်းရဲ့ခွန်အားက

တကယ့်ကိုထူးခြားပါတယ်။ ဒါပေမဲ့

မင်းတစ်ယောက်တည်းနဲ့က

ရှီယွမ်မျိုးနွယ်ကို ဆန့်ကျင်ဖို့

မဖြစ်နိုင်ဘူး"

ယန်ယဲ့က "ငါလုပ်စရာရှိသေးလို့

နှုတ်ဆက်ပါတယ်"

ချီးမြှောက်ခြင်းယွမ် က

မျက်မှောင်ကြုတ်လိုက်သည်။

ဤအချိန်တွင် ယန်ယဲ့က

နောက်သို့လှည့်ကာ ထွက်သွားသည်။

"ခဏစောင့်ပါဦး..." စကားသံနှင့်အတူ ယန်ယဲ့ရှေ့တွင် မီးခိုးရောင်ဝတ် ရုံအဘိုးအိုတစ်ယောက် ရုတ်တရက် ပေါ်လာသည်။

ယန်ယဲ့က အဘိုးကြီးကို စိုက်ကြည့်ရင်း "ဟုတ်လား"

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ပြီး
“ငါက မိုးကောင်းကင်ဓားမြို့တော်ရဲ့
မြို့တော်ဝန် ပါ။ မင်းရဲ့မိတ်ဆွေကို
ကယ်တင်ဖို့ အလျင်လိုနေတယ်ဆိုတာ
ငါနားလည်ပါတယ်။ ဒါဆို ငါတို့ ဒါကို
ဘယ်လိုလုပ်မလဲ။ ရှီယွမ်မျိုးနွယ် က
သူမကို တစ်လလောက်
လုံခြုံအောင်ထားပေးမယ်လို့
ငါအာမခံရင်ကော....။ မင်း ဒီလအတွက်

ငါ့ခြားမြို့တော်မှာ နေပြီးတော့ ငါတို့နဲ့
လဲလှယ်နိုင်ပါတယ်။
ဒါကိုဘယ်လိုထင်လဲ"

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
မှေးကျဉ်းသွားကာ "မင်း သူတို့ကို ဒီလို
လုပ်ပေးနိုင်မလား"

အဘိုးကြီးက “ရှီယွမ်မျိုးနွယ်စုရဲ့
ဘိုးဘေးက ငါ့ကို

ကျေးဇူးဆပ်ရမှာတစ်ခုရှိတယ်။ ဒါ့အပြင်
ငါ့မိုးကောင်းကင်ဓားမြို့တော်က
အဲဒီနတ်ရတနာတွေကို
လိုချင်မှာမဟုတ်ဘူး၊ ဒါ့ကြောင့် သူတို့က
ငါ့ကို မျက်နှာသာပေးတဲ့အနေနဲ့
ဒီတောင်းဆိုမှုကို လက်ခံလိမ့်မယ်”

ယန်ယဲ့က ငြိမ်သက်သွားသည်။

အဘိုးကြီးက “ရိုးရိုးသားသား

ဝန်ခံပါရစေ။ မင်းရဲ့ လက်ရှိခွန်အားက

ရှီယွမ်မျိုးနွယ်ကို ဆန့်ကျင်ဖို့ လုံးဝ

မဖြစ်နိုင်ဘူး။ အခုသွားရင်

မင်းသေလိမ့်မယ်၊ အဲဒါကို ငါ

အာမခံနိုင်ပါတယ်၊

မင်းအသက်ရှင်နေတဲ့အချိန်မှာ

မင်းရဲ့ဓားတာအို အသိအမြင်တွေကို

ချန်ထားခဲ့မယ်လို့ ငါမျှော်လင့်ပါတယ်"

ယန်ယဲ့က အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းက

တကယ်ကို ရိုးသားပွင့်လင်းတာပဲ"

အဘိုးကြီးက “ဓားသမား

သန်းနဲ့ချီရှိပေမယ့်

သတ်ဖြတ်ခြင်းဓားတာအို က

တော်တော်ကိုရှားတယ်။ ဒါ့အပြင်

မင်းပိုင်ဆိုင်တဲ့ သဘာဝစွမ်းရည်တွေနဲ့

ငါ့ရဲ့မိုးကောင်းကင်ဓားမြို့တော်မှာ

သေချာလေး လေ့လာလိုက်ပါ။ ဒါဆိုရင်
မင်းရဲ့ခွန်အားက
အဆင့်တစ်ခုတိုးလာမယ်လို့
ငါယုံကြည်တယ်။ ဒါဟာ
ရှီယွမ်ကလန်ကိုသွားမယ့်
မင်းရဲ့ခရီးအတွက် အရမ်းအကျိုးရှိတယ်
မဟုတ်လား"

ယန်ယဲ့က အဘိုးကြီးအား

တည့်တည့်စိုက်ကြည့်ကာ

"အဓိကအကြောင်းရင်းကိုပဲ ပြောပါ"

အဘိုးကြီး၏ အပြုအမူက တော်တော်ကို

မူမမှန်ပေ။ ရိုးရိုးရှင်းရှင်းပြောရလျှင်

အဘိုးကြီးက

သူ၏သတ်ဖြတ်ခြင်းဓားတာအို

အပေါ်သာ

အာရုံစိုက်ထားခြင်းမဟုတ်ကြောင်းသာ
ပြောနေခဲ့သည်။

မြို့တော်ဝန်က အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီး
“ငါ့မိုးကောင်းကင်ဓားမြို့တော်မှာ
ရှေးဟောင်းခေတ်ဦးရဲ့
ဓားစာလိပ်တစ်ခုရှိတယ်။ ဒါဟာ
ငါတို့ရဲ့တည်ထောင်သူဘိုးဘေး
ချန်ထားခဲ့တာပဲ။

ဒါပေမဲ့ မိုးကောင်းကင်ဓားမြို့တော်မှာ ဘယ်သူမှ အဲဒီဓားစာလိပ်ရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်တာမရှိဘူး။ အဲဒါကို ဖော်ထုတ်နိုင်ရင် ဒါကို မင်းနဲ့မျှဝေဖို့ ဆန္ဒရှိပါတယ်။ ဟုတ်ပါတယ်၊ မင်းမလုပ်နိုင်ရင်တောင်မှ အဆင်ပြေပါတယ်။ မင်းရဲ့ဓားတာအိုကို ချန်ထားခဲ့လို့ရပါတယ်"

"ဓားဓာလိပ် လား" ယန်ယဲ့က

မျက်မှောင်ကြုတ်ပြီး “အဲဒါက ဘာလဲ”

အဘိုးကြီးက “နတ်ရတနာတစ်ပါး။

ငါ့မိုးကောင်းကင်ဓားမြို့တော်ရဲ့

နတ်ဘုရားရတနာပဲ"

ယန်ယဲ့က "ဒါက

နတ်ရတနာတစ်ခုဖြစ်နေတာတောင်

မင်းက မျှဝေဖို့ ဆန္ဒရှိတုန်းပဲလား"

အဘိုးကြီးက ခေါင်းခါပြပြီး

“လျှို့ဝှက်ချက်တွေကို မဖော်ထုတ်နိုင်ရင်

အဲဒါ အမှိုက်ပါပဲ။

မင်းတစ်ယောက်တည်းတင်မဟုတ်ဘူး၊

ဒီလောကမှာရှိတဲ့ ဓားသမားတွေအားလုံး

ဒါကိုလေ့လာဖို့ရောက်လာကြတယ်။

ကံမကောင်းစွာပဲ၊ မရေမတွက်နိုင်တဲ့

နှစ်တွေမှာ ဘယ်သူမှမအောင်မြင်ခဲ့ဘူး။

ဒါဆို မင်းစမ်းကြည့်နိုင်ပါတယ်။

မင်းသဘောတူရင် ငါ အခုပဲ

ရှီယွမ်ကလန်ကို သွားလိုက်မယ်။

အဲဒီနတ်ရတနာသုံးပါး

မင်းလက်ထဲမှာရှိနေသေးသရွေ့ သူမကို

ဘာမှလုပ်မှာမဟုတ်ဘူးလို့

ငါအာမခံတယ်”

ယန်ယဲ့က ခဏလောက်စဉ်းစားပြီး

"အဲဒါကို ကြည့်ခွင့်ပြုပါ"

အဘိုးကြီးက အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "အခု

ရှီယွမ်ကလန်ကို သွားလိုက်မယ်။

ပြန်လာတဲ့အခါ

သတင်းကောင်းကြားရလိမ့်မယ်လို့

မျှော်လင့်ပါတယ်”

ထိုစကားပြောပြီး နေရာမှာတင်
ပျောက်သွားသည်။

ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့အား
လက်ဟန်ပြကာ "ကျေးဇူးပြုပြီး
ငါနဲ့လိုက်ခဲ့ပါ"

စကားပြောပြီးနောက် အဝေးဆီသို့
ပျောက်ကွယ်သွားသည်။ ယန်ယဲ့ သည်
ခဏတုံ့ဆိုင်းနေပြီးမှ

နောက်ကနေလိုက်သွားခဲ့သည်။
သိပ်မကြာလိုက်ပေ၊ မြို့ထဲကို
ပြန်ဝင်လာခဲ့သည်။

မိုးကောင်းကင်ဓားမြို့တော် တွင်
တောင်ထိပ် ၃ ခုရှိခဲ့သည်။
ကောင်းကင်ဓားတောင်ထိပ်၊
မြေကမ္ဘာဓားတောင်ထိပ် နှင့်

မော်တယ်ဓားတောင်ထိပ် ဟူ၍

အဘိုးကြီး၏ ရှင်းပြချက်အရ

သိခဲ့သည်။

တောင်ထိပ် ၃ ခုလုံး၏ ဓားစိတ်ဆန္ဒ က

အလွန်ပင်ကြောက်စရာကောင်းလှသည်။

အထူးသဖြင့်

ကောင်းကင်ဓားတောင်ထိပ်၏

ဓားစိတ်ဆန္ဒပင်။ ထိုနေရာရှိ

ဓားစိတ်ဆန္ဒက
ယန်ယဲ့ကိုပင်တုန်လှုပ်သွားစေသည်။

၎င်းသည် ဖန်ဆင်းရှင်အဆင့် မဟုတ်ဘဲ
တာအိုအဆင့် ဓားစိတ်ဆန္ဒ ပင်ဖြစ်သည်။

အခြား တောင်ထိပ်နှစ်ခု
နှင့်ပတ်သက်၍တော့ ဖန်ဆင်းရှင်အဆင့်
ဓားစိတ်ဆန္ဒဖြင့် ကာရံထားလေသည်။

ဤအချိန်တွင် ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ရှေ့တွင် သက်လတ်ပိုင်းအမျိုးသားတစ်ဦး ပေါ်လာသည်။

ယန်ယွဲ့ သည် သက်လတ်ပိုင်းကို မြင်သောအခါ အနည်းငယ် မျက်မှောင်ကြုတ်သွားသည် ။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၅၃ - ဒါတွေက နိမ့်ကျတယ်

သက်လတ်ပိုင်း၏ မျက်နှာက သူနှင့်

တစ်နေရာရာမှာ တွေ့ဖူးသလိုပင်။

ဤအချိန်တွင် ထိုလူက ယန်ယဲ့အား
လူသတ်ချင်စိတ်အပြည့်နှင့်
စိုက်ကြည့်နေသည်။

ချီးမြှောက်ခြင်းယွမ် က ရုတ်တရက်
ဒေါသတကြီးအော်ငေါက်လိုက်သဘ်
"ကျွမ်းယွမ်၊ မင်းထွက်သွားလို့ရပြီ"

ကျန်းယွမ် ဟုခေါ်သောလူက
"ချီးမြှောက်ခြင်းယွမ်၊ ငါ့အစ်ကိုကိုယ်စား

လက်စားမချေဘဲဘယ်လိုလုပ်နေနိုင်မှာလဲ" ဟု လေးနက်စွာပြောခဲ့သည်။

အစ်ကိုလား ။

ဘေးနားတွင် ရပ်နေသော ယန်ယွဲ့လည်း အံ့သြသွားသည်။ သူက ကျန်းယွမ်ကို စိုက်ကြည့်လိုက်ပြီး "မင်းမျက်နှာကို ရင်းနှီးနေတယ်လို့ခံစားမိတာ မဆန်းပါဘူး။ ဒါဆို မင်းက ကျန်းယွမ်ရဲ့

ညီလေးပေါ့။ ငါ တကယ်ကို
အံ့ဩမိပါတယ်။ မင်းတို့နှစ်ယောက်က
တစ်မျက်နှာတည်းပဲ"

"ယန်ယဲ့..." ကျန်းယွမ် က ဒေါသတကြီး
အော်ဟစ်လေသည် “မင်း ငါ့အစ်ကိုကို
သတ်လိုက်တာ...”

"သူငါ့ကိုသတ်ချင်နေတာပဲ" ယန်ယဲ့က
ဘာမှမထူးခြားဘဲ “နားလည်လား”

ကျန်းယွမ် က ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ငါသိတာက သူသေပြီး
မင်းအသက်ရှင်နေတာပဲ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်
သူ့ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော
ဓားစိတ်ဆန္ဒဖိအားများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

ယန်ယဲ့ က ခဏလောက်စဥ်းစားပြီး "ငါ သူ့ကို သတ်ပစ်လိုက်ရုံနဲ့ ပြဿနာမတက်နိုင်ဘူး မဟုတ်လား။ အတိအကျပြောရရင်ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်တာပဲလေ။ မင်းလည်းအဲ့လိုမထင်ဘူးလား"

သူက ချီးမြှောက်ခြင်းယွမ် ကို စိုက်ကြည့်ပြီး "မင်းဘယ်လိုထင်လဲ"

ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့ကို
စိုက်ကြည့်ကာ တိတ်ဆိတ်နေ၏။

"ယန်ယဲ့..." တစ်ချိန်တည်းမှာပဲ ကျန်းယွမ်
က သွားကြားထဲကနေ
ထွက်လာသောလေသံဖြင့်
ပြင်းပြင်းထန်ထန်ပြောခဲ့သည်။ "အဲဒါကို
ငါ ဂရုမစိုက်ပါဘူး။ ငါသိတာတစ်ခုက
ငါ့အစ်ကို
မင်းလက်ထဲမှာသေသွားတယ်ဆိုတာပဲ၊

ဒီအတွက် မင်းအသက်နဲ့ပြန်ပေးဆပ်ပါ။

မင်း…”

ဤအချိန်တွင် ဓားအူသံ

ထွက်ပေါ်လာသည်။

ဆူး…

ယန်ယဲ့၏ပုံရိပ်က

အပ်ချည်မျှင်တစ်ချောင်းကဲ့သို့

နေရာမှာပင် ပျောက်ကွယ်သွားသည်။
ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့်
တပြိုင်နက် ချီးမြှောက်ခြင်းယွမ်
၏အမူအရာသည် သိသိသာသာ
ပြောင်းလဲသွားသည်။ သူ့လက်ညှိုးကို
ရှေ့သို့ ပုတ်လိုက်ရာ ဓားစွမ်းအင်များ
ထွက်လာသည်။

တစ်ချိန်တည်းမှာပဲ ကျန်းယွမ် က
သူ့ဓားကို ဆွဲထုတ်ပြီး ပိုင်းချလိုက်သည်။

ဆူး...

စုတ်ဖြဲလိုက်သော အသံတစ်သံ

ထွက်ပေါ်လာပြီးနောက်

ပတ်ဝန်းကျင်တစ်ခုလုံး

တိတ်ဆိတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့ သည် ကျန်းယွမ်၏

နောက်တွင်ရပ်နေခဲ့သည်။

ကျန်းယွမ်၏မျက်လုံးများသည်
ပြူးကျယ်သွားကာ မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေသည်။ ဤအချိန်တွင်
သူ၏ခန္ဓာကိုယ်က တောင့်တင်းနေသည်။
နဖူးပေါ်တွင် လက်မအရွယ်
အပေါက်တစ်ခု ရှိနေသည်။

ကျန်းယွမ်က အသိစိတ်

ဆုံးရှုံးသွားပုံရပြီး “မဖြစ်နိုင်ပါဘူး...”

ဟူ၍ တိုးတိုးလေး ရေရွတ်လိုက်ပါသည်။

ဒီအချိန်မှာ ယန်ယဲ့က သူ့လက်ကို

အသာယမ်းလိုက်သည်။

ဇွပ်...

ကျန်းယွမ်၏ ခေါင်းက

သွေးစီးကြောင်းများ နှင့်အတူ လေထဲသို့

လွင့်ပျံသွားသည်။

ထို့နောက် ယန်ယဲ့က

နောက်လှည့်လိုက်ပြီး

ချီးမြှောက်ခြင်းယွမ် ကို စူးစိုက်ကြည့်ကာ

"ငါက များသောအားဖြင့် လူတွေနဲ့

ကျိုးကြောင်းဆင်ခြင်ဖို့

ကြိုးစားပါတယ်။ ကံမကောင်းစွာပဲ၊

အဲဒါက အသုံးမဝင်ဘူး။

ငါ့လက်သီးတွေနဲ့ ဓားတွေက

အကြောင်းပြချက်တွေချည်းပဲလို့

ငါထင်တယ်။ သူတို့က

ဆင်ခြင်တုံတရားရှိတဲ့အပြင်

အမှန်တရားတွေပါ။ ငါ့လက်သီးတွေနဲ့

ဓားတွေ ပိုသန်မာလာတာနဲ့အမျှ

ငါ့အတွက်

အမှန်တရားဆိုတာပဲရှိလိမ့်မယ်။

မင်းဘယ်လိုထင်လဲ"

ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့ကို

အချိန်အကြာကြီး စိုက်ကြည့်ကာ "မင်း

သန်မာတယ်ဆိုရင်တော့ မင်းမှန်တယ်

ဆိုတာ သေချာတယ်"

ယန်ယဲ့ က ပြုံးပြီး ချီးမြှောက်ခြင်းယွမ်

ဆီသို့ လျှောက်သွားကာ "တကယ်တော့

မင်း သူ့ကို တားနိုင်ပေမယ့် မလုပ်ခဲ့ဘူး။

ငါထင်တာမမှားရင်

မင်းငါ့ရဲ့စစ်မှန်တဲ့ခွန်အားကို

မြင်ချင်နေလိမ့်မယ်။

အခုကျေနပ်ပြီလား"

ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့ကို

တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး "ရှေ့ကနေ လမ်းပြပါ"

ချီးမြှောက်ခြင်းယွမ် က ခဏမျှ တိတ်ဆိတ်သွားပြီး ထွက်သွား၏။

ယန်ယဲ့က တုံ့ဆိုင်းမနေပေ။ နောက်ကနေ ချက်ချင်း လိုက်လာခဲ့သည်။

ခဏအကြာတွင် သူတို့သည်

ကောင်းကင်ဓားတောင်ထိပ် သို့

ရောက်ရှိလာကြသည်။

တောင်ထိပ် ပေါ်သို့ ခြေချလိုက်တာနဲ့

ယန်ယွဲ့ သည် အလွန်အစွမ်းထက်သော

ဓားကြိုးတစ်ချောင်းကို

ခံစားလိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူ့အား ပြင်းထန်စွာ ဖိနှိပ်လာခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို စိုက်ကြည့်နေသည်။ ဤနေရာတွင် ရှေးကျသော ခန်းမကြီးတစ်ခုသာ ရှိခဲ့သည်။ ပတ်ဝန်းကျင်ကို ဝါးတောများဖြင့် ဖုံးအုပ်ထားသည်။

ဤနေရာတွင် လူသူနည်းပါးသောကြောင့် အလွန်တိတ်ဆိတ်နေပါသည်။ ချီးမြှောက်ခြင်းယွမ် ကလွဲ၍ အခြားမည်သူ့ကိုမျှ မတွေ့ခဲ့ရပေ။

ဤအချိန်တွင် ချီးမြှောက်ခြင်းယွမ် က "ဒါဟာ ငါ့မိုးကောင်းကင်ဓားမြို့တော်ရဲ့ အဓိကနေရာပါ။ လူအများစုက ဒီကိုမလာနိုင်ကြဘူး။ ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပါ"

စကားပြောပြီးနောက် ယန်ယဲ့အား

ခန်းမထဲသို့ ခေါ်သွားသည် ။ ခန်းမထဲကို

ဝင်လိုက်သည်နှင့် ပြင်းထန်သော

ဓားစွမ်းအင်လှိုင်းက ယန်ယဲ့ကို

ရိုက်ခတ်လာသဖြင့်

မျက်မှောင်ကြုတ်သွားခဲ့သည်။

သို့ရာတွင်

သူ့ညာလက်ကို ဖွေယမ်းလိုက်သည်နှင့်

ဓားလှိုင်းက ချက်ချင်းပင်

ပျောက်သွားသည်။

ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းရဲ့ဓားစိတ်ဆန္ဒ က..."

ယန်ယဲ့က "ငါ

စိတ်ဆန္ဒလောင်ကျွမ်းခြင်းနည်းလမ်းကို

သုံးလိုက်တယ်"

ရည်ရွယ်ချက်ဖြင့် မီးလောင်ကျွမ်းခြင်း

ချီးမြှောက်ခြင်းယွမ် က

အံ့အားသင့်သွားပြီး "ဒါဆို မင်း

အခုအချိန်မှာ ဓားစိတ်ဆန္ဒကို

လုံးဝမသုံးနိုင်ဘူးလား"

ယန်ယွဲ့က ခေါင်းညိတ်ပြီး “ဒီလိုပါပဲ”

ချီးမြှောက်ခြင်းယွမ် က

မျက်မှောင်ကြုတ်ကာ "မင်းဟာ

ဓားစိတ်ဆန္ဒကိုမသုံးနိုင်ပေမယ့်

မင်းရဲ့ဓားက အစွမ်းထက်တယ်...

ဘယ်လိုဖြစ်ရတာလဲ..."

"ငါတို့ အလုပ်ကိစ္စပြောလို့ရမလား"

ယန်ယဲ့က "ငါ အလျင်လိုနေတယ်"

ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့ကို

ခဏကြည့်နေလိုက်ပြီး "ကျေးဇူးပြုပြီး

ငါနဲ့လိုက်ခဲ့ပါ"

ထို့နောက်တွင် သူက ယန်ယဲ့အား

ခန်းမအနက်ပိုင်းထဲထိ ခေါ်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊ နှစ်ယောက်သား

သိပ်မကျယ်သော

လှျို့ဝှက်ခန်းတစ်ခုထဲကို

ဝင်လာကြသည်။ အထဲတွင်

မရေမတွက်နိုင်သော ဓားမျိုးစုံ

လွှင့်မျောနေခဲ့သည်။

ဓားအားလုံးက

သာမန်ဓားများဖြစ်ကြသည်။

သို့သော်လည်း ပြင်းထန်သော

ဓားစိတ်ဆန္ဒကြီးတစ်ချောင်းစီ

ပါရှိသည်။

"တာအိုအဆင့် ဓားစိတ်ဆန္ဒ ၂,၃၂၉ ခုကို

ကိုယ်စားပြုတဲ့ ဓား ၂,၃၂၉ ချောင်း"

ဤအတောအတွင်း ချီးမြှောက်ခြင်းယွမ်

က ဆက်ပြောခဲ့သည် "သူတို့က

ဓားသမား အမျိုးမျိုးက လာကြတယ်။

သူတို့ရဲ့ ဓားတာအိုတွေက ကွဲပြားသလို

စွမ်းအားလည်းကွာဟမှုတွေရှိတယ်။

တာအိုအဆင့် ဓားစိတ်ဆန္ဒကို

ပိုင်ဆိုင်ထားတဲ့ ဓားတွေမှာ

အားသာချက်၊

အားနည်းချက်တွေရှိတယ်။

ဖန်ဆင်းရှင်အဆင့် ဓားစိတ်ဆန္ဒကို

နားလည်ထားတဲ့ ဓားသမားတွေပဲ ဒီမှာ

လေ့လာနိုင်ပါတယ်။”

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

ချီးမြှောက်ခြင်းယွမ် က "မင်းရဲ့

ကျင့်ကြံမှုအဆင့် မလုံလောက်လို့နဲ့

မင်းမှာ ကိုယ်ပိုင်ဓားတာအို မရှိရင် ဒီမှာ

အကျပ်ရိုက်လိမ့်မယ်။ မင်းဟာ

တခြားသူတွေရဲ့ဓားတာအိုထဲမှာ

နစ်မြုပ်သွားပြီးတော့ ပိတ်မိနေလိမ့်မယ်။

ဒါဆိုရင် မင်းရဲ့ကိုယ်ပိုင်ဓားတာအိုကို

ဖန်တီးဖို့က ပိုပြီးတော့ခက်ခဲသွားပြီ။

ဒါ့ကြောင့် ဒီလိုအပ်ချက်တွေ

ပြည့်မှီတဲ့သူတွေပဲ ဒီနေရာကို

ဝင်နိုင်တယ်။ သူတို့က ဒီမှာလာပြီး

လေ့လာနိုင်တယ်၊

ပြီးတော့ သူတို့ရဲ့

ဓားတာအိုအမြင်တွေကိုချန်ထားခဲ့နိုင်တ

ယ်"

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

"ပြောစရာမလိုအောင်ပါပဲ၊
မိုးကောင်းကင်ဓားမြို့တော်က
တကယ့်ကို ထူးခြားပါပေတယ်"

"ဒါအမှန်ပဲ" ချီးမြှောက်ခြင်းယွမ် က
ဆက်ပြောပါသည် "ဓားတာအို
တစ်ခုတည်းနဲ့ပြောရရင်
ဓားအပျက်အစီးနယ်မြေအပြင်
ငါ့မိုးကောင်းကင်ဓားမြို့ဟာ
ထာဝရနယ်စပ်မှာ အပြင်းထန်ဆုံးပဲ"

ယန်ယဲ့ က ချီးမြှောက်ခြင်းယွမ်

ကိုကြည့်ကာ "စားအပျက်အစီးနယ်မြေ

ဆိုတာက..."

ချီးမြှောက်ခြင်းယွမ် က “မင်း နောင်မှာ

သွားလည်နိုင်တဲ့

ရှေးဟောင်းနေရာတစ်ခု” လို့

တိုးတိုးလေးပြန်ဖြေခဲ့သည်။

စကားပြောနေရင်း

သူ့လက်ညှိုးကိုဆန့်လိုက်ရာ

ဓားတစ်ချောင်းက ယန်ယွဲ့ ရှေ့တွင်

လွင့်မျောနေခဲ့သည်။ ထို့နောက်

"မင်းရဲ့ဓားတာအို ကို အဲဒီအထဲမှာ

ထားခဲ့လိုက်ပါ။ ဒီမှာရှိတဲ့

တခြားဓားတာအိုတွေကို

လေ့လာနိုင်ပါတယ်"

ယန်ယဲ့က သူ့ရှေ့မှ ဓားကို စိုက်ကြည့်ကာ

ခဏမျှ ငြိမ်သက်သွားပြီး

ဖမ်းဆုပ်လိုက်သည်။ ခဏအကြာတွင်ပဲ

ဓားတစ်ချောင်းလုံး တုန်လှုပ်သွားပြီး

တဖြည်းဖြည်း နီရဲလာသည်။

ထို့နောက်တွင်တော့ သွေးချီများဖြင့်

တီးထားသည့်အလား

သွေးဓားတစ်ချောင်း

ဖြစ်သွားခဲ့လေတော့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ထံမှ

ပြင်းထန်သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြီးမျှင်တစ်

ချောင်း ထွက်ပေါ်လာပြီး

သူ့လက်ထဲရှိဓားက ချက်ချင်း

တုန်ခါသွားသည်။ ထို့နောက်တွင်

သွေးရောင် တဖျပ်ဖျပ်တောက်ပနေသော

ဓားကို ဓားများကြားသို့

ပစ်ထည့်လိုက်သည်။ ဒီအချိန်မှာ အခြား

ဓားတွေအားလုံး

ဘေးဖယ်သွားကြလေသည်။ ယန်ယွဲ့၏

သွေးဓား အနီးသို့ ဓားတစ်ချောင်းမှကို

မချဉ်းကပ်ရဲကြပေ။

"သတ်ဖြတ်ခြင်းဓားတာအို "

ချီးမြှောက်ခြင်းယွမ် က လေးနက်စွာ

ပြောခဲ့သည်

“ဒီလိုရက်စက်ကြမ်းကြုတ်တဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊

သတ်ဖြတ်ခြင်းဓားတစ်လက်၊
ဒီလိုဓားတာအို ကို တစ်ခါမှ မတွေ့ဖူးဘူး”

ယန်ယဲ့က နှုတ်ဆိတ်နေခဲ့သည်။

သတ်ဖြတ်ခြင်းဓားတာအို…

အမှန်တော့ ယန်ယဲ့၏ဓားတာအို က
သတ်ဖြတ်ခြင်းဓားတာအို

မဟုတ်ကြောင်း လူနှစ်ယောက်ကသာ

သိရှိခဲ့သည်။

သူ၏ စစ်မှန်သော ဆားတာအိုက

စိတ်ခံစားချက်ဆားတာအို

(နှောင်ကြိုးဖွဲ့ဆားတာအို) ပါ။

သူ၏အဓိကအချက်ကတော့

စိတ်ခံစားမှုပင်။ သူ၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

စိတ်ခံစားချက်များကနေ

ထွက်ပေါ်လာသည်။ သူပို့ပြီး

ခံစားရလေလေ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

သိပ်သည်းပြင်းထန်လာလေလေပါ။

အတိအကျပြောရလျှင် သူသည်

စိတ်ခံစားချက်၏

အစေခံတစ်ဦးသဖွယ်ဖြစ်နေခဲ့သည်။

သို့ရာတွင် သူကိုယ်တိုင်က

ထိုအခြေအနေကို လိုလိုလားလား
ခွင့်ပြုထားလိုက်သည်။

အကယ်၍သာ
သူ၏စိတ်ခံစားချက်များကို
ဖြတ်တောက်ပြီး ဓားတာအိုလမ်းစဉ်ကို
လျှောက်လှမ်းပါက
ပိုပြီးသန်မာလာမည်ဖြစ်သည်။

ဤအခိုက်အတန့်ကဲ့သို့ပင်။ သူသည်
အန်နန်ကျင်း၊ စုချင်းရှီ နှင့် အခြားသူများ၊
ချင်ချွမ်နှင့် အခြားညီအစ်ကိုများ၏
မိသားစုများ သူ့ဘေးနားမှလူတိုင်းကို
စွန့်လွှတ်နိုင်ခဲ့လျှင် ရှီယွမ်မျိုးနွယ် နှင့်
ထာဝရနယ်စပ်တစ်ခုလုံးကိုပင်
ဂရုစိုက်နေစရာမလိုတော့ပေ။
သူ၏တာအိုနှလုံးသားက

ဘာအနှောင်အဖွဲ့မှ မရှိတော့

လွတ်လပ်သွားပေမည်။

ဤလောကတွင် ဘယ်ဓားသမားက

ကြောက်စရာအကောင်းဆုံးလဲ။

အနှောင်အဖွဲ့ကင်းမဲ့သူ ဖြစ်သည်မှာ

သံသယပင်မလိုပေ။

သူလည်း ထိုအတိုင်းလုပ်ဆောင်ပါက

ဒုတိယမြောက် အနှောင်အဖွဲ့ကင်းမဲ့သူ

ဖြစ်လာမည်ဖြစ်သည်။

ယန်ယဲ့ သည် ထာဝရသက်တမ်းနှင့် ကိုယ်ကျိုးအတွက် သတ်ဖြတ်ခဲ့တာမဟုတ်ပေ။ သူကိုယ်တိုင်နှင့် သူ့အနားမှ လူတိုင်း ရှင်သန်ရန်သာ သတ်ပစ်ခဲ့သည်။

ချီးမြောက်ခြင်းယွမ် က ဓားအားလုံးထဲ၌ သီးသန့်လွင့်မျောနေသော သွေးဓားကို

စိုက်ကြည့်နေရာမှ ယန်ယဲ့အား အကြာကြီးစိုက်ကြည့်နေသည်။

ခဏအကြာတွင် သူက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "မင်းဆန္ဒအတိုင်း အခုပဲ လုပ်နိုင်ပြီ"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါ့ကို ဓားစာလိပ်ဆီ ခေါ်သွားပေး"

"ဘာ့ကြောင့်လဲ" ချီးမြှောက်ခြင်းယွမ် က

"ဒီနေရာက

ဓားတာအိုအသိအမြင်တွေကို လေ့လာမှာ

မဟုတ်ဘူးလား"

ယန်ယွဲ့က သူ့နောက်ကွယ်ရှိ

ဓားပေါင်းထောင်ချီကို

တစ်ချက်ကြည့်လိုက်ပြီး "မဟုတ်ဘူး"

ဟုပြောသည်။

ချီးမြှောက်ခြင်းယွမ် က “ဘာလို့လဲ” ဟု မေးခဲ့သည်။

ယန်ယဲ့က ပြုံးပြီး

"ငါအမှန်တိုင်းပြောရမှာလား"

ချီးမြှောက်ခြင်းယွမ် က ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က လွင့်မျောနေသော ဓားများကို

တစ်ချက်ကြည့်လိုက်ပြီး "သူတို့က နိမ့်ကျတယ်၊ ငါ ဘာလို့ သင်ယူရတာလဲ"

ပတ်ဝန်းကျင်သည် ချက်ချင်းပင် တိတ်ဆိတ်သွား၏။

သို့သော် ခဏအကြာတွင် လွှင့်မျောနေသော ဓား ၂၀၀၀ ကျော်သည် အဆက်မပြတ်တုန်ခါလာသည်။ ထို့နောက် ပြင်းထန်သော

တာအိုအငွေ့အသက်များထုတ်လွှတ်ကာ
ဓားဦးများက ယန်ယွဲ့ဖက်သို့
လှည့်လာကြသည်။

ယန်ယွဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားပြီး သူ့လက်ဝါးကို
လှန်လိုက်သည်။ သူ့လက်ထဲတွင်
ဓားတစ်ချောင်း ပေါ်လာသည်။ ထို့နောက်
သူ့ဓားကို မြေပြင်တစ်နေရာသို့
ညွှန်လိုက်ရာ ပြင်းထန်သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒပေါက်ကွဲထွက်

လာသည်။ ထိုခဏလေးတွင်

လျှို့ဝှက်ခန်းတစ်ခုလုံးသည်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဖြင့်

ဖုံးလွှမ်းထားခဲ့သည်။

တစ်ချိန်တည်းမှာပင်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအားစက်ကွင်းကြီး ပေါ်လာသည်။

အနန္တဓားနယ်မြေ ။

ဓားနယ်မြေ အသက်ဝင်လာသည်နှင့်

တပြိုင်နက်

တာအိုအဆင့်ဓားစိတ်ဆန္ဒများထုတ်လွှ

တ်နေသော ဓား ၂၀၀၀ ကျော်ဟာ

မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းတို့အားလုံးကို

ငါမထီမဲ့မြင်ပြုနေတာမဟုတ်ဘူး။

ဒီမှာရှိတဲ့ ဓားတာအိုအသိအမြင်တွေက

အရမ်းအစွမ်းထက်ပေမယ့်

ငါ့ရဲ့ဓားတာအိုက ပိုအားကောင်းတယ်"

ဓား ၂၀၀၀ ကျော်စလုံး

လှုပ်ခတ်မှုပင်မရှိခဲ့ပေ။

ဤအတောအတွင်း ချီးမြှောက်ခြင်းယွမ် က ယန်ယဲ့ကို ကြည့်လိုက်ပြီး "ပြင်းထန်လိုက်တဲ့ယုံကြည်မှုတွေ။ မင်းရဲ့ ယုံကြည်မှုကို ငါလေးစားတယ်"

ယန်ယဲ့က သူ့ဓားကို ဖယ်လိုက်ပြီး "ငါ့ကို ဓားစာလိပ်ဆီ ခေါ်သွားပါ"

ချီးမြှောက်ခြင်းယွမ် က ခေါင်းညိတ်လိုက်သည်။ ထို့နောက်တွင်

လှျို့ဝှက်ခန်းထဲကနေ
ပြန်ထွက်သွားကြသည်။

ခဏအကြာတွင် ခန်းမတစ်ခုရှေ့သို့
ရောက်လာကြသည်။ ခန်းအလယ်ဗဟို၌
သက်လတ်ပိုင်းအမျိုးသားတစ်ဦး၏
ရုပ်ထု ရှိနေခဲ့သည်။
သူ၏ဘယ်ဖက်လက်ထဲတွင်
ဓားတစ်ချောင်းနှင့် ညာလက်ထဲမှာ
စာလိပ်တစ်လိပ်ကိုင်ထားခဲ့သည်။

စာလိပ်ပေါ်တွင် စာလုံးသုံးလုံး ရေးထိုးထားသည် "လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်"ဟု၍ပင်။ သေချာသည်မှာ စာလိပ်က ရုပ်ထု၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပေ။

ချီးမြှောက်ခြင်းယွမ် က ရုပ်ထုအား ရိုသေစွာ ဦးညွှတ်ကာ ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။ ယန်ယဲ့က

ရုပ်ထုအနားသို့ လျှောက်သွားပြီး

စာလိပ်ကို ကြည့်လိုက်သည်။

ဤအချိန်တွင် သူ့မျက်လုံးများသည်

ရုတ်တရက်

သွေးနီရောင်ပြောင်းသွားသည်။

တစ်ချိန်တည်းမှာပဲ သူ့အမြင်အာရုံထဲ၌

အနီရောင်ဝတ်စုံဝတ် အမျိုးသမီးတစ်ဦး

ပေါ်လာခဲ့သည်။

"သတ်ဖြတ်ခြင်းဓားတာအို လား"

ယန်ယဲ့၏စိတ်ထဲတွင် အသံတစ်သံ

ပဲ့တင်ထပ်လာသည် "လမ်းကြောင်းက

မှားနေတယ်။ နင့်ရဲ့ဓားတာအို က

လုံးဝမှားတယ်။ လူတွေ၊ နှလုံးသားတွေ၊

မိဘတွေ၊ ချစ်တဲ့သူတွေနဲ့

အရာခပ်သိမ်းကို သတ်ဖြတ်တာဟာ

စစ်မှန်တဲ့ သတ်ဖြတ်ခြင်းဓားတာအို ပဲ”

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၅၄ - ငါတို့တာအို က မတူဘူး။

"လူသားတွေ၊ နှလုံးသား၊ အဖေ၊ အမေ၊

ချစ်ရသူနဲ့ အရာအားလုံးကို

သတ်ပစ်ရမှာလား။

ယန်ယဲ့ သည် ရုပ်ထုရှေ့တွင် ရပ်နေရင်း မျက်မှောင်ကြုတ်လိုက်သည်။

သူ့မျက်လုံးထဲတွင် လွင့်မျောနေသည့်အမျိုးသမီးကို မြင်နိုင်သော်လည်း ချီးမြှောက်ခြင်းယွမ် က မမြင်နိုင်ပေ။

ဤအတောအတွင်း ချီးမြှောက်ခြင်းယွမ်က ယန်ယဲ့၏တုံ့ပြန်မှုကို မြင်သောအခါ မျက်မှောင်ကြုတ်သွားသည်။

ဤအချိန်တွင် ယန်ယဲ့ သည် ရှေ့သို့ ခြေလှမ်းအနည်းငယ်လှမ်းတက်လိုက်ရာ လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်နှင့် ပိုနီးကပ်လာသည်။

ထို့နောက် စာလိပ်ကို

တည့်တည့်ကြည့်ကာ “လူတွေ၊

နွားလုံးသားတွေ၊ အဖေ၊ အမေ၊ ချစ်ရသူနဲ့

အရာခပ်သိမ်းလုံးကို သတ်ပစ်လိုက်ပါ။

ဒီလိုလူက

သတ်ဖြတ်ခြင်းအတွက်သတ်လိုက်တာ။

ဒါဟာ

သတ်ဖြတ်ခြင်းရဲ့ထိန်းချုပ်တာကိုခံရတာ

ပဲ"

"နင်မှားနေပြီ" အသံက ရုတ်တရက်

ပြောသည် " ခွန်အားရဲ့နောက်လိုက်တွေ။

ဒီလောကမှာရှိတဲ့လူတိုင်းဟာ

ခွန်အားရဲ့အစေခံတွေချည်းပဲ။

သတ်ဖြတ်တာက ခွန်အားတစ်မျိုးပဲ။

နင်က သတ်ဖြတ်ခြင်းတာအို ကို

ရွေးလိုက်ပြီဆိုတော့ ဘာလို့ အဲဒါကို

အစွန်းမရောက်တာလဲ။ အခုကျ

နင့်ရဲ့နှလုံးသားနဲ့ဓားတာအိုဟာ

မသန့်စင်ဘူး။ သန့်စင်အောင်လုပ်ပြီး

ကန့်သတ်ချက်အထိ သွားနိုင်ရင်

ဒီလောကမှာ ဘယ်သူက နင်နဲ့

ယှဉ်နိုင်မှာလဲ”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး

"လောကတစ်ခုလုံးကို သတ်လိုက်တာက

ငါ့ဆန္ဒမဟုတ်ဘူး"

အသံက “ဒီလောကတစ်ခုလုံးက နင့်ကို သတ်ချင်ရင် ဘယ်လိုလုပ်မလဲ” ဟု မေးသည်။

ယန်ယဲ့က စာလိပ်ကို စိုက်ကြည့်ကာ "ဒါဆို ဒီလောကကို ငါသတ်မယ်"

"ကွာခြားမှုရှိသလား" အသံက ဆက်ပြောခဲ့သည် “ကွာခြားမှု မရှိပါဘူး။ တစ်ခုတည်းသော ခြားနားချက်က

နင်ဟာ ပထမလမ်းကိုရွေးလိုက်ရင် အရင်ဆုံးအစပြုရမယ်။ ဒုတိယက တခြားသူတွေစလာရင် နင်လက်တုံ့ပြန်မယ်”

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါက တခြားသူတွေကို မစော်ကားဘဲ ဘယ်လိုလုပ်သတ်ရမလဲ။ ဘဝမှာ အရာရာတိုင်းဟာ နင်လိုချင်တဲ့အတိုင်း ဖြစ်ဖို့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့

အပြစ်အနာအဆာမရှိဘဲ ဘဝကို
ဖြတ်သန်းဖို့ ကြိုးစားနိုင်ပါတယ်"

ယန်ယဲ့က နောက်ကို
ခြေနှစ်လှမ်းပြန်ဆုတ်ပြီး
“မိုးကောင်းကင်ဓားမြို့တော်ရဲ့
ဒဏ္ဍာရီလာနတ်ရတနာက
မျှော်လင့်ထားတဲ့အတိုင်း
တကယ်ကိုထူးခြားပါတယ်။
ကံမကောင်းစွာပဲ၊ ငါတို့ရဲ့

တာအိုအမြင်တွေက မတူညီဘူး။ ဒီတော့ နှုတ်ဆက်ပါတယ်”

စကားပြောပြီးနောက် ယန်ယဲ့ သည် နောက်လှည့်ကာ ထွက်သွားလေသည်။

လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်က အလွန်ထူးခြားသည်။ ၎င်းသည် သူ၏ဓားတာအို ချို့ယွင်းချက်များကို ချက်ချင်း ထောက်ပြနိုင်ခဲ့သည်။

"မသန့်စင်သော သတ်ဖြတ်ခြင်းတာအို...
"

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ သည်
မသန့်စင်သောကြောင့်
သူ၏သတ်ဖြတ်ခြင်းဓားတာအိုသည်
မသန့်စင်ခဲ့ပါ။ စစ်မှန်သော
သတ်ဖြတ်ခြင်းတာအို သည်
လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်

ကပြောခဲ့သည့်အတိုင်း အရာခပ်သိမ်းကို

သတ်ပစ်လိုက်တာပင်။ ထိုအခါမှသာ

သူ၏ သတ်ဖြတ်ခြင်းဓားတာအို သည်

အကန့်အသတ်ထိ ရောက်ရှိသွားပေမည်။

သူသာ ပြီးမြောက်အောင်

လုပ်ဆောင်နိုင်ပါက သူ့ခွန်အားဟာ

သိသိသာသာ တိုးလာမည်ဖြစ်သည်။

သို့သော် အတိတ်ကသူကိုယ်တိုင်

ဖြစ်မလာနိုင်တော့ပါ။

ယန်ယဲ့ သည် တျန်းရှူ

ပြောခဲ့သည့်စကားများကို မမေ့ခဲ့ပေ။

တာအိုနှင့် ခွန်အားအတွက်ကြောင့်

သူ၏နှလုံးသားကို ဆန့်ကျင်ပါက

ပေးဆပ်ရမည့်တန်ကြေးဟာ

အဆမတန်များပြားပါလိမ့်မည်။

ယန်ယဲ့ထွက်သွားသည်ကိုမြင်သောအခါ

ချီးမြှောက်ခြင်းယွမ် က ပို၍ပင်

မျက်မှောင်ကြုတ်လိုက်မိသည်။ သူသည်

ယန်ယွဲ့နှင့် ဓားစာလိပ်ကြား

တစ်စုံတစ်ခုဖြစ်ပွားခဲ့သည်ကို

သတိပြုမိခဲ့သည်။

သို့သော်လည်း ၎င်းသည်

မည်သည့်အရာဖြစ်သည်ကို

အတိအကျမသိခဲ့ပေ။

ဤအချိန်တွင် အလင်းတန်းတစ်ခုက
ယန်ယဲ့ ရှေ့သို့ ဆင်းသက်လာသည်။

အလင်းတန်း ပြန်ကျဲသွားသည်နှင့်
လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်
ပေါ်လာသည်။

ဤမြင်ကွင်းကြောင့်
ချီးမြှောက်ခြင်းယွမ်၏ အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။

သူ၏မျက်လုံးအစုံက
မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေခဲ့သည်။

ပထမဆုံးအကြိမ် ပဲ ။

မရေမတွက်နိုင်သောနှစ်များအတွင်း
လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်ဟာ
ရုပ်ထုမှ ထွက်လာခြင်းသည်
ပထမဆုံးအကြိမ်ဖြစ်သည်။

ဤအချိန်တွင် စူးရှကျယ်လောင်သော

ဓားအူသံများ

ကောင်းကင်ဓားမြို့တော်အနှံ့မှ

ပဲ့တင်ထပ်လာသည်။ ထို့နောက်တွင်

ထောင်ချီသော အလင်းတန်းများသည်

ကောင်းကင်ကို ဖြတ်သန်း၍

ကောင်းကင်ဓားတောင်ထိပ်မှ လေထဲသို့

ရောက်ရှိလာသည်။ သို့သော်

ကောင်းကင်ဓားတောင်ထိပ်သို့

ဆင်းသက်မလာကြပေ။

ကောင်းကင်ဓားတောင်ထိပ်က

ဓားများအတွက်

အရည်အချင်းမပြည့်မီခဲ့ပုံပါ။

သို့သော် လူ သုံးဦးက တောင်ပေါ်သို့

ရုတ်တရက်တက်လာခဲ့ကြသည်။

မကြာလိုက်ပေ၊ ယန်ယွဲ့ အနားတွင်

သက်လတ်ပိုင်းအရွယ်

အမျိုးသားတစ်ဦး၊

ရှည်လျားသောဝတ်စုံဝတ်

မိန်းမလှတစ်ဦးနှင့်

အစိမ်းရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦးတို့ ပေါ်လာသည်။

ချီးမြှောက်ခြင်းယွမ်၏ အမူအရာသည်

အနည်းငယ် ပြောင်းလဲသွားသည်။ သူက ဦးညွှတ်ရန် ပြင်လိုက်သော်လည်း သက်လတ်ပိုင်းအမျိုးသားဟာ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။ ထို့နောက် အခြားသူများနည်းတူ ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

ယန်ယွဲ့သည် သူ့ရှေ့မှ ဓားစာလိပ်ကို တိတ်တိတ်ဆိတ်ဆိတ် စိုက်ကြည့်နေသည်။

သူ့မျက်လုံးထဲတွင်
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးပုံရိပ်ပ
တဖြည်းဖြည်းချင်းထင်ရှားလာသည်။

"နှစ်ပေါင်း သောင်းချီကြာခဲ့ပြီ" အသံက
“သန်းချီတဲ့ဓားသမားတွေ ဒီကို
ရောက်လာခဲ့ကြတယ်၊ ဒါပေမဲ့
နင်ကလွဲရင် ဘယ်သူမှ ငါ့ကို

အထင်ကြီးအောင် မလုပ်နိုင်ကြဘူး။
ဘာလို့လဲ သိလား"

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး "ငါ့ရဲ့
ဓားတာအို ကြောင့်လား၊ ဒါမှမဟုတ် ငါက
ထူးခြားတဲ့ညဏ်ကြီးရှင်တစ်ယောက်
ဖြစ်နေလို့လား"

"မှားသေးတယ်..." အသံက "နင့်ရဲ့
အရည်အချင်းက

သာမန်ထက်သာလွန်တယ်ရုံပဲ၊

နင့်ထက်အများကြီးသာလွန်တဲ့

အရည်အချင်းတွေကို

မရေမတွက်နိုင်အောင် တွေ့ခဲ့ဖူးတယ်"

ယန်ယဲ့က သိချင်စိတ်ပြင်းပြလာသည်

"ဒါဆို မင်းငါ့ကို ဘာလို့ရွေးလိုက်တာလဲ"

အသံက “အစတုန်းက နင့်ရဲ့ဓားနယ်မြေ၊

အခု နင့်ရဲ့ဓားနှလုံးသား"

ယန်ယဲ့ က "ငါ့ဓားနှလုံးသား က..."

အသံက “ဓားကျင့်ကြံသူတွေက

စိတ်နှလုံးသားကို ပြုစုပျိုးထောင်တာပဲ။

ဓားသမားတွေ ရဲ့စိတ်ဓာတ်က

ဘယ်တော့မှအားလျော့လို့မရဘူး။

မရေမတွက်နိုင်တဲ့ ဓားသမားတွေဟာ

လေ့ကျင့်ရင်းနဲ့ပဲ

ခွန်အားရဲ့အစေခံတွေဖြစ်လာကြတယ်။

ဓားတာအို

(ဓားတရားအဆုံးသတ်)ရဲ့အကန့်အသတ်

ကို ရောက်ချင်စိတ်တွေပြင်းပြလာတော့

ကိုယ့်နှလုံးသားတွေကို

လစ်လျူရှုထားနိုင်တယ်။ ဒါပေမဲ့

နင့်ရဲ့နှလုံးသားကို "ခံစားချက်" ဆိုတဲ့

စကားလုံးနဲ့ထိန်းချုပ်ထားနိုင်တာကို

ငါသတိထားမိတယ်။ တကယ်တော့

နင့်ရဲ့စိတ်ခံစားချက်တွေကို

ဖြတ်တောက်ပစ်နိုင်ရင်

အခုထက်ပိုပြီးသန်မာနေလိမ့်မယ်။

ဒါတောင် နင်မလုပ်ခဲ့ဘူး။ အဲဒါက

နင့်ရဲ့စိတ်နှလုံးသားကို

သစ္စာစောင့်သိနေတယ်ဆိုတာ သက်သေ

ပြလိုက်တာပဲ”

ယန်ယွဲ့ က ဓားစာလိပ်ကို ငုံ့ကြည့်ကာ

"ဆက်ပြော..."

အသံက “အခု နင်ငါ့ကိုလိုတယ်။

အနာဂတ်မှာ နင့်ကို ငါလိုအပ်လိမ့်မယ်"

ယန်ယဲ့က "မင်း ငါ့အတွက်

ဘာလုပ်ပေးနိုင်မလဲ"

အသံက "နင့်ရဲ့ ဖန်ဆင်းရှင်အဆင့်

ဓားစိတ်ဆန္ဒကို

ပြန်ရဖို့ကူညီပေးသလိုမျိုး အရာတွေ

အများကြီးပါ"

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ အကယ်၍သာ
ဖန်ဆင်းရှင်အဆင့် ဓားစိတ်ဆန္ဒ
ကိုပြန်ယူနိုင်လျှင် သူ၏ခွန်အားက
အနည်းဆုံးတော့ နောက်ထပ် ၃၀
ရာခိုင်နှုန်း တိုးလာမည်ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့က
ချက်ချင်းသဘောမတူဘဲ

"မင်းရဲ့အခြေအနေကဘာလဲ"

ဟုမေးလိုက်၏။ ဤလောကတွင်

အလကားရသောအရာဟူ၍

ဘာမှမရှိပေ။

တစ်ခုလိုချင်ပါက

တစ်ခုပြန်ပေးဆပ်ရမည်မှာ သဘာဝပင်။

အသံက ခဏမျှ တိတ်ဆိတ်သွားပြီး

“ထာဝရမြစ်ထဲကို

နှင်ဝင်ရောက်နိုင်မယ်လို့ငါထင်တယ်” ဟု
ပြန်ဖြေသည်။

"ထာဝရမြစ် လား" ယန်ယွဲ့၏
မျက်လုံးများ အနည်းငယ် မှိတ်သွားပြီး
"အဲဒါ ဘာလဲ"

အသံက တိုးတိုးလေးပြောလိုက်သည်
“မရေမတွက်နိုင်တဲ့
ထိပ်တန်းပညာရှင်တွေရဲ့ အသက်ကို

သတ်ခဲ့တဲ့နေရာ။ လွန်ခဲ့တဲ့နှစ်ပေါင်း

(၁၀၀,၀၀၀)မှာ ဒီမြစ်ကို

ဘယ်သူမှမဖြတ်သန်းနိုင်ခဲ့ဘူး။

ငါ့သက်တမ်းက အဆုံးသတ်ခါနီးနေပြီ။

ငါမဖြတ်နိုင်ရင်

မြေမှုန့်ဖြစ်သွားလိမ့်မယ်။

နင့်ကိုရွေးချယ်လိုက်တာက ငါ့အတွက်

အန္တရာယ်များတဲ့ လောင်းကြေးတစ်ခုပဲ”

ယန်ယဲ့က အချိန်တော်တော်ကြာအောင်
နှုတ်ဆိတ်သွားခဲ့သည်။ ထို့နောက်
"ကောင်းပြီ!" ဟု ပြန်ဖြေလိုက်သည်။

ဝှစ်...

လျှို့ဝှက်ဆန်းကြယ်သော
ဓားစာလိပ်သည်
အလင်းတန်းတစ်ခုအဖြစ်

ရုတ်တရက်ပြောင်းလဲကာ
ယန်ယဲ့၏နဖူးထဲသို့ဝင်ရောက်သွားသည်။

ဘမ်း…

ချက်ချင်းဆိုသလိုပဲ၊ ယန်ယဲ့ထံမှ
ကြောက်မက်ဖွယ်ကောင်းသော
ဓားစိတ်ဆန္ဒလှိုင်းလုံးကြီး
ပေါက်ကွဲထွက်လာသည်။
သူ၏ဓားစိတ်ဆန္ဒက

တဖြည်းဖြည်းနှင့်မြင့်တက်လာသည်။

သိပ်ပြီးမကြာလိုက်ဘဲ

ပညာရှင်အဆင့်ကနေ

တဟုန်ထိုးမြင့်တက်သွားလေသည်။

သက်လတ်ပိုင်းအမျိုးသားက

“ဓားစာလိပ်ရဲ့ နှစ်ထောင်ပေါင်းများစွာ

စုဆောင်းခဲ့တဲ့ စိတ်ဆန္ဒကို

ပေးလိုက်တာပဲ... သူဘာတွေ

စီစဉ်နေတာလဲ”

အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက

သူမ၏ ညာဖက်လက်ထဲမှာ

ကိုင်ထားသော ဓားကို တင်းကျပ်စွာ

ဆုပ်ကိုင်ထားသည်။ ထို့နောက်

ယန်ယွဲ့အား အေးစက်စက်စိုက်ကြည့်ကာ

"ငါက သူ့ထက် ညှို့နေသလား"

မိန်းမလှ၏မျက်လုံးများသည်
အနည်းငယ် ကျဉ်းမြောင်းသွားပြီး “ဒါကို
ငါတို့ ရပ်လိုက်သင့်လား”

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်နေသည်။
ထို့နောက် သူ့လက်ချောင်းကို ဆန့်ပြီး
ယန်ယဲ့ ဆီသို့ ပုတ်လိုက်သည် ။

ဓားစွမ်းအင်က လေထုကို ဆုတ်ဖြဲ၍
ယန်ယွဲ့ထံ တိုးဝင်သွားသည်ဖယ

ဤအချိန်တွင် ချီးမြှောက်ခြင်းယွမ် က
စကားပြောရန် ပြင်လိုက်သော်လည်း
အဆုံးတွင် မတားခဲ့ပေ။
လက်ရှိအခြေအနေသည်
သူ့မျှော်လင့်ထားသည်ထက်
များစွာကျော်လွန်သွားခဲ့သည်။
လျို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်က

ယန်ယဲ့အား ၎င်း၏သခင်အဖြစ်

အသိအမှတ်ပြုရန် မမျှော်လင့်ထားပေ။

ကောင်းကင်ဓားမြို့တော်၏

အမြင့်မြတ်ဆုံးနတ်ရတနာပင်ဖြစ်သည်။

အကယ်၍ ယန်ယဲ့ကသာ

ကောင်းကင်ဓားမြို့တော်၏

အဖွဲ့ဝင်ဖြစ်နေရင်တော့ ပြဿနာမရှိပေ။

သို့သော်လည်း ယန်ယဲ့ သည်

ထာဝရနယ်စပ်

ပြင်ပမှရောက်လာသူဖြစ်နေခဲ့သည်။

တစ်နည်းအားဖြင့်

ကောင်းကင်ဓားမြို့တော်၏

နတ်ရတနာကို

ယန်ယဲ့ဆီသို့ကျရောက်ခွင့်မပြုနိုင်ပေ။

ဤအချိန်တွင် ယန်ယဲ့ သည်

မျက်လုံးပြန်ဖွင့်လိုက်သည်။

သူဘာမှတောင်မလုပ်ရသေးဘဲ

ဓားစာလိပ်က

သက်လတ်ပိုင်းအမျိုးသား၏

ဆားစွမ်းအင်ကို ဝါးမျိုသွားသည်။

ခဏအကြာတွင် ပြင်းထန်သော

ဆားစွမ်းအင် ကြိုးတစ်ချောင်း

ထွက်လာသည်။

သက်လတ်ပိုင်းအမျိုးသား၏

အမူအရာက

အနည်းငယ်ပြောင်းလဲသွားပြီး သူ့ဓားကို

ချက်ချင်း မြှောက်ပြီး ပိုင်းချလိုက်သည်။

ဘမ်း...

ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက်
သက်လတ်ပိုင်းအမျိုးသားသည် ၃
ကီလိုမီတာအကွာသို့
လွင့်ထွက်သွားသည်။ သူ့ကိုယ်သူ
ရပ်လိုက်သည်နှင့် တပြိုင်နက်
လက်ထဲကဓားကို ငုံ့ကြည့်လိုက်သည်။

ဒီအချိန်မှာ သူ၏ဓားက

ကွဲအက်နေခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား၏

မျက်နှာတွင်

အံ့သြမှုများပေါ်လာလေသည်။

သူတစ်ယောက်တည်းမဟုတ်ပဲ

အခြားလူတိုင်းပါ အံ့သြသွားကြသည်။

လျှို့ဝှက်ဆန်းကြယ်သော

ဓားစာလိပ်သည် ထိုကဲ့သို့

ကြောက်မက်ဖွယ်ကောင်းမည်ဟု

မမျှော်လင့်ထားပေ။ ထို့အပြင်

ယန်ယွဲ့ကိုယ်တိုင်က

ထိုမျှသန်မာလိမ့်မည်ဟု

မထင်ထားသဖြင့် ပို၍ပင်

အံ့အားသင့်သွားသည်။

ဤအချိန်တွင် အနီရောင်ဝတ်စုံဝတ်

အမျိုးသမီးတစ်ဦး ပေါ်လာသည်။

သူမက သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်ကာ “နင့်ရဲ့ဘိုးဘေးနဲ့ယှဉ်ရင်

နင်က ယုတ်ညံ့လွန်းတယ်” ဟု

ပြောပါသည်။

သက်လတ်ပိုင်းအမျိုးသား၏

အမူအရာက မဲမှောင်သွား သော်လည်း

ဘာမှ မပြောဝံ့ပေ။

သူ၏ဘိုးဘေးထက် နိမ့်ကျလွန်းသည်။

သက်လတ်ပိုင်းအမျိုးသား၏

ဘိုးဘေးဟာ ကောင်းကင်ဓားမြို့တော်ကို

တည်ထောင်သူဖြစ်သည်။

လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်

သည် လွန်ခဲ့သောနှစ်များအတွင်း

သူ၏ဘိုးဘေး နှင့်အတူရှိနေခဲ့သည်။

ဤအတောအတွင်း အမျိုးသမီးက

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး

“လွန်ခဲ့တဲ့နှစ်တွေမှာ

ကောင်းကင်ဓားသခင်နဲ့

အလုပ်အတူတူလုပ်နေတာ။

သူ့နောက်ကိုလိုက်နေတာမဟုတ်ဘူး။ ငါ

သူ့ကြောင့်

မိုးကောင်းကင်ဓားမြို့တော်မှာ

မနေခဲ့သလို နင်တို့အားလုံးကြောင့်လည်း

မပဟုတ်ဘူး။ အခု ငါစောင့်နေတဲ့လူကို

ငါတွေ့ပြီ၊ နင်တို့က ငါ့ကိုတားဖို့

ရည်ရွယ်ထားသေးလား။ ဒါဆိုရင်

ကရုဏာမပြလို့ အပြစ်မတင်ပါနဲ့"

ဤစကားသံ ထွက်လာသောအခါ

ကောင်းကင်ဓားမြို့တော်၏အာဏာပိုင်

များအားလုံး

မျက်စိမျက်မှာပျက်ကုန်သည်။

အထူးသဖြင့် ချီးမြှောက်ခြင်းယွမ် ။

ဤအခိုက်အတန့်တွင် သူသည်

အကြီးအကျယ်ကို နှောင်တရနေ၏။

ယန်ယဲ့ သည် လျှို့ဝှက်ဆန်းကြယ်သော

ဓားစာလိပ်၏လျှို့ဝှက်ချက်များကို

ဖော်ထုတ်နိုင်လိမ့်မည်ဟု

မမျှော်လင့်ခဲ့ပေ။ နောက်ဆုံးတွင်

၎င်းသည် ကောင်းကင်ဓားသခင်

ချန်ထားခဲ့သောအရာဖြစ်သောကြောင့်

ထူးခြားလှသည်။ သို့သော်လည်း

ဓားစာလိပ်က ယန်ယွဲ့အား

ရွေးချယ်ခဲ့သည်။

ဤထင်မှတ်မထားသော

အခြေအနေသည်

ကောင်းကင်ဓားမြို့တော်အတွက်

အထိနာသော

ထိုးနှက်ချက်တစ်ခုဟုပင်ဆိုရပေမည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

လူတိုင်းအား လစ်လျူရှုကာ ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ ဤအချိန်တွင်

ယန်ယဲ့၏ အော်ရာက အဆက်မပြတ်

မြင့်တက်နေပါသည်။

တစ်ချိန်တည်းမှာပင်

သူ၏ဓားစိတ်ဆန္ဒသည် ပို၍

အားကောင်းလာသည် ။

နောက်ဆုံးတွင် သူ၏ဓားစိတ်ဆန္ဒသည်

တဟုန်ထိုးမြင့်တက်လာပြီး

ဖန်ဆင်းရှင်အဆင့်

သို့ရောက်ရှိသွားခဲ့သည်။

သို့သော် ဆက်ပြီး

မြင့်တက်နေဆဲဖြစ်သည်။

အမျိုးသမီးက ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ သူမ၏

အကြည့်များသည်

ယန်ယွဲ့၏ရင်ဘတ်ပေါ်သို့ ဖြည်းညှင်းစွာ

ဆင်းသက်လာသည်။ ထိုနေရာမှ

ထွက်လာသော

အမည်မသိစွမ်းအင်တစ်မျိုးက

သူမ၏နှလုံးသားကိုပင်

တုန်လှုပ်သွားစေခဲ့သည်။

အနီရောင်ဝတ်စုံဝတ် အမျိုးသမီး၏

မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူမ ဘာတွေးနေလဲတော့ ဘယ်သူမှ မသိနိုင်ပေ။

ဤအချိန်တွင် ချီးမြှောက်ခြင်းယွမ်နှင့် အခြားသူများသည် မတိုက်ခိုက်ရဲကြပေ။

လက်ရှိတွင် ယန်ယွဲ့က ဖန်ဆင်းရှင်အဆင့် ဓားစိတ်ဆန္ဒကို ပြန်ရသွားပြီဖြစ်သည်။ ထို့အပြင် သူ့ဘေးနားမှာလည်း

လျှို့ဝှက်ဆန်းကြယ်သော
အနီရောင်ဝတ်စုံဝတ် အမျိုးသမီး
ရှိနေပြန်သည်။ ထို့ကြောင့်မည်သူမှ
မတိုက်ခိုက်ရဲပါ။ အထူးသဖြင့်
ကောင်းကင်ဓားသခင်
နှင့်အတူရှိခဲ့ဖူးသော ထိုအမျိုးသမီး ပင်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့၏
အငွေ့အသက်ဟာ တဖြည်းဖြည်း
တည်ငြိမ်သွားခဲ့သည်။

ဖန်ဆင်းရှင်အဆင့် ဓားစိတ်ဆန္ဒ ။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။ သူ၏ ဖန်ဆင်းရှင်အဆင့် ဓားစိတ်ဆန္ဒကို ပြန်ယူခဲ့ပြီဖြစ်သည်။ ထို့အပြင် ယခင်ထက်တောင်ပိုပြီးအားကောင်းလာပါသည်။

ခဏအကြာတွင် ယန်ယဲ့ သည်
မျက်လုံးများကိုဖွင့်ကာ
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို
စိုက်ကြည့်လိုက်သည်။ ဤအချိန်တွင်
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကလ
ည်း သူ့ကိုကြည့်နေသည်။

နှစ်ယောက် အကြည့်ချင်းဆုံသွားကာ
စကားပြောခါနီးတွင်
ကောင်းကင်ဓားတောင်ထိပ်တစ်ခုလုံး

ပြင်းထန်စွာ တုန်ခါသွားခဲ့သည်။
ထို့နောက်တွင်တော့
ကောင်းကင်ဓားမြို့တော်၏
ပင်မတောင်ထိပ် (၃)ခုကနေ
ဓားပျံမြောက်များစွာဟာ ရုတ်တရက်
လေထဲကို ပျံတက်လာပါတော့သည်။

အနီရောင်ဝတ်စုံဝတ် အမျိုးသမီး၏
မျက်လုံးများသည်
အနည်းငယ်ကျဉ်းမြောင်းသွားပြီး

“အကန့်အသတ်မဲ့ ဓားအစီအရင်။

ကြည့်ရတာ နင့်ကို

ထွက်သွားခွင့်မပေးဘူးထင်တယ်”

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၅ - အရင် Thet

ကောင်းကင်ဓားတောင်ထိပ်တစ်ဝိုက်တွင်

မရေတွက်နိုင်သော ဓားရှည်များ

မြောက်များစွာ လည်ပတ်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် မြို့ထဲမှ

အစွမ်းထက်အော်ရာများ ပျံ့လွင့်လာပြီး

တောင်ပေါ်သို့ ပျံတက်သွားသည်။

ဤအချိန်တွင် ယန်ယဲ့၏ မျက်နှာသည် ခံစားချက်မဲ့နေသည်။ သူဘာတွေးနေမှန်း ဘယ်သူမှ မသိနိုင်ပေ။

သိပ်မကြာလိုက်ပေ၊ သူတို့ရှေ့တွင် အဘိုးကြီးတစ်ယောက် ပေါ်လာသည်။

၎င်းသည် ကောင်းကင်ဓားမြို့တော်၏ မြို့တော်ဝန် ဖုန့်ထျန်းယု ပင်ဖြစ်သည်။

ဖုန့်ထျန်းယု သည်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စူးစိုက်ကြည့်ကာ "သူက ဓားတာအို မှာ

ထူးခြားတဲ့ညဏ်ကြီးရှင်ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ သူ့မှာ

နတ်ရတနာအများစုပိုင်ဆိုင်ထားလို့

တချို့တွေက ရောက်လာနေပြီ။

သူနဲ့အတူနေနေရတာ မင်းအတွက်

အဆင်မပြေနိုင်ဘူး”

အမျိုးသမီးက အနည်းငယ်

ခေါင်းညိတ်ကာ “နားလည်ပါတယ်။

နင်ငါ့ကိုနေစေချင်တယ်မဟုတ်လား"

ဖုန့်ထျန်းယု က ခေါင်းညိတ်လိုက်ပြီး

"မင်းရဲ့အခြေအနေတွေကို

ထုတ်ပြောလို့ရတယ်"

သူမက ယန်ယဲ့ကို ညွှန်ပြပြီး

"ကောင်းကင်ဓားမြို့တော်ရဲ့

မျိုးဆက်သစ်တစ်ယောက်ယောက်က

သူ့ကို အနိုင်ယူနိုင်ရင် ငါနေမှာပါ"

ဖုန့်ထျန်းယု၏ အမူအရာသည်

ဆိုးရွားလှသည်။

ယန်ယွဲ့ကို အနိုင်ယူမလား ။

ကောင်းကင်ဓားမြို့တော်၏

လူငယ်မျိုးဆက်များကို မဆိုလိုပါ၊

မူလတာအိုသခင် များပင်လျှင် ယန်ယဲ့ကို အနိုင်ယူနိုင်မည်ဟု အာမမခံရဲပေ။

"ငါလုပ်မယ်..." ဤအချိန်တွင် အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက ရှေ့သို့ တိုးလာသည်။

ဖုန့်ထျန်းယုက ခေါင်းယမ်းလိုက်သည်။ သူစကားပြောခါနီးတွင် မိန်းမပျိုက နေရာမှာပင် ပျောက်ကွယ်သွားသည်။

ဤမြင်ကွင်းကြောင့် ဖုန့်ထျန်းယု၏

အမူအရာက

သိသိသာသာပြောင်းလဲသွားခဲ့ပြီး

"ကျေးဇူးပြုလို့ ကရုဏာပြပါ"

ဘမ်း...

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

ပုံရိပ်တစ်ခု လွင့်ထွက်လာသည်။

ယန်ယဲ့တော့မဟုတ်ပေ၊

အစိမ်းရောင်ဝတ်စုံဝတ်မိန်းမပျိုပြင်ဖြစ်

သည်။

ပတ်ဝန်းကျင်က ချက်ချင်း

တိတ်ဆိတ်သွားသည်။

သက်လတ်ပိုင်းအမျိုးသားနှင့်

မိန်းမလှတို့က

သူတို့၏မျက်လုံးများကိုပင်

မယုံကြည်နိုင်ဖြစ်နေကြသည်။

တစ်ချက်တည်းနဲ့ ရှုံးသွားတယ် ။

သူတို့၏သမီးငယ်လေးကလည်း

ညဏ်ကြီးရှင်တစ်ယောက်ပါ။ သို့ရာတွင်

ယန်ယဲ့၏တိုက်ခိုက်မှုကို

တစ်ချက်တောင် မခုခံနိုင်ခဲ့ပေ။

ဖုန့်ထျန်းယု က ထိုမိန်းမပျိုကို

တစ်ချက်ကြည့်လိုက်သည်။

အသက်ရှင်နေသေးသည်ကို

သတိပြုမိသောအခါ

သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် သူက ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။

ယန်ယဲ့၏ရုတ်တရက်တိုက်ခိုက်မှုကြောင့်

သူလည်း အံ့အားသင့်သွားခဲ့သည်။

ယန်ယဲ့၏ခွန်အားက ယခင်ထက်

ပိုသန်မာလာမှန်းသိသာလေသည်။

မိန်းမပျို၏ မျက်လုံးများက

မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည်။

သူက “မဖြစ်နိုင်ဘူး။ အား....

မင်းဘယ်လိုဖြစ်နိုင်မှာလဲ..."

ထိုစကားပြောပြီးသည်နှင့်

ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော်လည်း သက်လတ်ပိုင်းစုံတွဲ က

တားလိုက်သည်။ မိန်းမပျိုက မနာခံဘဲ

အော်ဟစ်ကျိန်ဆဲနေတုန်းပါ။

ဤအချိန်တွင် ယန်ယဲ့ သည် မိန်းမပျို

ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာသည်။

ဖုန့်ထျန်းယု နှင့် အခြားလူများ

မျက်လုံးများ

ကျဉ်းမြောင်းသွားကြသည်။

သို့သော်လည်း ယန်ယဲ့သည် သူတို့ကို

လစ်လျူရှုထားလိုက်သည်။

သိပ်မကြာလိုက်ပေ၊ မိန်းမပျိုနှင့်

သူမ၏မိဘများရှေ့သို့

ရောက်လာခဲ့သည်။

သက်လတ်ပိုင်းစုံတွဲက ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ သူသာ အနည်းငယ်

လှုပ်ရှားမှုပါက

ချက်ချင်းတိုက်ခိုက်ကြပေမည်။

ယန်ယဲ့က ထိုမိန်းမပျိုကို

တည့်တည့်စိုက်ကြည့်ကာ "ဘာကြောင့်

ရှုံးနိမ့်ခဲ့ရတာလဲ သိလား"

မိန်းမပျိုက ပြန်မပြောဘဲ ယန်ယဲ့ကို
တိတ်ဆိတ်စွာ စိုက်ကြည့်နေသည်။

ယန်ယဲ့က တဟားဟား ရယ်မောရင်း
“ငါ့မှာ ဖခင်ကောင်းတစ်ယောက်ရှိလို့ပဲ။
သူက မင်းအဖေနဲ့အမေလိုမဟုတ်ဘူး၊
မင်းလိုမျိုး ငါ့ကို
လုံးဝကာကွယ်မပေးဘူး" ဟုပြောရင်း
သက်လတ်ပိုင်းစုံတွဲကို စိုက်ကြည့်ကာ
“မင်းရဲ့ သမီးက

ငါနဲ့အဆင့်တူနယ်ပယ်ဖြစ်ပေမယ့်

တစ်ချက်တောင်

ဘာလို့မခံနိုင်တာလဲသိလား။

ဘာလို့လဲဆိုတော့ ငါ့မှာ

ဖခင်ကောင်းတစ်ယောက်ရှိလို့ပါ။ သူက

ငါ့ကို ဂရုစိုက်ပေမယ့် အမြဲတမ်း ငါ့ကို

ကာကွယ်ပေးဖို့ ငြင်းဆန်ခဲ့တယ်။

အရာရာတိုင်းအတွက် ကိုယ့်ကိုယ်ကိုယ်

အားကိုးရမယ်ဆိုတာ သင်ပေးခဲ့တယ်”

ယန်ယဲ့က ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့မှာ

မိုးကောင်းကင်ဓားမြို့တော်ကို

မကောင်းတဲ့ ရည်ရွယ်ချက်မရှိသလို

ရန်ဖက်လည်း မဖြစ်ချင်ပါဘူး။

ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ ဓားစာလိပ်က

ငါ့ကိုရွေးချယ်ခဲ့တယ်၊ ဒါဟာ ငါ့အတွက်

အခွင့်အရေးတစ်ခုပါပဲ။

ကောင်းကင်ဓားမြို့တော်က

ငါ့ကိုပေးအပ်ခဲ့တဲ့ အခွင့်အရေးတစ်ခုပါ။

ငါယန်ယွဲ့ ဒီအကြောင်းကို သတိရနေမယ်။

ဒီအတိုင်းထားလို့မရဘူး။ ဒါဆို

ကောင်းကင်ဓားမြို့တော်ရဲ့

ကျေးဇူးအကြောင်းကို

ငါဘယ်လိုပေးဆပ်ရမလဲ။

မင်းတို့ငါ့ရဲ့အကူအညီလိုရင်

ငါယန်ယွဲ့အသက်ရှင်နေသေးသရွေ့

ဘာပဲလိုလို သေချာပေါက်ကူညီပေးမယ်။
အဆင်ပြေလား"

ကျေးဇူးကြွေး၊ ကျေးဇူးပြန်ဆပ်မယ် ။

ဤနေရာတွင် လူတိုင်း
အံ့အားသင့်သွားကြသည်။ ယန်ယဲ့က
ထိုအတိုင်းပြောဖို့ မမျှော်လင့်ထားခဲ့ပေ။
ဤနေရာမှ ပညာရှင်များ၏

အမှုအရာများသည် တဖြည်းဖြည်း ပြောင်းလဲလာသည်။

ကျေးဇူးကျွေးကို ပြန်ဆပ်မယ် ။

လူတိုင်းက ယန်ယဲ့၏ခွန်အား နှင့် စွမ်းရည်ကို မြင်တွေ့ခဲ့ရသည်။ သူ့တွင် လျှို့ဝှက်ဆန်းကြယ်သော ဓားစာလိပ်ကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ယန်ယဲ့သာ လွတ်မြောက်ခဲ့ပါက

လောက၏အထွတ်အမြတ်ပညာရှင်ဖြစ်
လာမှာသေချာပါသည်။ အနာဂတ်၏
ထူးခြားဆန်းကြယ်သော ပညာရှင်တစ်ဦး
ထံတွင် ကျေးဇူးကြွေးတင်ထားခြင်းဟာ
သူတို့အတွက် ကောင်းသော အရာပင်။

ငြင်းဆိုလိုက်ပါက ယန်ယဲ့အား
တိုက်ခိုက်ရမည်ကို ကိုယ်စားပြုသည်။
ယန်ယဲ့ သည် မူလတာအိုသခင်
မဟုတ်သော်လည်း

သူ၏တိုက်ခိုက်ရေးစွမ်းအားဟာ

မူလတာအိုအဆင့် ဖြစ်သည်။ ထို့အပြင်

သူ့နံဘေး၌

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးပါ

ရှိနေသေး၏။ အကယ်၍ သူတို့

တိုက်ခိုက်ခဲ့လျှင်

ကောင်းကင်ဓားမြို့တော်က

ကျိန်းသေပေါက်

တန်ကြေးတစ်ခုပြန်ပေးဆပ်ရပေမည်။

ယန်ယဲ့ကို သတ်နိုင်ရင်တော့

အဆင်ပြေပါသည်။ သို့သော်လည်း

ကျရှုံးသွားပါက မည်သို့နည်း။

ဖုန့်ထျန်းယုက ဤအချက်ကို

စဉ်းစားမိလိုက်သောအခါ

ဆုံးဖြတ်ချက်ကို ချလိုက်သည်။ သူက

ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ဂုဏ်ယူပါတယ်။ မင်းနဲ့

ကောင်းကောင်းကြီးလက်တွဲမှာလုပ်မှာပါ
"

ယန်ယွဲ့ က ပြုံးပြီး "ကျေးဇူးတင်ပါတယ်"

ထို့နောက်တွင်တော့ ယန်ယွဲ့သည်
အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို
ခေါ်ကာ လှည့်ထွက်သွားသည်။ သူတို့ကို
ဘယ်သူမှ မတားပေ။

ချီးမြှောက်ခြင်းယွမ် က ယန်ယွဲ့ပျောက်ကွယ်သွားသည့်ပုံရိပ်ကို ကြည့်နေပြီး ဖုန့်ထျန်းယု အား စိုက်ကြည့်ကာ "ရှီယွမ်မျိုးနွယ်ကို ရောက်သွားရင် သူ့မှာ အနာဂတ်ရှိဦးမယ်လို့ ထင်လား"

ဖုန့်ထျန်းယု က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "သူ့ရဲ့ခွန်အားက

ကြောက်စရာကောင်းပေမယ့်
ရှီယွမ်ကလန် က ပိုအားကောင်းတယ်။
ငါ့အထင် သူအသက်ရှင်လျက်
ပြန်မလာနိုင်မှာကို စိုးရိမ်မိတယ်"

ချီးမြှောက်ခြင်းယွမ် က ခေါင်းခါလိုက်ပြီး
“သနားစရာကောင်းလိုက်တာ။ သူသာ
စိတ်ပြောင်းနိုင်ရင် သူပိုင်ဆိုင်ထားတဲ့
သဘာဝ အရည်အချင်းတွေနဲ့
ကံတရားကြောင့် နောင်မှာ ရှီယွမ်ကလန်

ကို ကျော်တက်ဖို့ အခွင့်အရေးရှိတယ်။ ဒါ ပေမဲ့ အခုချက်ချင်းသွားလိုက်ပြီဆိုတော့ သေသွားလိမ့်မယ်"

ဖုန့်ထျန်းယု က အဝေးတစ်နေရာရှိ ကောင်းကင်ယံကို မော့ကြည့်လိုက်ပြီး "သူ မသေဘူးလို့ ငါမျှော်လင့်ပါတယ်"

...

ဤအချိန်တွင် ယန်ယဲ့နှင့်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးသည်

ကောင်းကင်ဓားမြို့တော်မှ

ထွက်လာပြီးနောက်

တိမ်တိုက်များကြားသို့

တိုးဝင်သွားခဲ့သည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

"နင်က ကောင်းကင်ဓားသခင် နဲ့

အရမ်းကွာခြားတယ်"

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း
"မင်းဘာကိုဆိုလိုတာလဲ"

“သူသာဆိုရင် မသွားဘူး။ သူက
အရူးတစ်ယောက်လို
ပုန်းအောင်းနေမှာသေချာတယ်။
လုံလောက်တဲ့ ခွန်အားကို ပိုင်ဆိုင်ထားမှပဲ
ရှီယွမ်မျိုးနွယ် ကို သွားလိမ့်မယ်"

ယန်ယဲ့ သည် ငြိမ်သက်သွားသည်။
ဓားစာလိပ် က သူ့အား ရှီယွမ်မျိုးနွယ်ကို
မသွားစေလိုသောကြောင့် သွယ်ဝိုက်ပြီး
ဆွဲဆောင်နေတာပါ။

ယန်ယဲ့ က ခဏကြာတိတ်ဆိတ်နေပြီးမှ
ခေါင်းခါပြပြီး "မင်း နားမလည်ပါဘူး"
ဟုသာ ပြန်ပြောလိုက်သည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက ကောင်းကင်ကို မော့ကြည့်ရင်း “နင့်မှာ အနိုင်ရဖို့ အခွင့်အရေး အရမ်းနည်းတယ်"

ယန်ယဲ့က ပြုံးပြီး "ငါသိပါတယ်"

သူမက ယန်ယဲ့ကိုကြည့်ကာ "ဒါဆို နင်ဘာလို့သွားနေသေးတာလဲ"

ယန်ယဲ့က သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "ငါ သူမကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ပါဘူး။ သူမကို ကယ်တင်နိုင်ရင် သဘာဝအတိုင်း ကောင်းပါတယ်။ ငါမတတ်နိုင်ရင် ငါသူမနဲ့အတူသေမယ်။ မဟုတ်ရင် သူမ အထီးကျန်နေလိမ့်မယ်”

အမျိုးသမီးက ယန်ယဲ့ကို လေးလေးနက်နက်နဲ့ အကြာကြီး

တစ်ချက်ကြည့်လိုက်ပြီး “ဒါက

မိန်းမတစ်ယောက်ပဲလေ။ နင့်ခွန်အားနဲ့

ဘယ်မိန်းမကိုမဆို ရနိုင်တယ်”

ယန်ယဲ့က တစ်ချက်ရယ်ပြီး "မင်း

နားမလည်ပါဘူး"

အမှန်တော့ ရှီယွမ်ကလန်ကို

သွားဖို့ဆုံးဖြတ်လိုက်ခြင်းသည်

ကိုယ့်သေတ္တာကို

တူးလိုက်တာပင်ဖြစ်သည်။

သို့သော် မသွားဘဲ နေရမည်လား။ သူမ

ပြောခဲ့သည့်အတိုင်း တစ်နေရာရာတွင်

ပုန်းအောင်းနေပါက နောင်မှာ

ရှိယွမ်မျိုးနွယ်ကို ဆန့်ကျင်ဖို့

အခွင့်အရေးရပါလိမ့်မည်။

သို့သော်လည်း အန်နန်ကျင်း

သေဆုံးသွားပါက

ဘာဆက်လုပ်ရမည်နည်း။

ဤအချိန်တွင် အနီရောင်ဝတ်စုံဝတ်

အမျိုးသမီးက ရုတ်တရက် "သူတို့

သူမကို သတ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

ဟု ထပ်မေးသည်။

ယန်ယွဲ့ က ဓားစာလိပ် ကိုစိုက်ကြည့်ကာ

“သူတို့မျိုးနွယ်ထဲမှာ
ခွေးတစ်ကောင်၊ကြောင်တစ်မြီးမှ
မကျန်အောင် ငါလုပ်ပေးမယ်”
ဟုပြန်ဖြေလိုက်သည်။

သူက ရှီယွမ်ကလန်၏ ဦးတည်ရာကို
လှမ်းကြည့်လိုက်ပြီး "ငါ့ဘဝမှာ
ချစ်ရတဲ့သူတွေ အများကြီး
မကျန်တော့ဘူး။ သူမ မရှိတော့ရင်
ဒီကမ္ဘာကြီးက ငါ့ကို ထောင့်တစ်နေရာဆီ

တွန်းပို့နေတယ်။ ထောင့်တစ်ခုထဲကို

တွန်းချလိုက်ရင် ငါယန်ယွဲ့က

ကမ္ဘာကြီးကို ချောက်ကမ်းပါးအစွန်းထိ

တွန်းပို့လိုက်မယ်”

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

သူမ၏ မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး

"ကောင်းကင်ဓားသခင် ရဲ့

အရည်အချင်းက နင့်ထက် သာလွန်တယ်၊

သူက နင့်ထက်လည်း ပိုသန်မာတယ်။

ဒါပေမဲ့ နင်ဟာ သူ့ထက်

ပိုအစွန်းရောက်တယ်၊

ပိုကြောက်စရာကောင်းတယ်”

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည်

"ကောင်းကင်ဓားသခင် သေပြီလား"

သူမက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“မဟုတ်ဘူး၊ ဒါပေမဲ့ သူ့ကံကြမ္မာက သေတာထက် ပိုဆိုးတယ်”

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း "မင်းဘာကိုဆိုလိုတာလဲ"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီး က လစ်လျူရှုကာ ပြန်ပြောသည် “သူက မူလတာအိုအဆင့် ကိုရောက်တဲ့အခါ သူ့ခွန်အားက ထာဝရနယ်စပ်ရဲ့

နံပါတ်တစ်ဆားသမား

ဆိုပြီးနာမည်ကျော်ခဲ့တယ်။

သူ့ခွန်အားတိုးလာလို့

သူ့ယုံကြည်မှုလည်း တိုးလာတဲ့အတွက်

ထာဝရမြစ်ကို သွားခဲ့တယ်”

ယန်ယဲ့ က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

"သူ့ခွန်အားနဲ့တောင်

ဖြတ်မသွားနိုင်ဘူးလား"

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း "ဒါက အဝေးကြီးပဲ။ ကံမကောင်းစွာပဲ၊ သူနားမထောင်ခဲ့ဘူး"

ယန်ယဲ့ သည် တဖြည်းဖြည်းနှင့် မျက်မှောင်ကြုတ်လိုက်သည်။ မူလတာအိုသခင်တစ်ပါး ပင်လျှင် ဖြတ်မသွားနိုင်ခဲ့ပေ။ ထို့ကြောင့် ယန်ယဲ့ သည် "ထာဝရမြစ်"ဟူသော နာမည်ကို

ထပ်ကြားလိုက်ရသဖြင့်

တုန်လှုပ်သွားမိသည်။

အမျိုးသမီးက ရုတ်တရက်ပြောခဲ့သည်

"ငါနဲ့အရင်လိုက်လာခဲ့ပါ"

ယန်ယဲ့က အံ့ဩသွားပြီး "ဘယ်မှာလဲ"

"စားအပျက်အစီးနယ်မြေ..." သူမက ယန်ယွဲ့ကိုကြည့်ကာ "စိတ်မပူပါနဲ့၊ သိပ်ကြာမှာမဟုတ်ဘူး"

ယန်ယွဲ့က "ဘာဖြစ်လို့လဲ"

သူမက "ဒါဆို နင် ဒီခေတ် စားတာအိုရဲ့ အစွမ်းထက်ဆုံး ကျင့်ကြံသူနဲ့ တွေ့နိုင်မှာပါ"

ယန်ယဲ့ က "ဒီဖက်ခေတ် ဓားတာအိုရဲ့

အသန်မာဆုံးလား။

မင်းဘာလုပ်ဖို့ကြိုးစားနေတာလဲ"

သူမက "နင့်ကို ပိုသန်မာလာအောင်

ငါကြိုးစားနေတယ်"

ယန်ယဲ့က မျက်နှာပေါ်တွင်

ထူးဆန်းသောအမူအရာဖြင့် သူမကို

စိုက်ကြည့်နေသည်။

ဤအချိန်တွင် အမျိုးသမီးက “ငါ့ကို ကြည့်မနေနဲ့။ ငါ့မှာ မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူး။ ငါ့မှာ အချိန်သိပ်မကျန်တော့လို့ နင်ပိုပြီးသန်မာလာဖို့ပဲလိုတယ်။ နင်က ပိုသန်မာလေလေ ငါပြန်သွားနိုင်ဖို့ အခွင့်အရေးရလေပဲ။ ဒါဟာ ငါတို့ရဲ့ ထာဝရစကြာဝဠာ ကို ပြန်ရောက်ဖို့ အခွင့်အရေးပိုများလာလိမ့်မယ်”

ယန်ယဲ့က

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်ကာ တိတ်ဆိတ်နေခဲ့သည်။

ထို့နောက်တွင်တော့ နှစ်ယောက်သား

ဦးတည်ချက်ပြောင်းပြီး

ဓားအပျက်အစီးနယ်မြေ ဆီသို့

ဦးတည်လိုက်ကြသည်။

ပိုသန့်မာလာရမယ် ။

တစ်နာရီလောက်အကြာတွင်
အမျိုးသမီးက ရုတ်တရက်
ရပ်သွားသည်။ ယန်ယွဲ့ သည်
အံ့သြသွားသော်လည်း သိပ်မကြာဘဲ
အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

သူတို့အပေါ်ကို

လှမ်းကြည့်လိုက်သည့်အခါ

အာကာသပြင်က ပြင်းထန်စွာ

တုန်လှုပ်နေတာကို တွေ့လိုက်ရသည်။

ခဏအကြာတွင် ထိုနေရာမှ

အဘိုးကြီးတစ်ဦး

ရုတ်တရက်ထွက်လာခဲ့သည်။

မူလတာအိုသခင် ။

အဘိုးကြီးက သူ့နောက်ကို
ဘယ်လိုလိုက်လာမှန်း မသိသဖြင့် ယန်ယဲ့
ဟာ မျက်မှောင်ကြုတ်လိုက်သည်။

အဘိုးကြီးက ယန်ယဲ့ ဆီကို
လျှောက်လာပြီး "မင်း ရှီယွမ်မျိုးနွယ်ကို
သွားမယ်ဆိုတာ ငါကြားမိတယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ဟုတ်တယ်။ ဘာ့ကြောင့်လဲ... "

အဘိုးအိုက အနည်းငယ် ခေါင်းညိတ်ကာ

“ဘာမှ မဖြစ်ပါဘူး။ တစ်ချို့အရာတွေကို

ချန်ထားခဲ့စေချင်တယ်။

ဒီအချက်သုံးချက်ကို

ချန်ထားချင်တယ်ဆိုရင်

ချန်ထားနိုင်ပါတယ်။”

ယန်ယဲ့က အဘိုးကြီးကို ကြည့်လိုက်ပြီး

"မင်းငါ့ဆီက လုယူချင်တယ်လို့ပဲ ပြော"

အဘိုးကြီးက ယန်ယဲ့ ကိုကြည့်ကာ

"မင်းမှန်ပါတယ်၊ ငါလိုချင်တာ"

အမျိုးသမီးက “နင်က

ဘယ်အင်အားစုကလဲ” ဟု ရုတ်တရက်

မေးလိုက်သည်။

အဘိုးကြီးက စကားပြန်ပြောခါနီးတွင်

ယန်ယဲ့က ရုတ်တရက်

စကားဖြတ်ပြောလိုက်၏ "သူ

ဘယ်ကလာတာလဲ

ဘယ်အင်အားစုရဲ့အဖွဲ့ဝင်လဲဆိုတာကို

ဘယ်သူကဂရုစိုက်မှာလဲ။ အဲဒါကို

မမေးဘဲနဲ့ သူ့ကို

အရင်သတ်လိုက်ရအောင်”

စကားပြောပြီးနောက် နေရာမှာပင်

ပျောက်ကွယ်သွားသည်။

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

ဘာစကားမှမပြောနိုင်ဘဲ

အံ့အားသင့်သွားသည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၆၅၆ - ငါဘယ်တော့မှ

နောက်ပြန်မဆုတ်ဘူး

ယန်ယွဲ့၏အရှိန်သည်

အလွန်လျင်မြန်သည်။ အဘိုးကြီးက

ယန်ယွဲ့၏ဓားချက်

ကျရောက်လာသည့်တိုင်

တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

ရှမ်း…

ယန်ယဲ့၏ဓားက

လျှပ်စီးတန်းတစ်ခုအလား လျင်မြန်စွာ

ကျဆင်းလာသည်။

အဘိုးကြီး၏အမူအရာက

ပြောင်းသွားပြီး....

ဘမ်း...

သူ့ထံမှ ပြင်းထန်သော အရှိန်အဝါတစ်ခု ပေါက်ကွဲထွက်လာသည် ။

ခဏအကြာတွင် ဓားစွမ်းအင်များ ပျောက်ကွယ်သွားသည်။

အဘိုးကြီးက ယန်ယွဲ့ကို စိုက်ကြည့်ရင်း “ဘယ်လောက်တောင် ပြင်းထန်လိုက်တဲ့ တိုက်ခိုက်မှုလဲ”

ဤအချိန်တွင် ယန်ယဲ့က သူ့လက်ကို

မြှောက်လိုက်ပြီး အဝေးရှိ အဘိုးကြီးကို

ဓားနဲ့လှမ်းထိုးလိုက်သည်။

ဘမ်း.... ဘမ်း...

ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်မျိုးဖြင့်

ပေါင်းစပ်ထားသော ဓားစွမ်းအင်က

လေထုကို ဆုတ်ဖြဲကာ

ကြားကွက်လပ်အလွှာများကို
ချေမှုန်းပစ်ခဲ့သည်။

အဘိုးကြီးက ငြိမ်သက်သွားသည်။
ဤတိုက်ခိုက်မှုကို ရင်ဆိုင်ရချိန်မှာတော့
သူ့မျက်လုံးထဲမှာ ကြောက်ရွံ့မှု မရှိခဲ့ပေ။

သူ၏ညာဖက်လက်သီးကို
တင်းတင်းဆုပ်လိုက်ရာ ပတ်ပတ်လည်၌
ထူထဲသောရေခဲအလွှာ

ဖြစ်ပေါ်လာသည်။ ထို့နောက် လက်သီးကို ရှေ့သို့ လှမ်းထိုးလိုက်သည်။

ဆူး...

ယန်ယွဲ့၏ဓားစွမ်းအင်က ချက်ချင်း အေးခဲသွားသည်။ တစ်ဆက်တည်း ယန်ယွဲ့ရပ်နေသည့်နေရာတစ်ဝိုက်ဟာ တဖြည်းဖြည်းကျုံ့ကာအေးခဲလာတော့ သည်။

သို့သော် ခါးအူသံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက် ပတ်ဝန်းကျင်ရှိ
ရေခဲအလွှာများသည် ကွဲအက်ကာ
ရေခဲမိုးများအဖြစ် ကျဆင်းသွားခဲ့သည်။

ဤမြင်ကွင်းကို မြင်လိုက်သောအခါ
အဘိုးကြီး၏မျက်လုံးထဲ၌ ဆိုးရွားသော
အလင်းတန်းတစ်ခု
လင်းလက်လာသည်။သူ၏ညာခြေကို
တစ်ချက်ဆောင့်ပြီး

ရေခဲတန်းကြီးအလား ရှေ့သို့
ပြေးထွက်သွားသည်။ ဤအချိန်တွင်
ယန်ယဲ့လည်း နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

ဘမ်း...

သိပ်မကြာလိုက်ပေ၊ ကောင်းကင်ယံ၌
ကျယ်လောင်သော ပေါက်ကွဲသံကြီး
ပျံ့လွင့်သွားသည်။ ထို့နောက်တွင်တော့

မီတာရာချီသော ဧရိယာထဲရှိ

တိမ်တိုက်များဟာ ပြန့်ကျဲသွားပြီး

သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင် နှစ်ယောက်စလုံး

လွင့်ထွက်လာကြသည်။

အဘိုးကြီးက ကီလိုမီတာ ၃၀ အကွာသို့

ပြန်ဆုတ်သွားပြီးနောက်

ရပ်တန့်သွားသည်။ သို့သော်

ယန်ယဲ့သည်လည်း ကီလိုမီတာ ၃၀ ကျော်အကွာထိတွန်းထုတ်ခံခဲ့ရသည်။

သူသည် ဤတစ်ကြိမ်တွင် အနည်းငယ်အရေးနိမ့်ခဲ့သည်။ သို့ရာတွင် ယန်ယဲ့၏မျက်နှာက တည်ငြိမ်နေပါသည်။ အပြန်အလှန်အားဖြင့် အဘိုးကြီး၏မျက်နှာပေါ်တွင် လေးနက်သော အမူအရာ ရှိနေခဲ့သည်။

ယန်ယဲ့ သည် ဖန်ဆင်းရှင်အဆင့်သာဖြစ်သော်လည်း သူကိုယ်တိုင်က မူလတာအိုသခင် ဖြစ်နေ၏။

ယန်ယဲ့က သူ့ရင်ဘတ်ကို ငုံ့ကြည့်လိုက်သည်။ သူ့ပတ်ဝန်းကျင်မှာ ရေခဲအလွှာတစ်ခု ပိတ်ဆို့ထားသည်။ ရေခဲအလွှာက အလွန်ပြင်းထန်ပြီး သူ၏ ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်ခုကပင် ချိုးဖျက်နိုင်ခဲ့ခြင်းမရှိပေ။

ယန်ယဲ့ သည်

သူ၏ညာဖက်ခြေထောက်ကို

တစ်ချက်ဆောင့်နင်းလိုက်သည်။

ထိုခဏလေးတွင် သူ့ပတ်ဝန်းကျင်ရှိ

ရေခဲအလွှာများပျောက်ကွယ်သွားသည်။

ထို့နောက် အဘိုးကြီးကို လှမ်းကြည့်ကာ

ပြုံးပြီး “ဆက်တိုက်ခိုက်ကြရအောင်”

စကားပြောပြီးနောက် လက်ကို
ဆတ်ခနဲမြှောက်လိုက်ကာ သူ့စားဖြင့်
အဘိုးကြီးကို
ရုတ်တရက်ပိုင်းချလိုက်တော့သည်။

အဘိုးကြီး၏ တုံ့ပြန်မှုက
နှေးကွေးခြင်းမရှိပေ။ ညာခြေကို
တစ်ချက်ဆောင့်ပြီး ၃
ကီလိုမီတာအကွာသို့
ပြန်ဆုတ်သွားသည်။ သို့သော်

သူရပ်လိုက်သည်နှင့် ယန်ယဲ့၏ဓားက
သူ့ခေါင်းထက်၌ ရောက်နေခဲ့သည်။

အဘိုးကြီး၏ အမူအရာက
နောက်ဆုံးတွင်
သိသိသာသာပြောင်းလဲသွားသည်။

သူ့ခေါင်းကို ပိုင်းချခါနီးတွင်
အေးစက်နေသော လက်ဝါးတစ်ဖက်က
ယန်ယဲ့၏ဓားကို

ရုတ်တရက် ဖမ်းချုပ်ထားလိုက်သည်။

ဤအခိုက်အတန့်တွင် အချိန်သည်
အေးခဲသွားပုံရသည်။

အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်နေစဉ်
သူ့ခန္ဓာကိုယ်ထဲကနေ အေးစက်သော
စွမ်းအင်လှိုင်းများ ရှူးသွပ်စွာ
ပေါက်ကွဲထွက်လာသည်။
ခဏအကြာတွင် ဓား တင်မကဘဲ

ယန်ယဲ့၏ဓားကိုင်လက်ပါ

အေးခဲသွားတော့သည်။ ယန်ယဲ့၏

ပါးစပ်ထောင့်တွင် အပြုံးတစ်ခု

ပေါ်လာပြီး

မျက်လုံးမှိတ်ထားလိုက်သည်။

ထိုခဏလေးမှာပဲ သူ၏မူလခန္ဓာကိုယ်က

ဤလောကတွင်မရှိတော့သည့်အလား

အသွင်ပြောင်းသွားသည်။

အနန္တဓားနယ်မြေ...

ဓားနယ်မြေကို အသက်ဝင်လာသည်နှင့်

တပြိုင်နက် အဘိုးကြီး၏ အမူအရာသည်

သိသိသာသာ ပြောင်းလဲသွားသည်။

ဤအချိန်တွင် ယန်ယွဲ့၏ဓားက

ပြင်းထန်စွာ

တုန်ခါလာပြီး ပိုင်းချလိုက်သည်။

ဆူး...

လေထဲသို့ ပျံတက်သွားသော

လက်ဝါးတစ်စုံနှင့်အတူ အဘိုးအိုကြီးက

ကီလိုမီတာ ၃၀ ကျော်အကွာသို့

လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့ သည်

ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်စဉ်

ရုတ်တရက်

မျက်မှောင်ကြုတ်လိုက်သည်။

တစ်ဖက်ကို လှည့်ကြည့်လိုက်ရာ

လုံတစ်ချောင်းက လေထုကိုဆုတ်ဖြဲ၍ သူ့ထံပျံသန်းလာသည်ကိုတွေ့လိုက်သည် ။ သူ၏မျက်လုံးထဲမှ အေးစက်သော အလင်းရောင်တစ်ခု လင်းလက်လာပြီး ဓားကိုင်လက်ကို မြှောက်ကာ ခုခံလိုက်သည်။

သူ့ဓားက လုံကိုပိုင်းချလိုက်စဉ် လက်တစ်ဖက်လုံးနှင့် ထုံကျင်လာသည်။ ဒီအချိန်မှာ ခြေထောက်တစ်ဖက်က

သူ့ရင်ဘတ်ကို ဖြတ်ကန်လာသည်။

ယန်ယဲ့၏တုံ့ပြန်မှုက လျင်မြန်ပြီး

ပြန်ကန်ထည့်လိုက်သည်။

ဘမ်း...ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံနှစ်ခု

ထွက်ပေါ်လာပြီးနောက် ပုံရိပ်နှစ်ခု

လွင့်ထွက်သွားသည်။

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့

ပြန်ဆုတ်သွားသည်။

သူရပ်လိုက်သည်နှင့်

သူ၏ညာဖက်လက်ကို

တစ်ချက်ခါလိုက်ပြီး နေရာမှာပင်

ရပ်လိုက်သည်။ ဤအချိန်တွင် သူနှင့်

မလှမ်းမကမ်း၌

အမျိုးသမီးတစ်ဦးရပ်နေခဲ့သည်။

အမျိုးသမီးက

ငွေရောင်ချပ်ဝတ်တန်ဆာကို
ဝတ်ဆင်ထားပြီး လက်ထဲ၌
လှံတစ်ချောင်းကို ကိုင်ဆောင်ထားသည်။
သူမ၏မျက်နှာပေါ်တွင်
အေးစက်သောအမူအရာ
ထွက်ပေါ်နေခဲ့သည်။

မူလတာအိုသခင်လား ။

မဟုတ်ပါ၊ အမျိုးသမီးက

မူလတာအိုသခင် မဟုတ်ဘဲ သူနှင့်

အဆင့်တူ ဖန်ဆင်းရှင် ဖြစ်သည်။

ယန်ယဲ့က အမျိုးသမီးနှင့် အဘိုးကြီးကို

တစ်ချက်ကြည့်လိုက်ပြီး

“မင်းတို့နှစ်ယောက်က တစ်ဖွဲ့တည်းလား"

ဟု မေးလိုက်ပြီးမှ

ခေါင်းယမ်းလိုက်သည်။ အကြောင်းမှာ

အဘိုးကြီးက

ငွေရောင်ချပ်ဝတ်အမျိုးသမီးကို

သတိထားနေကြောင်း မြင်နေရလို့ပါ။

အဘိုးကြီးက

ငွေရောင်ချပ်ဝတ်အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်ပြီး ယန်ယဲ့အား

စူးစိုက်ကြည့်ကာ "ယန်ယဲ့၊ ရှီယွမ်ကလန်

ကို မသွားဖို့ ငါအကြံပေးချင်တယ်။

အဲဒီလိုလုပ်ရင်

မင်းအသက်ပိုရှည်နိုင်လိမ့်မယ်"

စကားပြောပြီးနောက် အဘိုးကြီးက
ရေခဲအလင်းတန်းအဖြစ် ပြောင်းလဲကာ
ကောင်းကင်ယံမှာပဲ
ပျောက်ကွယ်သွားသည်။

ဤအချိန်တွင် ယန်ယွဲ့ သည်
ဖျတ်ခနဲပျောက်သွားခဲ့သည်။
ငွေရောင်ချပ်ဝတ်အမျိုးသမီးက
အခြားတစ်ဖက်သို့

ရုတ်တရက်လှည့်ကြည့်လိုက်ပြီး
အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ပြန်ထွက်သွားသော
အဘိုးကြီး၏ အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။
သူ့နောက်ကို အမြန်လှည့်ကြည့်လိုက်ရာ

ဓားတစ်ချောင်းက လေထုကို ထိုးခွဲ၍
သူ့ထံ တည့်တည့်တိုးဝင်လာသည်။

အနန္တဓားနယ်မြေ....

ဓားနယ်မြေက သာမန်မဟုတ်ဘဲ
ဖန်ဆင်းရှင်အဆင့် စိတ်ဆန္ဒနှစ်မျိုးဖြင့်
ပေါင်းစပ်ထားသည်။ ယန်ယွဲ့၏ဓားက
အဘိုးကြီးထံ လျင်မြန်စွာ
ကျဆင်းလာသည်။

ဘမ်း…

အဘိုးကြီး၏ခန္ဓာကိုယ်ထဲမှ
သိပ်သည်းသော အအေးလှိုင်းများ
ဖြာထွက်လာသည်။ တစ်ချိန်တည်းမှာပဲ
ထူထပ်သောရေခဲအလွှာက
ယန်ယဲ့၏တစ်ကိုယ်လုံး
ဖုံးအုပ်လာသည်။

ယန်ယဲ့က မရှောင်တိမ်းဘဲ

သူ့ဓားကိုမြှောက်ပြီး ပိုင်းချလိုက်သည်။

ဘမ်း...

ဓားက

အနက်ရောင်လျှပ်စီးကြောင်းအလား

လျင်မြန်စွာကျဆင်းလာပြီး

ရေခဲအလွှာများကို ထိုးခွဲသွားသည်။

ထို့နောက်

ဆူး...

အဘိုးကြီး၏ ခန္ဓာကိုယ်သည်
ချက်ချင်းပင် နှစ်ခြမ်းကွဲသွားသည်။
သို့သော်လည်း သူ့အထဲမှ မူလဝိညာဉ်
ထွက်လာပြီး ကောင်းကင်ယံမှာပဲ
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည် အဘိုးကြီးနောက်ကို

ဆက်မလိုက်ခဲ့ပေ။ ဒီအချိန်မှာ

သူ့ပါးစပ်ထောင့်မှ သွေးများ

ဖြည်းညှင်းစွာ စီးကျလာသည်။

သူသည် အဘိုးကြီး၏တိုက်ခိုက်မှုကို

တိုက်ရိုက်ဖျက်ဆီးပြီး ခန္ဓာကိုယ်အား

ဖျက်ဆီးပစ်ရန်

တန်ကြေးတစ်ခုပေးလိုက်ရသည်။

၎င်းက သူ၏အကန့်သတ်ပင်ဖြစ်သည်။

မူလတာအိုသခင် တစ်ပါးကို ချက်ချင်း

သတ်ဖြတ်လိုပါက

သူ၏စိတ်ဆန္ဒနှစ်ခုကိုလောင်ကျွမ်းပစ်မှ

ရပေမည်။

ယန်ယဲ့က သူ့ပါးစပ်ထောင့်က

သွေးများကို လျှာဖြင့်သပ်လိုက်ပြီး

ကောင်းကင်ကို မော့ကြည့်ရင်း
“နားထောင်ကြစမ်း။ မင်းတို့
ဘယ်အင်အားစုကပဲလာလာ ငါ့ကို
တိုက်ခိုက်ရဲသရွေ့ ငါသတ်ပစ်မယ်"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
ကောင်းကင်ယံမှ အသံတစ်သံ
ထွက်ပေါ်လာခဲ့သည် "ဒါဆို မကြာခင်မှာ
ငါတို့တွေ့ကြတာပေါ့"

ယန်ယဲ့က

အေးစက်စက်ပြန်ပြောလိုက်သည်

"မင်းဆန္ဒရှိသရွေ့ ငါ့ဆီလာနိုင်တယ်"

ထိုအတိုင်းပြောပြီးသည်နှင့်

ခပ်လှမ်းလှမ်းရှိ အမျိုးသမီးကို

စိုက်ကြည့်လိုက်သည်။

ဒီအချိန်မှာ အမျိုးသမီးက လှံကို

တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရင်း

မျက်နှာပေါ်တွင်

သတိထားနေသောအမူအရာအပြည့်ပါ။

"မင်းတို့အားလုံး ငါ့ကို ရှိယွမ်မျိုးနွယ်ကို မသွားဖို့ တားနေကြတာမဟုတ်လား" ယန်ယဲ့က အနည်းငယ်ပြုံးပြီး “ငါ ခန့်မှန်းကြည့်ရအောင်။ ဒါက အကြောင်းပြချက်နှစ်ခုကြောင့် ဖြစ်နိုင်တယ်။ ပထမဦးဆုံး မင်းတို့က အဲဒီနတ်ရတနာသုံးပါးကို

လိုချင်တယ်။ဒုတိယအနေနဲ့ ရှီယွမ်ကလန်ကို မရစေချင်လို့ဖြစ်နိုင်တယ်။ ဟုတ်တယ်မလား"

“ဒါအမှန်ပဲ” အမျိုးသမီးက သတိအပြည့်ထားနေသောအကြည့်ဖြင့် ယန်ယဲ့ကိုကြည့်နေသည်။ သို့သော်လည်း သူမ၏မျက်နှာတွင် ကြောက်ရွံ့ခြင်းမရှိပေ။

ယန်ယဲ့ သည် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "တခြား

မျိုးနွယ်စုကြီး ၅ ခုလည်း

လှုပ်ရှားနေပြီမဟုတ်လား"

အမျိုးသမီးက “သူတို့တင်မကဘူး”

ဟု ပြန်ဖြေပါသည်။

သူတို့တင်မကဘူးလား....

ယန်ယဲ့က အမျိုးသမီးကို စိုက်ကြည့်လိုက်သည်။ သူမက ယန်ယဲ့ကို တစ်ချက်ကြည့်ကာ “နင် ရှီယွမ်မျိုးနွယ်ကို မရောက်နိုင်တော့ဘူး။ နင်အောင်မြင်ရင်တောင် သေလိမ့်မယ်"

ယန်ယဲ့က "မင်းမှာ အကြံဉာဏ်တွေ ရှိသလား"

“အဲဒီနတ်ရတနာသုံးပါးကို လွှဲပေးပြီးတော့ နင်သွားချင်တဲ့နေရာကို သွားပါ” အမျိုးသမီးက လစ်လျူရှုကာ ပြန်ဖြေသည်။

ယန်ယဲ့က ပြုံးပြီး "ငါ့ဘဝမှာ ခါးသီးမှုတွေနဲ့နာကျင်မှုတွေ ကြုံဖူးပေမယ့် တစ်သက်လုံး ဘယ်တော့မှ ပြန်မလှည့်တတ်ဘူး"

အမျိုးသမီးက သူ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး “ဒါဆို စောင့်ကြည့်ရအောင်” ဟု ပြောလိုက်သည်။

စကားပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ခဏအကြာတွင်ပဲ ဘယ်သူမှမရှိတော့ပေ။ ယန်ယဲ့ နှင့်

အနီရောင်ဝတ်စုံဝတ် အမျိုးသမီးတို့သာ ကျန်နေရာတွင် ကျန်ခဲ့သည်။

ယန်ယဲ့က သူ့ဓားကိုဖယ်လိုက်ပြီး "သွားရအောင်"

ထို့နောက် အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ အဝေးဆီသို့ ပျောက်ကွယ်သွားသည်။ အမျိုးသမီးက ခဏတာ

ငြိမ်သက်သွားပြီး “ငါ

သက်တမ်းမကုန်ခင် သေသွားနိုင်တယ်

သူမ၏ခေါင်းကို ခါယမ်းကာ

နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

သူတို့ ပျောက်ကွယ်သွားသည်နှင့်

တပြိုင်နက်

ငွေရောင်ချပ်ဝတ်အမျိုးသမီးက

ဤနေရာတွင် ပြန်ပေါ်လာခဲ့သည်။

ဤ၂တစ်ကြိမ်မှာ

တစ်ယောက်တည်းမဟုတ်ပေ၊

သူမရှေ့တွင်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရပ်နေသည်။ သက်လတ်ပိုင်းအမျိုးသား

က ယန်ယွဲ့နှင့် ဓားစာလိပ်

တို့ထွက်ခွာသွားသည့် လမ်းကြောင်းကို

တစ်ချက်ကြည့်လိုက်ပြီးနောက် “မင်း

မတိုက်ခိုက်တာ မှန်ပါတယ်။ သူက

နည်းနည်းလေးတင် သန်မာတာ မဟုတ်ဘူး”

ထိုအမျိုးသမီးက “အဖေ၊ ငါတို့ လော့လီမျိုးနွယ်က ဒါကို ဝင်ပါနေစရာ မလိုပါဘူး။ တခြားမျိုးနွယ်စုတွေကို တိုက်ခိုက်ခွင့်ပေးလိုက်တာက ပိုမကောင်းဘူးလား"

သက်လတ်ပိုင်းအမျိုးသားက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ဒီလိုမျိုး

တွေးလို့မရဘူး။ ငါတို့ရဲ့

လောလီကာလန်က ဒီကိစ္စမှာ

ဝင်ပြီးမပါခဲ့ရင် ရလာဒ်နှစ်ခု

ထွက်ပေါ်လာလိမ့်မယ်။

ရလာဒ်နံပါတ်တစ်က

တခြားမျိုးနွယ်စုတွေက

အကျိုးအမြတ်မရှိရင်

တိုက်ခိုက်မှာမဟုတ်ဘူး။ နံပါတ် (၂)
ရလာဒ်အတွက် ပြောရရင် တ
ခြားသူတွေက
နတ်ရတနာသုံးပါးတဲ့တိုက်ခိုက်နေတယ်၊
တကယ်လို့ ငါတို့ဝင်မပါဘဲနေလိုက်ရင်
ဘယ်သူမှ လှူပ်ရှားမှာမဟုတ်တော့ဘူး။
ဒါဆို
ရှီယွမ်မျိုးနွယ်ရဲ့လက်ထဲကိုကျသွားလိမ့်
မယ်။ အဲဒီအချိန်မှာ ရှီယွမ်မျိုးနွယ် က

မျိုးနွယ်စုကြီး ၆

ခုရဲ့ထိပ်ဆုံးကိုရောက်သွားမှာသေချာတ

ယ်။ အလားတူပဲ၊

ငါတို့သာရယူနိုင်ခဲ့ရင်...”

အမျိုးသမီး က ရုတ်တရက်ပြောခဲ့သည်

"ငါတို့က ဖျက်ဆီးခံရတာ ဒါမှမဟုတ်

ခြိမ်းခြောက်ခံရမှာမဟုတ်လား"

"ကိစ္စမရှိပါဘူး..."

သက်လတ်ပိုင်းအမျိုးသားက

ခေါင်းခါပြီး “အင်မော်တယ်အိမ်တော်က

အရမ်းအားကောင်းတယ်၊တခြားစွမ်း

အားရှင်တွေက သူတို့ကို ဘာ့ကြောင့်

မဆန့်ကျင်တာလဲ။ မင်းရဲ့ ခွန်အားက

အတိုင်းအတာတစ်ခုအထိ

ရောက်တဲ့အခါ တခြားသူတွေက မင်းကို

ဆန့်ကျင်မှာ မဟုတ်ဘူး၊ သူတို့က မင်းရဲ့
ခွန်အားကို အသိအမှတ်ပြုကြလိမ့်မယ်"

အမျိုးသမီးက အနည်းငယ်
မျက်မှောင်ကြုတ်ကာ
“နတ်ရတနာသုံးပါးလေးတင်မဟုတ်ဘူး
လား၊ ဒါဟာ ငါတို့မျိုးနွယ်စုကို
နောက်တစ်ဆင့်ပို့ပေးနိုင်တယ်တဲ့လား”

“မှန်တယ်...”

သက်လတ်ပိုင်းအမျိုးသားက

"မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် က

တတ်နိုင်တယ်” ဟု

တိုးတိုးလေးပြောခဲ့သည်။

သူမက “ဒါပေမဲ့ ယန်ယဲ့က

အရမ်းကြောက်ဖို့ကောင်းတယ်”

သက်လတ်ပိုင်းအမျိုးသား က ပြုံးပြီး

“အခြေအနေအရ သူဘယ်လို

ပြုမူရမယ်ဆိုတာ မသိရင်

ငါစိုးရိမ်မိတယ်။ ဒါပေမဲ့

မင်းသတိမထားမိဘူးလား။ သူက

ဒီလိုမျိုးပဲလေ၊

ဘယ်လိုလိုက်လျောညီထွေအောင်

လုပ်ရမှန်းမသိဘူး။ သူက

မိန်းမတစ်ယောက်အတွက်နဲ့

ရှီယွမ်မျိုးနွယ်ကို တိုက်ခိုက်ဖို့

စီစဉ်ထားတယ်။ သူလိုလူက

သန်မာပေမယ်လို့ ဦးနှောက်မရှိဘူး၊

စိတ်ပူစရာမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ငါတို့

လော့လီကလန် က

နတ်ရတနာတွေအတွက်

တိုက်ပွဲဝင်ရမှာပါ"

အမျိုးသမီးက ငြိမ်သက်သွားသည်။

သို့သော် သူမ၏မျက်လုံးထဲ၌

စိုးရိမ်စိတ်အပြည့် ရှိနေသည်။

...

နှစ်နာရီခန့်အကြာတွင် ယန်ယဲ့ နှင့်

ဓားစာလိပ် တို့ဟာ ရပ်တန့်သွားသည်။

သူတို့ရှေ့တွင် အဆုံးမရှိသော

တောင်တန်းကြီးသာ

ကာဆီးထားလေသည်။ သို့သော်လည်း

တောင်တန်းပေါ်တွင် သစ်ပင်များ

မရှိတော့ပါ။ တောင်တန်းတစ်ခုလုံးသည်

လုံး၀ မြို့နေပြီး

ဆိုးယုတ်သောအငွေ့အသက်များသာ

ပျံ့လွင့်နေခဲ့သည်။

ယန်ယဲ့က "ဓားအပျက်အစီးနေယ်မြေ

လား..."

အမျိုးသမီးက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ အထဲကို ဝင်ရအောင်..."

အချိန်အနည်းငယ်ကြာအောင်

ရှေ့ဆက်သွားနေရင်း သူတို့ရှေ့ကနေ

စူးရှသောလေတိုးသံများ ရုတ်တရက်

ထွက်ပေါ်လာခဲ့သည်။

ယန်ယွဲ့ သည်

ရှေ့ကိုမော့ကြည့်လိုက်သည်။

သို့သော်လည်း

သူ၏ညာဖက်မလှမ်းမကမ်းကနေ

ပိတ်ချောဝတ်ရုံဝတ်

အမျိုးသမီးတစ်ယောက်

ရုတ်တရက်ပေါ်လာပါသည်။

အမျိုးသမီးကို မြင်ရသည်မှာ

အတော်လေးထူးဆန်းနေသလိုပင်။

ထိုအမျိုးသမီးက ခြေဗလာနှင့်

လက်နှစ်ဖက်တွင်

သံကြိုးများရစ်ပတ်ထားလေသည်။

ထို့အပြင် သူမ၏

နောက်ကျောဖက်၌လည်း

ဧရာမဓားကြီးတစ်လက်ကို

သိုင်းလွယ်ထားခဲ့သည်။

ဓားကြီးက

ပိတ်ချောဝတ်ရုံဝတ်အမျိုးထက်

အရွယ်အစား

အတော်လေးကိုကြီးမားပါသည်။

သူမ၏လက်ထဲတွင်

တံမြက်စည်းတစ်ချောင်းကိုင်ထားလျက်

ပေါင်းနွမ်းနေသော အုတ်ဂူတစ်လုံးအား

သန့်ရှင်းရေးလုပ်နေလေသည်။

ဤအချိန်တွင်

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို စိုက်ကြည့်ကာ "သွား....၊

နင်သူမကို ကိုင်တွယ်လိုက်"

ယန်ယဲ့က

ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

Translated By NyiNyiSoe

May Be:

.အဆိုးမဲ့ဓားကမ္ဘာ (ထာဝရနယ်စပ်)

ဘာသာပြန်သူ - ညီညီစိုး:

# အပိုင်း ၂၆၅၇ - ဓားတစ်လက်

သူမနဲ့ တိုက်ခိုက်ရမလား ။

ယန်ယဲ့က

ပိတ်ချောဝတ်ရုံဝတ်အမျိုးသမီးကို

တစ်ချက်ကြည့်လိုက်ပြီး

ခဏတုံ့ဆိုင်းသွားကာ "ငါတို့ အထဲကို

ဝင်လို့ရမလား"

“မရဘူး...” အမျိုးသမီးက

သူတို့နှစ်ယောက်ကို

မော့တောင်မကြည့်ခဲ့ပေ။

ယန်ယဲ့က မျက်နှာပျက်သွားကာ "ငါ

အတင်းဝင်သွားရင် ဘာဖြစ်မလဲ"

ဤအချိန်မှာ

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

သန့်ရှင်းရေးလုပ်နေတာကို

ရပ်ပြီး ယန်ယဲ့အား စိုက်ကြည့်နေသည်။

ထို့နောက် သူမ၏နောက်ကျောမှ

ဓားကြီးကို ဖြုတ်ပြီး ဆွဲယူကာ

ယန်ယဲ့ဆီသို့ ပြေးဝင်လာခဲ့သည်။

အမျိုးသမီးက ရောမဓားကြီးကို

မြေပြင်ပေါ် တရွတ်တိုက်ဆွဲလာသဖြင့်

မီးပွားများ ဖြန်းခနဲဖြန်းခနဲ

ဖြစ်သွားသည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့လက်ကို အနည်းငယ်လှုပ်လိုက်ရာ လက်ထဲ၌ဓားတစ်ချောင်းပေါ်လာသည်။

ဤအတောအတွင်း ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး၏ အရှိန်က သာမန်လူတစ်ယောက်၏ အရှိန်ကဲ့သို့ အလွန်နှေးကွေးနေခဲ့သည်။ သို့သော်လည်း ယန်ယဲ့၏မျက်နှာက

တဖြည်းဖြည်း တင်းမာလာသည်။

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး

နီးကပ်လာသည်နှင့်အမျှ

မမြင်နိုင်သောဖိအားများ

ပြင်းထန်လာလေလေဖြစ်သည်။

ဒီအချိန်မှာ သူ့တစ်ကိုယ်လုံး

တင်းကြပ်နေပြီး

အသက်ရှူကြပ်မတတ်ပင်။

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး ထံမှ

ထွက်ပေါ်လာသော ဖိအားက

အလွန်ပင်ကြောက်စရာကောင်းလှသည်။

ယန်ယဲ့က ဖိအားများကို

တောင့်ခံလိုက်ပြီး

သူ၏ခါးကို မြှောက်၍

ဆတ်ခနဲပိုင်းချလိုက်လေသည်။

ဆူး...

ဓားစွမ်းအင်တစ်စင်း

လင်းလက်လာသည်။

ဤအချိန်တွင်

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး၏ခန္ဓာ

ကိုယ်သည် မြေပြင်မှ ၁ မီတာခန့် အကွာ

မြောက်တက်လာသည်။ ထို့နောက်

သူမ၏ဓားကြီးကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လျက် ခုတ်လှဲချလိုက်သည်။

ဘမ်း ...

ရောမဓားကြီးက
လျှပ်စီးကြောင်းတစ်ခုအလား
လျင်မြန်စွာပင် ပိုင်းချလာတော့သည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည်
ခုခံနိုင်လိုက်ခြင်းမရှိဘဲ ကီလိုမီတာ ၃၀
ကျော်အကွာထိ လွင့်ထွက်သွားခဲ့သည်။

သူ့ကိုယ်သူရပ်တန့်လိုက်ပြီးနောက်

ညာဖက်လက်ကို လှုပ်ကြည့်လိုက်ရာ

မျက်နှာပေါ်တွင်

အံ့အားသင့်မှုများပေါ်လာခဲ့သည်။

ဒီအချိန်မှာ

သူ၏ညာလက်တစ်ဖက်လုံးထုံကျင်နေပါ

သည်။ လက်

ရှိလို့ရှိနေမှန်းပင်မခံစားမိတော့ပေ။

ထို့အပြင် သူ့ခန္ဓာကိုယ်အနှံ့

ဒဏ်ရာဒဏ်ချက်

အပြည့်ဖုံးလွှမ်းထားခဲ့သည်။.

ကြောက်စရာကောင်းလိုက်တဲ့ခွန်အား ။

ယန်ယဲ့ သူ့ရှေ့ရှိ

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးကို

မော့ကြည့်ရင်း ထိတ်လန့်သွားခဲ့သည်။

ဒီအချိန်မှာ အမျိုးသမီးက
ယန်ယဲ့ရှေ့တွင် ပေါ်လာသည်။
သူမ၏လက်ထဲ၌လည်း
ဆံပင်တစ်ချောင်းကဲ့သို့ ပါးလွှာသော
ဓားလေးတစ်ချောင်း
ဆုပ်ကိုင်ထားသည်။

တစ်ချိန်တည်းမှာပင် အလင်းတန်းများ
လင်းလက်လာသည်။

ယန်ယဲ့၏အမူအရာသည်

သိသိသာသာပြောင်းလဲသွားပြီး

ဓားနယ်မြေကို ချက်ချင်း

အသက်သွင်းလိုက်သည်။

ဆူး ...ဆူး ...ဆူး ...ဆူး...

လေထဲသို့ သွေးစက်များ ဖြန်းခန်

လွင့်စင်သွားသည်။ ဒီအချိန်မှာ

အမျိုးသမီးက နဂိုရုပ်နေခဲ့သည့်နေရာမှာ

ပြန်ရောက်နေပါပြီ။

သူမ၏ လက်ထဲ၌ဆုပ်ကိုင်ထားသော

ဆံချည်မျှင်တေးက ပျောက်ကွယ်သွားပြီး

တံမြက်စည်းဖြင့်

အစားထိုးကိုင်ထားသည်။

ယန်ယဲ့ သည် တစ်ကိုယ်လုံး

ဒဏ်ရာဗလပွနှင့် လေထဲ၌ရပ်နေ၏။

မလှမ်းမကမ်းရှိ

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်ရင်း သူ့မျက်နှာက မကြုံစဖူး

သိမ်မွေ့နေခဲ့သည်။

ဘယ်လောက်တောင်

မြန်လိုက်တဲ့အရှိန်လဲ။

သူမ၏ ဓားချက်အရှိန်က လုံးဝကို

နားမလည်နိုင်အောင်ပင် ဖြစ်ခဲ့သည်။

ဓားနယ်မြေကိုသာ

အသက်သွင်းထားခြင်းမရှိပါက

တစ်ခါတည်း

အသက်ပျောက်နေလောက်ပါပြီ။

အကြောင်းမှာ

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး၏

အရှိန်က တုံ့ပြန်ရန်

မြန်လွန်းသောကြောင့်ပင်။

ကြောက်စရာကောင်းလိုက်တဲ့ အရှိန်ပါလား။

ယန်ယဲ့အနေဖြင့် ဤမျှ အစွမ်းထက်ပြီး အရှိန်လျင်မြန်သော ဓားသမားတစ်ဦးကို ပထမဆုံးတွေ့ဖူးခြင်းပင်။ အရာခပ်သိမ်းကို ခွန်အားဖြင့် ချေမှုန်းနိုင်သည်၊ သို့မဟုတ် အရာအားလုံးကို အရှိန်ဖြင့် ကျော်ဖြတ်နိုင်သည့်

စွမ်းရည်ပင်ဖြစ်သည်။
ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက
နှစ်ခုစလုံးကို ပိုင်ဆိုင်ထား၏။

အချိန်တွင် ယန်ယဲ့၏နံဘေးမှ
အနီရောင်ဝတ်စုံဝတ်အမျိုးသမီး က
သူ့ကို စိုက်ကြည့်ကာ "သူမက
ဓားစိတ်ဆန္ဒကို အခုထိ
ထုတ်မသုံးရသေးဘူး" ဟု
ရုတ်တရက်ပြောခဲ့သည်။

ယန်ယွဲ့၏မျက်နှာက အေးခဲသွားသည်။

ဤအတောအတွင်း

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး က

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို

စိုက်ကြည့်ကာ "ဓားစာလိပ်၊

သူက နင်ရွေးချယ်ထားတဲ့သူလား"

အနီရောင်ဝတ်စုံဝတ်အမျိုးသမီးက ခေါင်းညိတ်ပြပြီး "ဟုတ်တယ်၊ ဒါနဲ့ နင်ဘယ်လိုထင်လဲ"

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "လက်ခံနိုင်ပါတယ်"

ဓားစာလိပ် က ပြုံးပြီး "ငါ့ကို

မျက်နှာသာပေးတဲ့အနေနဲ့ သူ့ကို

အကဲဖြတ်ပေးပါလား"

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက

ခဏမျှ လေးလေးနက်နက် စဉ်းစားပြီး

"သူ့အသက်အရွယ်နဲ့ မလိုက်ဖက်တဲ့

ရုပ်ခန္ဓာခွန်အား။

ဒီလိုသဘာဝစွမ်းရည်မျိုးကို ဒီလောကမှာ

တွေ့ရခဲ့ပါတယ်။ ရှားရှားပါးပါး ပဲ"

ဓားစာလိပ် က

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးကို

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

“ချို့ယွင်းချက်တွေ ပြောပါဦး”

အမျိုးသမီးက ခဏတာ

ငြိမ်သက်သွားပြီး “နည်းနည်းတော့

စိတ်မြန်တယ်၊ စိတ်ရှုပ်ထွေးလွန်းတယ်။

သူ့ဓားတာအို

စိတ်ခံစားချက်တွေနဲ့ရှုပ်ထွေးနေတယ်။

သူ့နှလုံးသားက ပိုတောင်ဆိုးသေးတယ်။

ဒီအာရုံပျံ့လွင့်နေတဲ့ အတွေးတွေကို

စွန့်လွှတ်သင့်တယ်၊ ပြီးတော့

သူ့နှလုံးသားကို

ဓားနဲ့တစ်သားတည်းဖြစ်အောင်

လုပ်နိုင်ရင် သူ့ရဲ့ ခွန်အားက

အဆင့်တစ်ခုကို ရောက်သွားလိမ့်မယ်”

ဆားစာလိပ်က ယန်ယဲ့ကို

စူးစိုက်ကြည့်နေသည်။ ယန်ယဲ့က

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး ကို

အနည်းငယ်ဦးညွှတ်ကာ

"ဒီလမ်းညွှန်မှုအတွက်

ကျေးဇူးတင်ပါတယ် အကြီးအကဲ..."

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး

“သိပ်တော့မဆိုးပါဘူး၊

စိတ်ထားကောင်းလိုက်တာ"

ယန်ယဲ့က ဘာမှပြန်မပြောဘဲ

အနည်းငယ်ပြုံးလိုက်ပါသည်။

ဓားစာလိပ် ကလည်း ယန်ယဲ့ကို

စိုက်ကြည့်နေရင်း မျက်လုံးထဲတွင်

ချီးမွမ်းလိုသော အရိပ်အယောင်များ

ရှိနေသည်။

အမှန်တော့ သူတို့နှစ်ယောက်စလုံးက

ယန်ယဲ့၏စိတ်သဘောထားကြောင့်

အံ့အားသင့်သွားကြသည်။ ပုံမှန်အားဖြင့်

ယန်ယဲ့ ကဲ့လို့

ထိပ်တန်းညာဏ်ကြီးရှင်များဟာ

မောက်မာထောင်လွှားကြသည်။

အခြားသူ၏ ခွန်အားကို

ဘယ်သောအခါမှ အသိအမှတ်မပြုသော

အမျိုးအစားများဖြစ်သည်။ သို့ရာတွင်

တကယ်တမ်းတော့

သူတို့နှစ်ယောက်စလုံး

အံ့သြသွားရသည်။ ယန်ယဲ့ သည်

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး၏

အကဲဖြတ်မှုအပေါ်

မကျေမနပ်ဖြစ်ရှိသာမကဘဲ ၎င်းကို

နှိမ့်ချစွာလက်ခံခဲ့သည်။

ထိုအခြေအနေက နှစ်ယောက်စလုံးကို

အံ့အားသင့်သွားစေသည်။

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး နှင့်

ဓားစာလိပ် က ယန်ယဲ့ကို

ကောင်းကောင်းအထင်ကြီးသွားကြသည်

။

ယန်ယဲ့က

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးကို

ကြည့်ကာ “အကြီးအကဲ၊ ငါ့နှလုံးသားကို

ဓားနဲ့တစ်သားတည်းဖြစ်အောင်လို့

ပြောချင်တာလား။ ကျေးဇူးပြုပြီး

လမ်းညွှန်ချက်ပေးပါဦး”

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

ယန်ယဲ့ကို စိုက်ကြည့်ကာ

“အာရုံစိုက်ထားပါ။ ဓားလွှဲတဲ့အခါ ဓားကို

လွှဲဖို့ပဲ အာရုံစိုက်ထားသင့်တယ်။

တိုက်ခိုက်တဲ့အခါ ဓားနဲ့ထိုးတာကို

အာရုံစိုက်ထားရမယ်။

ဓားကိုလွှဲယမ်းနေတုန်းမှာ

တိုက်ခိုက်ဖို့ပဲတွေးနေရင် ဒါဟာ

နင့်ရဲ့စိတ်နှလုံးကို

ရှုပ်ထွေးသွားလိမ့်မယ်။ ရှုပ်ထွေးနေတဲ့

နှလုံးသားက ရှုပ်ထွေးတဲ့

ဓားကွက်တွေကိုပဲ ဖန်တီးမိလိမ့်မယ်။

အရာရာတိုင်းကို ဆက်တွေးနေမယ်ဆိုရင်

ဒါဟာ အလဟာသဖြစ်သွားနိုင်တယ်။

အဲတော့ တစ်ခုက တစ်ခု၊ နှစ်ခုက နှစ်ခုပဲ၊

ငါဆိုလိုတာကို နင်နားလည်လား"

ယန်ယဲ့က ခေါင်းညိတ်ပြီး

"နားလည်ပါတယ်"

သူသည်

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး၏

ဆိုလိုရင်း နားလည်သွားပါပြီ။

ဤအခိုက်အတန့်တွင် သူသည်

ချက်ချင်းပင်

ညာဏ်အလင်းရသွားသည်ဟုဆိုနိုင်၏။

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးပြောသ

ည့်အတိုင်းပင် သူတိုက်ခိုက်ခံရသည်နှင့်

စိတ်ထဲ၌ ချိန်တွင် တုန်လှုပ်သွားခဲ့သည်။

အမှန်တော့ သူ၏ခွန်အားနှင့် အရှိန်ကိုသာ

တတ်နိုင်သမျှ လုပ်ဆောင်သင့်ပါသည်။

သို့မဟုတ် အခြားအရာများကို

မစဉ်းစားဘဲ

တိုက်ခိုက်နေသည့်အပေါ်မှာသာ

အာရုံစိုက်ထားသင့်၏။

တစ်နည်းအားဖြင့်

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

သူ့အား အာရုံစူးစိုက်ထားဖို့ ပြောခဲ့တာပါ။

အာရုံစူးစိုက်ပါ ။

၎င်းသည် မဟာတာအို၏

နိယာမမဟုတ်ပါ၊ ကျင့်ကြံသူတိုင်း

သိရှိနားလည်ထားသည့်

နိယာမတစ်ခုဖြစ်သည်။ သို့သော် ပို၍

အရေးမပါဟုထင်ရလေလေ

ခဲယဉ်းလေလေဖြစ်သည်။

ဤအတောအတွင်း ဓားစာလိပ်က

“အဲဒါအတွက် ငါတို့ဒီကိုရောက်လာတာ”

ဟု ဆတ်ခနဲ ပြောလိုက်သည်။

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက

ခဏလောက် လေးလေးနက်နက်

စဉ်းစားပြီး “သူ ထိန်းနိုင်ပါ့မလား” ဟု ပြောပါသည်။

ဆားစာလိပ်က "သူ့ကိုစမ်းကြည့်ခိုင်းသင့်တယ်မဟုတ်လား"

အမျိုးသမီးက အချိန်အတော်ကြာအောင် တိတ်ဆိတ်သွားပြီး

“သူသေသွားနိုင်တယ်” ဟု

ထပ်ပြောပါသည်။

ဓားစာလိပ် က ယန်ယဲ့ကို စိုက်ကြည့်ရင်း

"နင်သေမှာကြောက်လား"

ယန်ယဲ့က

လေးလေးနက်နက်အမူအရာဖြင့်

ခေါင်းညိတ်လိုက်သည်

"ဒါအမှန်ပဲလေ၊ငါလည်း
သေရမှာကြောက်တယ်"

ဓားစာလိပ် က ချက်ချင်း
ပါးစပ်ပိတ်သွား၏။

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက
ယန်ယွဲ့အား တိတ်ဆိတ်စွာ
စိုက်ကြည့်နေသည်။

ဤအချိန်တွင် ယန်ယဲ့က "ငါ့ရဲ့ ခွန်အားကို မြှင့်တင်ပေးနိုင်မလား" ဟု ရုတ်တရက် မေးလိုက်ပါသည်။

ဓားစာလိပ်က  ခေါင်းညိတ်လိုက်ပြီး "ဒါက နင့်ရဲ့ဓားစိတ်ဆန္ဒကို နယ်ပယ်တစ်ခုကနေ ခဏလောက် မြှင့်တင်ပေးနိုင်တယ်။ နင့်ရဲ့ဓားစိတ်ဆန္ဒက မူလတာအိုအဆင့်မှာရှိနေရင်တောင်မှ ဓားစိတ်ဆန္ဒကို

အဆင့်တစ်ခုတက်သွားအောင်

လုပ်နိုင်သေးတယ်။ နင့်ရဲ့ဓားစိတ်ဆန္ဒက

မူလတာအိုအဆင့်

အထက်မှာရှိနေရင်တောင်မှ နောက်ထပ်

အဆင့်တစ်ခုကို

မြှင့်တင်ပေးနိုင်ပါသေးတယ်"

ယန်ယွဲ့၏အမူအရာက

ပြောင်းလဲသွားသည်

"ဒီလောက်ထူးခြားတဲ့
နတ်ရတနာရှိသေးတာလား"

ဓားစာလိပ် က ခေါင်းညိတ်ပြီး
“ဟုတ်တယ်၊ ဒါပေမဲ့ နင်သွားယူဖို့
သတ္တိရှိသလား"

ယန်ယဲ့က "ဒါက
အရမ်းအန္တရာယ်များလား"

သူမက ခေါင်းညိတ်ပြီး
“အရမ်းအန္တရာယ်များတယ်။ ဒါဆို နင်က
စွန့်စားရဲသလား"

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး
ခေါင်းညိတ်လိုက်သည် "ဒါပေါ့၊
ယောက်ျားတစ်ယောက်ဟာ ဘဝမှာ
စွန့်စားရမှာပေါ့"

ဆားစာလိပ် က ခေါင်းညိတ်ပြီး “အထဲကို ဝင်သွားပါ”

ယန်ယဲ့က "မင်းကော ဘယ်လိုလဲ"

“ခဏနေလာခဲ့မယ်” ဆားစာလိပ် က ပြန်ဖြေသည်။

ယန်ယဲ့က ဆားစာလိပ်ကို တစ်ချက်ကြည့်လိုက်ပြီးနောက်

အဆုံးမဲ့တောင်တန်းထဲသို့ ပျံသန်းရန်
ပြင်လိုက်သည်။ သို့ရာတွင် ဓားစာလိပ်
က ရုတ်တရက် တားကာ
“လမ်းလျှောက်သွားပါ။ ယနင့်အတွက်
အကျိုးရှိလိမ့်မယ်"

ယန်ယဲ့က ခဏမျှ တုံ့ဆိုင်းသွားပြီးနောက်
ဖြည်းညှင်းစွာ လျှောက်သွားလိုက်သည်။

ယန်ယဲ့၏ပုံရိပ် တောင်တန်းထဲသို့

ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

“သူ့အထဲမှာ

အန္တရာယ်တစ်ခုခုရှိနေတယ်” ဟု

ရုတ်တရက် ပြောလိုက်သည်။

"မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်..."

ဓားစာလိပ်က "အဲဒါဖြစ်သင့်တယ်"

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက ဓားစာလိပ်ကို စိုက်ကြည့်ရင်း "သူက ကောင်းကင်ဓားသခင် ထက် ထိန်းချုပ်ရ ပိုခက်တယ်"

ဓားစာလိပ်က သူမ၏ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "သူ့ထက် ဘယ်သူမှ ပိုသင့်တော်မှာ မဟုတ်ဘူး။ ပိုကောင်းတဲ့သူတစ်ယောက်ရှိရင်တောင် စောင့်ဖို့အချိန်မရှိတော့ဘူး"

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက ခေါင်းကို အနည်းငယ်ခါယမ်းကာ "ဘာလို့ ခွင့်မပြုတာလဲ"

ဓားစာလိပ်က  "ငါ့ခန္ဓာကိုယ် ပျက်စီးသွားပြီ၊ ပြီးတော့ ပြည်နှင်ဒဏ်ခံရတယ်။ ဒီလိုဖြစ်သွားရင် လွှတ်ထားနိုင်ပါ့မလား"

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက
ခေါင်းခါယမ်းကာ "လွန်ခဲ့တဲ့နှစ်တွေမှာ
နင်ငါ့ကို ကူညီခဲ့တာဆိုတော့
နည်းနည်းထပ်ပြောပါရစေ။ သူက
ကောင်းကင်ဓားသခင် ထက်ပိုပြီးတော့
ရက်စက်ကြမ်းကြုတ်သူနော်။
အရေးအကြီးဆုံးကတော့ သူ့မှာ
များပြားလှတဲ့ နတ်ရတနာတွေကို
ပိုင်ဆိုင်ထားတယ်၊ ပြောရရင် သူက

ကြီးမားတဲ့ကံတရားတွေရှိတယ်။

နင်မအောင်မြင်ရင် သူက…”

"ငါ့မှာ တခြားရွေးချယ်စရာမရှိတော့ဘူး"

ဓားစာလိပ်က ဆက်ပြောသည်

"ငါအောင်မြင်တာပဲဖြစ်ဖြစ်

သေသွားရင်တောင်မှ

ကြိုးစားရလိမ့်မယ်"

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက ခေါင်းညိတ်ပြပြီး “ပုဆိန်ကို သတိထားပါ”

ထိုစကားပြောပြီး လှည့်ထွက်သွားခဲ့သည်။

ဓားစာလိပ် ကတော့ ထိုနေရာတွင် တိတ်ဆိတ်ကာကျန်နေခဲ့သည်။

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့ဓားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၅၈ - ဘူးသီးနက်

ယန်ယဲ့ သည် တောင်တန်းထဲသို့

ဝင်ရောက်သည်နှင့် တပြိုင်နက်

မရေမတွက်နိုင်သော

ဓားအမျိုးအစားများကို တွေ့ရလေသည်။

အနီးအနားတွင်သာမကဘဲ

သူ့ခြေထောက်အောက်မှာပင်

စုပုံနေခဲ့သည်။

ဒီနေရာက တော်တော်ထူးဆန်းတယ်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်တစ်ချက်

စစ်ဆေးကြည့်လိုက်၏။ သူသည်

ဓားအပျက်အစီးနယ်မြေအကြောင်းကို

တော်တော်လေး သိချင်နေမိသည်။

ဤအချိန်တွင် ခြေလှမ်းလှမ်းလိုက်တိုင်း

သူ့ပတ်ပတ်လည်ရှိ ဓားစိတ်ဆန္ဒသည်

ပိုမိုအားကောင်းလာသည်။

တစ်ချိန်တည်းမှာပင် ပြင်းထန်သော

ဖိအားများကို ခံစားလာရသည်။

အချိန် ၂ နာရီခန့်ကြာပြီးနောက်

ခြေလှမ်းတိုင်းသည် ယန်ယွဲ့အတွက်

ရှေ့ဆက်ရခက်ခဲလာလေသည်။

သူ့ပတ်ဝန်းကျင်ရှိဓားစိတ်ဆန္ဒသည်

ပါးလွှလာသော်လည်း

အလွန်ကြောက်စရာကောင်းလှသည်။

၎င်းသည် ယခင်ထက်ပင်

အဆပေါင်းများစွာ

သန်မာလာသယောင်ထင်ရသည်။

အားလုံးက ဖန်ဆင်းရှင်အဆင့်

ဓားစိတ်ဆန္ဒများပင်ဖြစ်သည်။

ရှေ့ဆက်တိုးလာသည်နှင့်အမျှ ယန်ယွဲ့

သည် ကြောက်မက်ဖွယ်ဖိအားကို

အသည်းအသန် ခုခံနေရလေသည်။

နောက်ထပ် ၁ နာရီခန့်အကြာ...

ဤအခိုက်အတန့်တွင်

သူလျှောက်နေသော ခြေလှမ်းတိုင်းက

နောက်ထပ်ခြေတစ်လှမ်းရှေ့ဖို့ပင်

ခက်ခဲနေပါသည်။

ပြင်းထန်သောဓားကြိုးတစ်ချောင်းက

သူ့အပေါ်ကို အဆက်မပြတ်

ဖိနှိပ်နေခဲ့သည်။

မူလတာအိုအဆင့် ဓားစိတ်ဆန္ဒ ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်

မူလတာအိုအဆင့် နှင့် ဖန်ဆင်းရှင်အဆင့်

ဓားစိတ်ဆန္ဒ ကြားက

ကွာဟချက်ကိုရှင်းရှင်းလင်းလင်း

သိလိုက်ပါသည်။

သို့သော် ယန်ယဲ့ သည် လက်မလျှော့ဘဲ

ရှေ့ကိုဆက်လျှောက်နေခဲ့သည်။

နောက်ဆုံးတော့

သူလှမ်းတဲ့ခြေလှမ်းတိုင်းက

မြေပြင်ပေါ်မှာ အက်ကြောင်းများပင်

ထလာပါတော့သည်။ ထို့အပြင်

သူ့တစ်ကိုယ်လုံး

သွေးများ စီးကျနေခဲ့သည်။

ထိုကဲ့သို့ပင်

လေးနာရီခန့်ကြာသွားခဲ့ပြီဖြစ်သည်။

ဤအတောအတွင်း ယန်ယွဲ့ သည် ရှေ့သို့

ခြေလှမ်း ၁၀ လှမ်းမျှသာ
လှမ်းနိုင်ခဲ့သည်။

"လုံလောက်ပြီ" အသံတစ်သံ ရုတ်တရက်
ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ရှေ့ရှိ
ဓားစိတ်ဆန္ဒ သည် သဲလွန်စမရှိဘဲ
ပျောက်ကွယ်သွားခဲ့သည်။

ဆားစာလိပ်က ယန်ယဲ့ရှေ့တွင် ပေါ်လာသည်။ သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း "နင် ခံစားမိလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဆားစာလိပ်က ခေါင်းခါလိုက်ပြီး "နင် အဲဒါကို လုံး၀ မခံစားဖူးပေမယ့် နင့်မှာ အချိန်မရှိဘူး။ ရှီယွမ်ကလန် ကနေ အသက်ရှင်လျက်ပြန်ထွက်လာနိုင်ရင်

ဒီမှာ ဆက်ပြီးကျင့်ကြံလို့ရပါတယ်။

ဒီနေရာ

ထာဝရတယ်စပ်မှာကျန်နေသေးတဲ့

လျှို့ဝှက်နယ်မြေတွေထဲကတစ်ခုပဲ"

ယန်ယဲ့ က ရုတ်တရက်

အသက်ပြင်းပြင်းရှူလိုက်ရာ

သူ့မျက်နှာက

မူလခရမ်းရောင်စွမ်းအင်၏အကူအညီဖြ

င့် ပုံမှန်ပြန်ဖြစ်သွားသည်။

ဓားစာလိပ်က ရုတ်တရက်

“မြင့်မြတ်စွမ်းအင်က

မျှော်လင့်ထားတဲ့အတိုင်း…

မူလခရမ်းရောင်စွမ်းအင်ပဲ…”

ထို့နောက် အဝေးကို ညွှန်ပြပြီး “ဒါကို

တွေ့လား”

ယန်ယဲ့က လှမ်းကြည့်လိုက်သောအခါ
သစ်ပင်တစ်ပင်ကို တွေ့လိုက်သည်။
သစ်ပင်ပေါ်တွင် ဘူးသီးနက်တစ်လုံး၊
အနက်ရောင် ဘူးသီးတစ်လုံးရှိနေ၏။

ယန်ယဲ့က အံ့သြသွားပြီး "ဒါကဘာလဲ"

ခားစာလိပ်က လေးနက်စွာပြောခဲ့သည် "
ဘူးသီး ခား။ ထာဝရနယ်စပ် မှာ
နောက်ထပ် မရှိနိုင်တော့တဲ့ နတ်ခား။

သွား….၊ ဆွဲနှုတ်လိုက်။

နင့်အပိုင်ဖြစ်လိမ့်မယ်”

ဘူးသီး ဓား။

ယန်ယွဲ့ သည် ဘူးသီးနက်ကို

သေသေချာချာ စိုက်ကြည့်နေသည်။

သို့သော်လည်း ၎င်းနှင့်ပတ်သက်၍

ဘာထူးခြားတာကိုမှ သတိမထားမိပေ။

သူက ခဏတုံ့ဆိုင်းသွားပြီး သစ်ပင်
ဆီသို့ပြေးသွားလိုက်သည်။

သို့သော် မီတာ ၃၀၀ အကွာကိုပင်
မရောက်သေးဘဲ ပြင်းထန်သော
ဓားလှိုင်းတစ်ခုရိုက်ခတ်လာသည်။

ဘမ်း...

ယန်ယဲ့၏ပုံရိပ်က အဝေးကို

လွင့်ထွက်သွားသည်။

ဝုန်း…

အဆုံးတွင် သူသည် မြေကြီးပေါ်ကို

ပြုတ်ကျသွားသည်။ မြေပြင်တစ်ခုလုံး

ပြင်းထန်စွာ လှုပ်ခတ်သွားခဲ့သည်။

သူ့တစ်ကိုယ်လုံး
တစ်စစီကြေမွသွားသလို ခံစားရသည်။

ယန်ယဲ့သည် သူ့ပါးစပ်ထောင့်က
သွေးများကို သုတ်လိုက်ပြီး ဓားဘူးသီးကို
မော့ကြည့်လိုက်သည်။
ခဏလောက်တုံ့ဆိုင်းနေပြီးမှ
နောက်တစ်ကြိမ် ပြေးသွားလိုက်သည်။
သို့သော် အနားကိုပင်မရောက်နိုင်ဘဲ

နောက်ထပ် ဓားစွမ်းအင်လှိုင်းတစ်ခုက

သူ့အပေါ်သို့ ကျရောက်လာသည်။

ယန်ယဲ့၏မျက်လုံးထဲမှ ရက်စက်သော

အလင်းတန်းများ တောက်ပလာပြီး

ဓားနယ်မြေကို အသက်သွင်းလိုက်သည်။

ဓားနယ်မြေ ပေါ်လာသည်နှင့်တပြိုင်နက်

မူလတာအိုအဆင့် ဓားစိတ်ဆန္ဒ ကို

ချက်ချင်း ဖိနှိပ်ပစ်လိုက်သည်။

သို့သော်လည်း ဓားစိတ်ဆန္ဒ သည်

ရုတ်တရက်

ပေါက်ကွဲထွက်လာသောကြောင့်

ယန်ယွဲ့၏အမူအရာက ပြင်းထန်စွာ

ပြောင်းလဲသွားသည်။

သူ၏မျက်လုံးများက ပြူးကျယ်လာကာ

"သောက်ကျိုးနည်း၊ ဒါက

မူလတာအိုအဆင့် ဓားစိတ်ဆန္ဒ

မဟုတ်ဘူးဟ"

ဘမ်း....

ယန်ယဲ့ သည် တုံ့ပြန်နိုင်စွမ်းမရှိဘဲ

နောက်တစ်ကြိမ်

လွင့်ထွက်သွားရပြန်သည်။

ဤတစ်ကြိမ်မှာ ယခင်ထက်ပိုပြီး

အခြေအနေဆိုးသွားသည်။

သူ့တစ်ကိုယ်လုံး အက်ကွဲသွားပြီး

သွေးများ တလဟော စီးကျလာသည်။

ခါးစာလိပ်က သူမ၏ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်ပြီး "နင် မလိုလားသေးဘူးလား"

ခါးဘူးသီးက မူလတာအိုအဆင့်ထက် ကျော်လွန်သော ခါးစိတ်ဆန္ဒကို ထုတ်လွှတ်ထားသောကြောင့် ၎င်း၏သဘောထားကို ပြသလိုက်ရုံပင်။

ယန်ယဲ့ သည် မြေပြင်မှ

တွားသွားထလာသော်လည်း

ချက်ချင်းပင် ပြန်လဲကျသွားပြန်သည်။

ဤအခိုက်အတန့်တွင် သူ့တစ်ကိုယ်လုံး

သွေးများဖြင့် ဖုံးလွှမ်းနေခဲ့သည်။

အကယ်၍သာ သူ့ခန္ဓာကိုယ်ထဲရှိ

မူလခရမ်းရောင်စွမ်းအင် ကြောင့်သာ

မဟုတ်ပါက သေနေလောက်ပြီ

ဖြစ်သည်။

ဓားဘူးသီးက လုံးဝတုံ့ပြန်မှုမပြပေ။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့

သည်

မူလခရမ်းရောင်စွမ်းအင်၏အကူအညီဖြ

င့် တဖြည်းဖြည်း

ပြန်လည်ကောင်းမွန်လာခဲ့သည်။ သူက

ဓားဘူးသီးကို မော့ကြည့်ကာ

ခေါင်းခါကာ “ငါ မလုပ်နိုင်ဘူး”

သူသည် ဓားနယ်မြေကိုပင်
ထုတ်သုံးထားသော်လည်း
မအောင်မြင်ခဲ့ပါ။ သူ့တွင်
အခြားရွေးစရာ မရှိတော့ပေ။

သူ၏ ဓားနယ်မြေပင်လျှင် ၎င်းကို
ဘာမှမလုပ်နိုင်ပေ။ ဓားဘုရားသီးက
မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် နှင့်
အဆင့်တူနတ်ရတနာဖြစ်နိုင်ပါသည်။

အဆင့်တူ မဟုတ်ရင်တောင်

လုံးဝမနိမ့်ကျပေ။

ဤကဲ့သို့ နတ်ရတနာက

သူ၏လက်ရှိခွန်အားထက်

ကျော်လွန်နေသည်မှာ သိသာပါသည်။

ဓားစာလိပ်က

သူမ၏မျက်လုံးများကိုဖွင့်၍

ဘူးသီးနက်ကို စူးစိုက်ကြည့်ကာ

တိတ်ဆိတ်နေ၏။

အချိန်တော်တော်ကြာအောင်

စိုက်ကြည့်ရင်း ခေါင်းယမ်းကာ

"သွားရအောင်..."

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး ဓားစာလိပ်

နှင့်အတူ ထွက်ခွာသွားခဲ့သည်။

သူ့အမြင်အရတော့ ဘူးသီးနက်ကို

ရယူနိုင်ပါက အဆင်ပြေပါသည်။

သို့သော် မရနိုင်ရင်တောင်

ဘာပြဿနာမှမရှိပေ။ ၎င်းက သူ့အတွက် အရမ်းကြီးအရေးမပါ။

ဤအချိန်တွင် ယန်ယဲ့၏ရင်ဘတ်ထဲမှ ခေါင်းသေးသေးလေးတစ်လုံး ပေါ်လာသည်။

ယန်ယဲ့က သူ့ရင်ဘတ်ကို ငုံ့ကြည့်ကာ နှင်းပွင့်၏ခေါင်းကို ပွတ်သပ်လိုက်သည်။ နှင်းပွင့်က အိပ်ရာမှ နိုးလာသည့်အလား

ငိုက်မျဉ်းနေသော မျက်လုံးများကို ပွတ်သပ်ပြီး သမ်းဝေလာပြန်သည်။ ယန်ယွဲ့ကိုမြင်သောအခါ သူမက ချစ်စဖွယ်ပြုံးလိုက်သည်။ ထို့နောက် ယန်ယွဲ့၏ လည်ပင်းကို ပွေ့ဖက်ကာ ခေါင်းကို ပွတ်သပ်ပေးလိုက်သည်။

ယန်ယွဲ့က ပြုံးပြီး "သွားရအောင်"

နှင်းပွင့်က ခေါင်းညိတ်လိုက်ပြီး

သူ့ပုခုံးပေါ်ကို ခုန်တက်လိုက်သည်။

ထို့နောက် သရက်ပင်ကို ကြည့်လိုက်သည်

နှင့် မျက်လုံးသေးသေးလေးများက

ချက်ချင်းတောက်ပလာသည်။

ခဏကြာတော့ ယန်ယဲ့၏ပခုံးပေါ်ကနေ

ပျောက်သွားသည်။

ယန်ယဲ့ သည်

အရင်ဆုံးအံ့အားသင့်နေပြီးမှ

သူ၏အမူအရာသည်

သိသိသာသာပြောင်းလဲသွားသည်။

နှင်းပွင့်ကိုလှမ်းတားပြီး

တစ်ခုခုလုပ်ရန်ပြင်လိုက်စဉ် သူရှေ့က

မြင်ကွင်းကြောင့်

ဘာပြောရမှန်းပင်မသိတော့ပေ။

အကြောင်းမှာ နှင်းပွင့်က ဓားဘူးသီးကို

အသာအယာဆွဲနှုတ်နေလို့ပါ။

ဓားစာလိပ်၏ မျက်လုံးများပင်

မယုံကြည်နိုင်စရာများဖြင့်

ပြည့်နှက်နေသည် "မဖြစ်နိုင်ဘူး..."

ယန်ယဲ့သည်

ခါးသက်သက်ရယ်မောလိုက်ပြီး

"ဒီလောကရဲ့နတ်ရတနာတွေက

နှင်းပွင့်လေးအတွက် အသုံးမဝင်သလို

ငါကိုယ်တိုင်က သူမနဲ့နှိုင်းယှဥ်ရင်

သိပ်အသုံးမကျဘူး "

Translated By NyiNyiSoe

May Be:

.အဆုံးမဲ့စားကမ္ဘာ

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၆၅၉ - စားတာအိုအုပ်ထိန်းသူ

နှင်းပွင့်က ဘူးသီးနက်ကို

သူမ၏လက်သည်းများကြား၌

ဆုပ်ကိုင်ထားလေသည်။ ထို့အပြင်

သူမ၏မျက်လုံးသေးသေးလေးများက
စူးစမ်းချင်စိတ်များ အပြည့်ဖြင့်
ဓားဘူးသီးကို တီးခေါက်လိုက်သည်။

နှင်းပွင့်က နတ်ရတနာအားလုံးကို
သိရှိနိုင်သောကြောင့် ၎င်းဟာ
နတ်ရတနာတစ်ခုမှန်း သိသွားပုံပါ။
မဟုတ်ပါက အရာတော်တော်များများကို
တစ်ချက်တောင် လှည့်မကြည့်ပေ။
ဤအချိန်တွင် သူမလေးက ဓားဘူးသီးကို

လေ့လာရန် ကြိုးစားနေပုံရသည်။
ဇင်းနှင့်ပတ်သက်သည့်
ဘာပျော်စရာကောင်းမလဲ
လှည့်ပတ်ကြည့်နေတာပါ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့က
သိပ်ပြီးမအံ့သြမိပေ။

သူသည် လောကရှိ
နတ်ရတနာအများအပြားကို

မြင်တွေ့ခဲ့ရသည်။

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန်အပါအဝင်

မည်သည့်နတ်ရတနာမှ နှင်းပွင့်ကို

မငြင်းပယ်ခဲ့ပေ။

ဓားစာလိပ် ကတော့ တုန်လှုပ်နေဆဲ။

ထာဝရနယ်စပ်ရှိ ဓားဘူးသီးဟာ

ဘယ်လောက်ထူးခြားကြောင်း

သူမထက်ဘယ်သူမှ

ပိုသိနိုင်မှာမဟုတ်ပေ။

ကောင်းကင်စားသခင် လို

အထွတ်အမြတ်ပညာရှင် တစ်ဦးတောင်မှ

စားဘူးသီးကို မထိန်းချုပ်နိုင်ခဲ့ဟု

ပြောရပါမည်။

ယန်ယဲ့သည် စားနယ်မြေ

ပိုင်ဆိုင်ထားသောကြောင့် ဤနေရာကို

ခေါ်ဆောင်လာခြင်းသာ။ သူ့တွင်

အခွင့်အရေးအနည်းငယ်ရှိသင့်သည်ဟု

ထင်ခဲ့သည်။

လက်တွေ့တွင် ယန်ယဲ့လည်း

ကျရှုံးလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

သို့သော်လည်း နှင်းပွင့်လေးက

ဓားဘူးသီးကို ခဏခဏခေါက်ပြီး

ဆော့ကစားနေလေသည်။

ခဏအကြာတွင် နှင်းပွင့်က ဓားဘူးသီးကို

စိုက်ကြည့်ကာ မျက်တောင်ခတ်ပြီး

ယန်ယဲ့ထံ ပြေးသွားသည်။ ထို့နောက်

ဓားဘူးသီးကိုမြှောက်ပြီး

ယန်ယဲ့အားညွှန်ပြလေသည်။

ယန်ယဲ့က "ငါ့အတွက်လား..."

နှင်းပွင့်က

ခေါင်းသေးသေးလေးကိုညိတ်ပြသည်။

သူမက ဘူးသီးနက်ကို တစ်ချက်ပုတ်ကာ

နှုတ်ခမ်းဆူလိုက်သည်။ ဆိုလိုသည်မှာ

ဘူးသီးဓားက

သူမအတွက်လုံးဝပျော်စရာမကောင်းဟု
ပြောနေတာပါ။

ကစားရတာ မပျော်ဘူးဆိုပါက လောကရှိ
အမြင့်မြတ်ဆုံး
နတ်ရတနာဖြစ်နေလျှင်ပင်
နှင်းပွင့်အတွက် အသုံးမဝင်ပါ။

ယန်ယွဲ့သည် ခဏတုံ့ဆိုင်းသွားသည်။ သူ
ယူဖို့ပြင်လိုက်သော်လည်း ဘူးသီးဓားက

တုန်လှုပ်သွားပြီး ဓားစွမ်းအင်လှိုင်းတစ်ခု ရိုက်ခတ်လာသည်။

ယန်ယဲ့ သည်
ချက်ချင်းမျက်မှောင်ကြုတ်လိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်ပြီး ဘူးသီးနက်ကို ငုံ့ကြည့်ကာ စပြီး ခေါက်လိုက်သည်။ သို့သော်လည်း မလုံလောက်ဟု ထင်နေသလိုပဲ

အဆက်မပြတ်

တီးခေါက်လိုက်ပါတော့သည်။

ဓားစာလိပ်က ဤမြင်ကွင်းကြောင့်

ဘာပြောရမှန်းမသိတော့ပေ။

ခဏအကြာတွင် နှင်းပွင့်လေးက

ယန်ယဲ့ကို

ကြည့်ကာ

သူ့လက်ကိုဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့က သူမ၏ဆိုလိုရင်းကို
ချက်ချင်းနားလည်လိုက်သည်။

နောက်ဆုံးတော့ ဘူးသီးစားက သူ့အား
ဘာကြောင့်
ငြင်းပယ်လိုက်မှန်းနားလည်သွားသည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

အဓိကအားဖြင့် သူ၏
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြောင့်
သူ့အပေါ် ရန်လိုခြင်း ဖြစ်သည်။ သူ၏
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ
ပြင်းထန်လွန်းသည်။ ဓားဘူးသီးက
ဝှင်းကို သဘောမကျလှပေ။

ယန်ယဲ့သည် ခဏတုံ့ဆိုင်းနေပြီးမှ
သူ၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို
ပြန်ရုတ်သိမ်းလိုက်သည်။

ဤအခိုက်အတန့်တွင် သူ့ထံမှ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

မမြင်နိုင်တော့ပေ။ ဤအချိန်တွင်

နှင်းပွင့်က ဘူးသီးဆားကို

ယန်ယွဲ့ရှေ့သို့ကမ်းပေးလိုက်လေသည်။

ဒီတစ်ခါတော့ ဘူးသီးဆားက သူ့ကို

မငြင်းပေ။

သို့သော် ယန်ယဲ့သည်
လေ့လာခြင်းပင်မပြုဘဲ နှင်းပွင့်လေး
ဆီသို့ ပြန်ပေးလိုက်သည်။

နှင်းပွင့်က မျက်တောင်ခတ်လိုက်ပြီး
ခေါင်းခါယမ်းလိုင်သည်။ ဆိုလိုသည်မှာ
လုံး၀ မလိုချင်ကြောင်း
ပြောနေတာဖြစ်သည်။

ဓားစာလိပ်က  သူမ၏မျက်နှာပေါ်တွင်

ထူးဆန်းသောအမှုအရာတစ်ခုရှိနေသည်။

သို့သော် ယန်ယွဲ့၏မျက်နှာက

မည်းမှောင်သွားသည် ။

သူလိုချင်သော်လည်း ဓားဘုးသီးက

ငြင်းဆန်ခဲ့သည်။

ဤအချိန်တွင် ဓားစာလိပ်က ရုတ်တရက် မေးလိုက်သည် "ဘာလို့ သူမလိုချင်တာလဲ"

ယန်ယွဲ့ က ဓားစာလိပ်ကို တစ်ချက်ကြည့်လိုက်ပြီး "သူမအတွက် ပျော်စရာမဟုတ်ဘူးလို့ထင်လို့"

ဓားစာလိပ်က

ပြောစရာစကားမဲ့သွားသလို

ခံစားလိုက်ရသည်။

ယန်ယဲ့ လည်း

တော်တော်လေးရှက်ရွံ့သွားသည်။

ဓားဘူးသီးက ပို၍ပင်ဆိုးနေသေး၏။

တစ်ခါမှ ထိုကဲ့သို့ မဆက်ဆံခံရဖူးပေ။

အခြားသူဆိုပါက ယခုအချိန်မှာ

လှီးဖြတ်ခံနေရပြီဖြစ်သည်။ သို့သော်

ဓားဘူးသီးက နှင်းပွင့်လေးအပေါ်
အနည်းငယ်ပင်ဒေါသဖြစ်ပုံမပေါ်ပေ။

မကောင်းသောရည်ရွယ်ချက်မရှိလို့ပါ။

နှင်းပွင့်သည် ဤလောကတွင်
အဖြူစင်ဆုံးနှင့် အသန့်ရှင်းဆုံး
သက်ရှိများထဲမှ တစ်ကောင်ဖြစ်သည်။
ဤကဲ့သို့သော သဘာဝသက်ရှိများကို
နတ်ရတနာများက နှစ်သက်ကြသည်။

ထို့အတွက်ကြောင့်

မူလဖန်ဆင်းခြင်းရှေးဦးပုဆိန် ကလည်း

နှင်းပွင့်လေးကို မျက်နှာပေးခဲ့တာပါ။

အကြောင်းမှာ သူမလေးက

မကောင်းသောရည်ရွယ်ချက်မရှိဘဲ

ဝိညာဉ်အင်ပါယာဖြစ်နေသောကြောင့်ပင်

။

"စိတ်ဝင်စားစရာပဲ..." ဓားစာလိပ်က

"ဒီမှာ နင့်ကို တစ်ခုခုသင်ပေးပါရစေ"

နှင်းပွင့်က ဓားစာလိပ်ကို စိုက်ကြည့်ရင်း

မျက်တောင်ခတ်လိုက်ပြီး ထပ်ခါထပ်ခါ

ခေါင်းညိတ်လေသည်။

ဓားစာလိပ်က နှင်းပွင့်လေး ထံ

လျှောက်သွားပြီး

တိုးတိုးလေးပြောလိုက်ပါသည်။

ထို့နောက် နှင်းပွင့်က

မျက်တောင်ခတ်ကာသူမကိုစိုက်ကြည့်နေ

သည်။ ခဏအကြာတွင် ဓားဘူးသီးကို လွှတ်ချလိုက်ပြီး

သူမ၏လက်သည်းများကို ပူးကပ်လျက် တစ်စုံတစ်ခုကို ရေရွတ်လိုက်သည်။

အသက်ရှူ ၃

ရှိုက်စာလောက်ကြာပြီးနောက် နှင်းပွင့်က ဘူးသီးနက်ကို ဆတ်ခနဲပုတ်လိုက်သည်။ ဘူးသီးနက် ထဲမှ ဓားစွမ်းအင်တစ်စင်း ထွက်ပေါ်လာပြီး လေထဲသို့

လွင့်မျောလာသည်။

ဘမ်း...

ဤဓားစွမ်းအင် ပေါ်လာသည်နှင့်
တပြိုင်နက် ယန်ယွဲ့နှင့် ဓားစာလိပ်
တို့သည် နောက်သို့ အကြိမ်ကြိမ်
တွန်းပို့လိုက်သည်။ ယန်ယွဲ့သည်
သူ့ကိုယ်သူ လျင်မြန်စွာ
ရပ်တန့်လိုက်သော်လည်း ဓားစာလိပ် ဟာ

အတော်ဝေးဝေးထိ

ဆုတ်ခွာလိုက်ရသည်။

ယန်ယဲ့က

ဓားစာလိပ်လှည့်ကြည့်ပြီးနောက်

အဝေးကို လှမ်းကြည့်လိုက်သည်။

နှင်းပွင့်၏ပတ်ပတ်လည်တွင်

ဓားစွမ်းအင်တစ်စင်း အဆက်မပြတ်

လှည့်ပတ်နေပြီး ဓားအူသံများ

ထွက်ပေါ်လာသည်။

နှင်းပွင့်က ဓားစွမ်းအင်ကို မော့ကြည့်ကာ မျက်တောင်ခတ်ပြီး တစ်ဖက်သို့ ညွှန်ပြသည်။

ဓားအူသံတစ်သံ ထွက်ပေါ်လာပြီးနောက် ဓားစွမ်းအင်တစ်စင်းက ကောင်းကင်ယံသို့ပစ်လွှတ်လိုက်သည်။

ဆူး...

ဆုတ်ပြဲသံ နှင့်အတူ
ကောင်းကင်ပြင်သည်
ရောမအပေါက်ကြီးတစ်ခု
ပွင့်ထွက်သွားသည်။

ဤတိုက်ခိုက်မှုကို မြင်သောအခါ
ယန်ယဲ့၏မျက်နှာက
လေးနက်တည်ကြည်လာသည်။
ထိုသာမန်ပုံစံဓားစွမ်းအင်က သူကိုယ်တိုင်

ဓားနယ်မြေနှင့်ပေါင်းစပ်မှသာ
နိုင်းယှဉ်နိုင်သောအရာဖြစ်သည်။

အရမ်းကြောက်စရာကောင်းတယ် ။

ယန်ယွဲ့ သည်
နှင်းပွင့်၏လက်ထဲတွင်ရှိသော
ဓားဘူးသီးကို စူးစိုက်ကြည့်သည်။
သူ့မျက်နှာပေါ်တွင်လည်း မကြုံစဖူး
လေးနက်သောအမူအရာရှိနေသည်။

ဤအချိန်တွင်

နှင်းပွင့်၏မျက်လုံးလေးများ

တောက်ပလာသည်။

သူမ၏လက်သည်းများကို

အဆက်မပြတ်ဝှေ့ယမ်းလိုက်လေသည်။

ထိုသို့လုပ်လိုက်သည်နှင့်

ကောင်းကင်ယံမှဓားစွမ်းအင်သည်

လေထဲတွင် အဆက်မပြတ်

တုန်ခါနေသည်။ ထိုခဏလေးမှာပဲ

ကောင်းကင်ယံ၌

အနက်ရောင်အက်ကြောင်း

အများအပြားပေါ်လာသည်။

ဓားအပျက်အစီးနယ်မြေ၏

အထက်ကောင်းကင်ပြင်သည်

ဧရာမပိုက်ကွန်ကြီး ဖုံးအုပ်ထားသလိုပင်။

ဓားစာလိပ်က

တိုးတိုးလေးပြောလိုက်သည်

"ထိတ်လန့်သွားပြီလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ဓားစာလိပ်က  "ဒါက

အခုနင်မြင်တာထက် ပိုပြီးတော့တောင်

ပြင်းထန်တယ်" ဟု လစ်လျူရှုကာ

ပြောခဲ့သည်။

ယန်ယဲ့က ဓားစာလိပ်ကို

စိုက်ကြည့်နေသည်။ ဒီအချိန်မှာ သူမက

တိုးတိုးလေးပြောခဲ့သည် "သူမကို
ရပ်ခိုင်းလိုက်ပါ"

ယန်ယဲ့က ခပ်လှမ်းလှမ်းရှိ
နှင်းပွင့်လေးကို
စိုက်ကြည့်ပြီး လက်ပြလိုက်သည်။
နှင်းပွင့်က ချစ်စဖွယ်ပြုံးပြီး
ဘူးသီးနက်ကို သူမ၏လက်သည်းဖြင့်
ရိုက်လိုက်သည်။ ကောင်းကင်ယံရှိ

ဓားစွမ်းအင်က ဓားဘူးသီးထဲကို

ချက်ချင်းပြန်ဝင်သွားသည်။

ဓားဘူးသီးကလည်း နှင်းပွင့်၏

လက်ထဲကိုပြန်ကျလာသည်။ ထို့နောက်

နှင်းပွင့်လေးက

ယန်ယဲ့ဆီကို ပျံသန်းလာခဲ့သည်။

ဒီအချိန်မှာ

သူမ၏မျက်နှာသေးသေးလေးက

စိတ်လှုပ်ရှားမှုအပြည့်ပါ။

ယန်ယဲ့က သူမ၏ခေါင်းကို ပွတ်သပ်ပြီး

“သွားရအောင်” ဟု ပြောလိုက်သည်။

နှင်းပွင့်လေးက ခေါင်းညိတ်ပြပြီး

ယန်ယဲ့၏ပခုံးပေါ်ကို ခုန်တက်သွားသည်။

ဒီအချိန်မှာ ဘူးသီးနက်က

သူမ၏ခါးလေးထက်

တွဲလောင်းကျနေခဲ့သည်။ သူ့အလိုလို

ချိတ်ဆွဲထားတာပါ။

ယန်ယဲ့က ခေါင်းယမ်းလိုက်ပြီး

ဓားစာလိပ်ကို လှည့်ကြည့်ကာ “ငါတို့

ထွက်သွားကြတော့မလား”

ဓားစာလိပ်က နှင်းပွင့်ကို ငုံ့ကြည့်ကာ

“သွားဖို့အချိန်ရောက်ပြီ” ဟု

ခေါင်းညိတ်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူ့ခြေထောက်အောက်မှာ

ဓားစွမ်းအင်တစ်စင်း ပေါ်လာသည်။

သို့သော် သူ့ညာဘက်ကို

ရုတ်တရက်လှမ်းကြည့်လိုက်ပြီး

မျက်မှောင်ကြုတ်လိုက်သည်။

ထိုနေရာတွင် တစ်စုံတစ်ခု ရှိနေခဲ့သည်။

သို့ရာတွင် သွားမကြည့်လိုက်ဘဲ

ညာခြေကိုတစ်ချက်ပုတ်ကာ

ကောင်းကင်ထက်သို့ခုန်တက်ပြီးပျောက်

ကွယ်သွားခဲ့သည်။

ဤအချိန်တွင် ဓားစာလိပ်က

ထွက်မသွားသေးဘဲ ညာဖက်သို့

တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုနေရာမှာ

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးတစ်ဦး

ပေါ်လာသည်။

ပိတ်ချောဝတ်စုံဝတ် အမျိုးသမီးက “သူ သတိထားမိလား” ဟု မေးလိုက်သည်။

ဓားစာလိပ် က “ဒါက အံ့သြစရာတော့ မဟုတ်ဘူး။ သူ့မှာ ဓားနယ်မြေရှိနေတော့ နားလည်နိုင်စွမ်းရှိတာက ပုံမှန်ပါပဲ”

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက စကားထပ်မပြောသေးဘဲ ငြိမ်သွားသည်။

ဆားစာလိပ်က  "နင် ဒီဓားကြီးကို ဘယ်လောက်ကြာကြာ ဆက်ပြီး ကာကွယ်မှာလဲ"

အမျိုးသမီးက မျက်မှောင်ကြုတ်ကာ “ငါ အကြွေးတင်နေတယ်”

ဆားစာလိပ်က သက်ပြင်းတစ်ချက်ချကာ ကောင်းကင်ထက်သို့ ပျောက်ကွယ်သွားသည်။

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီးက

သူမ၏ဓားကြီးကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ

မြေပြင်ပေါ်သို့ ထိုးစိုက်လိုက်သည်။

ထို့နောက် တင်ပျဉ်ခွေထိုင်ချကာ

မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

ထိုခဏလေးမှာပဲ

ဓားအပျက်အစီးနယ်မြေတစ်လျှောက်ရှိ

မရေမတွက်နိုင်သော ဓားကြိုးများသည်

လေထဲသို့စုလာကာ

သူမ၏ခန္ဓာကိုယ်ထဲသို့

ဝင်ရောက်သွားခဲ့သည်။ သို့သော်

ခဏအကြာတွင်

ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး၏

ခန္ဓာကိုယ်ထဲမှ ပြန်စိမ့်ထွက်လာပြီး

ဓားအပျက်အစီးနယ်မြေ၏

ထောင့်တိုင်းသို့ ပြန့်ကျဲသွားသည်။

ထိုကဲ့သို့ပင် ဤဖြစ်စဉ်သည်
သံသရာစက်ဝန်းကဲ့သို့ ထပ်ခါတလဲလဲ

ဖြစ်နေခဲ့သည်။

ယန်ယဲ့သာ ဆက်ရှိနေသေးပါက
ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး ထံမှ
ပြန်ထွက်လာသော စားကြိုးများဟာ
ပြောင်းလဲသွားတာကို အံ့အားသင့်စွာ
သတိပြုမိပါလိမ့်မည်။

ဓားကြိုးများက

ယခင်ထက်ပိုပြီးပြင်းထန်လာခဲ့သည်။

...

ကောင်းကင်အဝေးတစ်နေရာတွင် ။

ယန်ယဲ့က သူ့နံဘေးရှိ ဓားစာလိပ်ကို စိုက်ကြည့်ရင်း "သူမက ဘယ်သူလဲ" ဟုမေးခဲ့သည်။

သူက ယခုလေးတင် တွေ့ဆုံခဲ့သော ပိတ်ချောဝတ်စုံဝတ်အမျိုးသမီး အကြောင်း မေးနေတာပါ။

ဓားစာလိပ် က “ဒီမျိုးဆက်ရဲ့
ဓားတာအိုအုပ်ထိန်းသူ” ဟု
ပြန်ဖြေသည်။

ယန်ယဲ့က "ဓားတာအိုအုပ်ထိန်းသူ လား"

ဓားစာလိပ်က ပြန်မဖြေပါ

ယန်ယဲ့က “သူမက တကယ်ကို

သန်မာတယ်” ဟူ၍ ခေါင်းစဉ်ကို

ပြောင်းလိုက်သည်။

ဓားစာလိပ် က “ဖရိုဖရဲဓားခန္ဓာကိုယ်။

သူမက

ဓားကျင့်ကြံသူတစ်ယောက်ဖြစ်လာဖို့အ

တွက်ပဲမွေးဖွားလာတာ။ ဒီတော့

ဘယ်လိုဖြစ်ပြီး မသန်မာဘဲနေမှာတုန်း"

"ဖရိုဖရဲစားခန္ဓာကိုယ်လား..." ယန်ယဲ့က အံ့သြသွားပြီး
"ထူးခြားတဲ့ခန္ဓာကိုယ်တစ်ခုလား"

စားစာလိပ် က ခေါင်းညိတ်လိုက်သည်။

"ဒါဆို ငါက ဘယ်လိုခန္ဓာကိုယ်မျိုး ပိုင်ဆိုင်မှာလဲ" ယန်ယဲ့က "ငါ့မှာ ထူးခြားတဲ့ခန္ဓာကိုယ်တစ်ခုရှိတယ်လို့ အမြဲခံစားမိတယ်"

ဓားစာလိပ် က ယန်ယဲ့ကို တစ်ကိုယ်လုံး

သိမ်းကြုံးကြည့်ပြီး "အရှက်မရှိတဲ့

ခန္ဓာကိုယ်..." ဟုပြောပါသည်။

သောက်ကျိုးနည်း...

ယန်ယဲ့၏မျက်နှာက

မည်းမှောင်သွားသည်။

ဤအချိန်တွင် နှင်းပွင့်က သူ့ကိုယ်သူ

ထောက်ပြသည်။ သေချာသည်မှာ

သူမ၏ခန္ဓာကိုယ်လေးအကြောင်း

မေးနေခြင်းဖြစ်သည်။

ဓားစာလိပ် က နှင်းပွင့်လေးကို

ငုံ့ကြည့်ကာ

"မယုံကြည်နိုင်စရာကောင်းတဲ့ ချစ်စရာ

ခန္ဓာကိုယ်တစ်ခုပဲ"

ယန်ယဲ့က

စကားမပြောနိုင်တော့သလိုပင်ဖြစ်သွား

သည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ကာ

ယန်ယဲ့ကိုစိုက်ကြည့်ပြီး

လက်သည်းများကိုငေ့ယမ်းလေသည်။

ဆိုလိုသည်မှာ သူမ၏ခန္ဓာကိုယ်က

ကြောက်စရာကောင်းသလားဟုမေးနေ

တာပါ။

ယန်ယဲ့က ခေါင်းညိတ်ပြီး

လေးလေးနက်နက် ပြန်ဖြေသည် "ဒါဟာ

အရမ်းကြောက်စရာကောင်းတယ်၊

အရမ်းအရမ်းကိုကြောက်စရာကောင်းတ

ယ်။ မင်းထက်

ပိုသန်မာတဲ့ခန္ဓာကိုယ်မရှိဘူး"

နှင်းပွင့်၏မျက်လုံးသေးသေးလေးများ

တောက်ပလျက်

ဂုဏ်ယူဝင့်ကြွားမှုများပြည့်နှက်လာသည်

။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့သည် စားအပျက်အစီးနယ်မြေမှ

ပြန်ထွက်လာခဲ့သည်။

ထို့နောက်တွင် သူသည် ရှီယွမ်မျိုးနွယ် သို့

တည့်တည့်သွားခဲ့သည်။

၂ နာရီခန့်အကြာတွင် ယန်ယဲ့သည်
ရုတ်တရက် ရပ်တန့်သွားသည်။
သူ့ရှေ့တွင်
အဖြူရောက်တိမ်တိုက်ကြီးတစ်ခုကာဆီး
ထား၏။ တိမ်တိုက်ပေါ်၌
သက်လတ်ပိုင်းအမျိုးသားတစ်ဦး
ရပ်နေခဲ့သည်။ ထိုလူက လက်ထဲမှာ
ငှက်မွေးယပ်တောင်တစ်ချောင်းကိုင်ထား
ကာ ခေါင်းပေါ်တွင် စတုရန်းပုံစံပုဝါစကို

စည်းနှောင်ထားလေသည်။ သူ့ပုံစံက
စာပေပညာရှင်တစ်ယောက်လို
ထင်ရလေသည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ကို
ခဏကြာစိုက်ကြည့်လိုက်ပြီး
ဓားစာလိပ်ကိုကြည့်ကာ
"ဒါတွေအားလုံးနဲ့ ရောထွေးနေစရာ
မလိုပါဘူး"

သူမက "ငါဝင်ပါလိုက်ပြီ" ဟု

ဂရုမစိုက်ဘဲ ပြန်ဖြေသည်။

သက်လတ်ပိုင်းအမျိုးသား က ခဏကြာ

လေးလေးနက်နက် စဉ်းစားနေခဲ့သည်။

ထို့နောက် ယန်ယွဲ့ကို စိုက်ကြည့်ရင်း

“ငါက ဟန်ယွမ်မျိုးနွယ်ရဲ့ ဟန်ယွမ်စု ပါ။

မင်းဟာ

ထူးခြားတဲ့ညဏ်ကြီးရှင်တစ်ယောက်ပဲ။

တကယ်လို့ မင်းသာ

ညာဏ်ရှိရှိလုပ်မယ်ဆိုရင်

နောင်လာမယ့်နှစ် ၂၀ အတွင်းမှာ

ထာဝရနယ်စပ်တစ်လျှောက်

ပြိုင်ဖက်ကင်းလာလိမ့်မယ်။

အဲဒီအချိန်မှာ မင်းကိုယှဉ်နိုင်တဲ့သူက

လက်တစ်ဆုပ်စာထက်မပိုနိုင်ဘူး"

ယန်ယဲ့က ပြုံးပြီး "ပြဿနာက

အဲဒီအချိန်အထိ ငါ

အသက်ရှင်နိုင်ပါ့မလား"

ဟန်ယွမ်စု က ယန်ယဲ့ ကိုကြည့်ကာ "မင်း

ဒီနတ်ရတနာသုံးပါးကို လွှဲပေးရင်

ငါဘယ်သူ့အတွက်မှ

ကတိမတည်နိုင်ပေမယ့်

ငါ့ကလန်အတွက်တော့ အာမခံနိုင်တယ်။

ငါတို့က မင်းကိုဒုက္ခမရှာဘဲ

ချက်ချင်းထွက်သွားမယ်လို့

ကတိပေးတယ်။ မင်းငြင်းရင် ငါ့ကို

ရိုးရိုးသားသားပြောခွင့်ပြုပါ၊ ဒီနေ့

ဒီနေရာကနေ ထွက်သွားနိုင်မှာ

မဟုတ်ဘူး"

ယန်ယွဲ့က ရယ်မောလိုက်ပြီး

"ရိုးရိုးသားသားပြောခွင့်ပြုပါ၊

မင်းမိန်းမကို ငါသဘောကျသွားပြီ။

မင်းသူ့ကိုငါ့လက်ထဲပေးနိုင်မလား၊

မင်းသဘောတူရင်
ငါချက်ချင်းထွက်သွားမယ်။
ဟန်ယွမ်မျိုးနွယ်ကို ဘယ်တော့မှ
ပြဿနာမရှာဘူး"

ဟန်ယွမ်စု၏ အမူအရာက ချက်ချင်းပင်
မည်းမှောင်သွားသည်။ သူက
"မင်းကြည့်ရတာ ဆက်ပြီး
ခေါင်းမာဖို့ကြိုးစားနေသလိုပဲ။
ဒီလိုဆိုရင်…”

ယန်ယဲ့က ဟန်ယွမ်စု ရှေ့တွင်

ရုတ်တရက်ပေါ်လာပြီး ဓားဖြင့်ခုတ်ချ

လိုက်သည်။

ဘမ်း...

ဟန်ယွမ်စု က ခုခံချိန်ပင်မရလိုက်ပေ၊

၁၀ ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့က ဟန်ယွမ်စုကို အေးစက်စွာ

တစ်ချက်ကြည့်လိုက်ပြီး

"ဓားအပျက်အစီးနယ်မြေထဲမှာ

အရမ်းအစွမ်းထက်တဲ့ နတ်

ရတနာတစ်ခုကို ငါတွေ့လိုက်တယ်။

မင်းတို့အားလုံး ဘာလို့

သွားမယူကြတာလဲ။ ဒါ့အပြင်

ထာဝရမြစ်ထဲမှာ ထာဝရစွမ်းအင်ရှိတယ်၊

ဒါကိုကျ မင်းတို့အားလုံး

ဘာလို့မယူကြတာလဲ။ ထာဝရနယ်စပ်ရဲ့
နံပါတ်တစ်အင်အားစုဖြစ်တဲ့
အင်မော်တယ်အိမ်တော်က
နတ်ရတနာတွေအများကြီးပိုင်ဆိုင်ထား
မှာသေချာပါတယ်။ မင်းတို့
သွားတောင်းကြပါလား။ တကယ်တော့
မင်းတို့အမြင်မှာ

ငါက အားနည်းပြီး
တစ်ယောက်တည်းဖြစ်နေလို့

အနိုင်ကျင့်ဖို့ လွယ်တယ်။ ငါယန်ယဲ့က

တစ်ယောက်တည်းဖြစ်နေရင်တောင်

သေရမှာမကြောက်ဘူးလို့

ကြိုပြောပါရစေ။ မင်းတို့

တိုက်ခိုက်ချင်ရင် အဆုံးထိတိုက်မယ်"

Translated By NyiNyiSoe